# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက် ၂၀၁၉ ခုနှစ်၊ မတ် ၁၁ ရက်၊ တနင်္လာနေ့ အတွဲ (၅၈)၊ အမှတ် (၁၆၂)


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Udon Thani ခရိုင်ရှိ Wat Bodhisomphon ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညို




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ Wat Bodhisomphon ဘုရားကျောင်းအတွင်း နှစ် ၉၀ သက်တမ်းရှိ ဗောဓိညောင်ပင်အား ကြည့်ရှုလေ့လာကြည်ညိုကြစဉ်။**

ဓာတ်ပုံ - တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် မတ် ၁၀**

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ponpipaat Benyasri ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Udon Thani ခရိုင်ရှိ Wat Bodhisomphon ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် Wat Bodhisomphon ဘုရားကျောင်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဓာတ်တော်များအား ဖူးမြော်ကြည်ညိုပြီး ကျောင်းထိုင်ဆရာတော် Sutti Sala May Tee အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ဗုဒ္ဓခြေတော်ရာ ဖူးမြော်**

ယင်းနောက် ဘုရားကျောင်းအတွင်း ရွှေ၊ ကြေးနှင့် သတ္တုဖြင့် ရောစပ်သွန်းလုပ်ထားသည့် နှစ် ၆၀၀ သက်တမ်းရှိ လာအိုနိုင်ငံမှလှူဒါန်းထားသော ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး နှစ် ၁၂၀ သက်တမ်းရှိ ဗုဒ္ဓခြေတော်ရာအား ဖူးမြော်ကာ နှစ် ၉၀ သက်တမ်းရှိ ဗောဓိညောင်ပင်အား ရေသွန်းလောင်းပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

**ဂုဏ်ပြုတပ်ဖွဲ့က ဂုဏ်ပြုအလေးပြု**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်လေတပ် Wing 23 ဌာနချုပ်မှ ဘန်ကောက်မြို့သို့ ထွက်ခွာကြရာ လေတပ်စခန်းဌာနချုပ်တွင် ထိုင်းဘုရင့်လေတပ် ဂုဏ်ပြုတပ်ဖွဲ့က ဂုဏ်ပြုအလေးပြုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ✤

**မြန်မာနိုင်ငံအတွက်သာမက မြန်မာအင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများအတွက်ပါ ပညာလည်းရ ဝမ်းလည်းဝသည့် J & M သံမဏိစက်ရုံသို့ လေ့လာရေးတစ်ခေါက်**

*စာမျက်နှာ » ၉*

**စနေ-တနင်္ဂနွေ စာအုပ်လမ်း စာအုပ်ဆိုင်များတွင် ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသား ခရီးသွားဧည့်သည်များလည်း ဝယ်ယူအားပေး**

*စာမျက်နှာ » ၁၀*


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# အယူအဆ သဘောထားတို့၏ ပြဿနာ

အရှိန်အဟုန်ပြင်းပြင်းဖြင့် ပြောင်းလဲလာသည့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှုက ယနေ့လူမှုအဖွဲ့အစည်း၏ ဆက်ဆံရေးပုံစံကို များစွာ သက်ရောက်ခဲ့သည်။ မယုံကြည်နိုင်လောက်အောင် လျင်မြန်သည့် ဆက်သွယ်ရေးစနစ်နှင့် ကွန်ရက်များကြောင့် လူသားတို့၏ ဆက်ဆံရေးနယ်ပယ်အတွင်း၌ ဩဇာသက်ရောက်မှု၊ ထိရောက်မှုတို့ကလည်း သမားရိုးကျမဟုတ်တော့သည့် ခေတ်သို့ရောက်လာသည်။

လူချင်း မျက်နှာချင်းဆိုင်ဆွေးနွေး ပြောဆိုချိန်မှာ နှုတ်ကထွက်လာမည်ဟု မထင်ရသည့် စကားလုံးများ၊ တုံ့ပြန်မှုများကို လူမှုကွန်ရက်ပေါ်၌ ရုန့်ရုန့်ရင်းရင်း တွေ့ရသည်မှာ အံ့အားသင့်ဖွယ်ဖြစ်သလို နည်းပညာနှင့် ခေတ်အပြောင်းအလဲ၊ နည်းပညာနှင့် ယဉ်ကျေးမှုအပြောင်းအလဲတို့ကိုလည်း သတိပြုမိရပါသည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်မှာ အချိန်နှင့်အမျှဟုဆိုဆို၊ အချိန်နှင့် တစ်ပြေးညီ ပြောပြော၊ ဖတ်စရာ ကြည့်စရာ လေ့လာစရာ သင်ယူစရာ သင်ခန်းစာရစရာ အစုံစုံရှိသည်။

မိမိတို့၏ ဘဝအတွေ့အကြုံ၊ ကျန်းမာရေးဆိုင်ရာ အတွေ့အကြုံ၊ ပြည်တွင်း ပြည်ပ ဟိုကသည်က ဖတ်ခဲ့ရသမျှ ဗဟုသုတ၊ နိုင်ငံရေးဆိုင်ရာ အတွေးအခေါ်၊ ယဉ်ကျေးမှုဆိုင်ရာ အသိအမြင်၊ ဘာသာရေး အယူအဆ၊ အစိုးရ ကြေညာချက်၊ ပြည်တွင်းနှင့် နိုင်ငံတကာ သတင်းစာဂျာနယ်များပါ ဆောင်းပါးသတင်းအချက်အလက်၊ အတိုက်အခံတို့၏ နိုင်ငံရေးသဘောထား၊ တိုင်းရင်းသားလူမျိုး စုများ၏အသံ အစရှိသည့် စုံစုံစီစီကို ရေးကြသားကြ ဝေမျှကြ၊ မှန်တာရှိ၊ မမှန်တာတွေလည်းပါ။

အဲသည်လို စာတွေကိုအကြောင်းပြုပြီး ဝေဖန်သုံးသပ်ကြတာတွေ၊ ကဲ့ရဲ့ပြစ်တင်ကြတာတွေ၊ ငြင်းချက်ထုတ်ကြတာတွေ၊ ထောက်ခံကြတာတွေကိုလည်း တွေ့ရဖတ်ရပါသည်။

အယူအဆမျိုးစုံကို မတူကြ ကွဲလွဲငြင်းခုန်ကြတာက ကြိုဆိုရသော်လည်း သတင်းအမှားများပေါ် အခြေပြုရေးသားလာမှုများ၊ ဝေဖန်ပြစ်တင်ရာမှာ ကြမ်းတမ်းရုန့်ရင်းလှသော အသုံးအနှုန်းများကို ဖောဖောသီသီ သုံးစွဲကြမှုများကမူ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အလွဲသုံးစားပြုခြင်းဟု ထင်မြင်ပါသည်။

လောဘနှင့် ယှဉ်၍တွေးသည့် အယူအဆများ၊ ဒေါသနှင့်ယှဉ်၍တွေးသည့်အယူအဆများ၊ အာဃာတနှင့် ယှဉ်၍တွေးသည့် အယူအဆများကို ကိုင်စွဲထားရင်းသူတစ်ပါးကို ဘာလာလာပြစ်တင် စောကြောနေကြသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေကြရသည်။

လူတို့၏ သဘာဝအရ အယူအဆအတွေးအမြင် မတူကြတာ ရှိမည်။ အပြုအမူတစ်ခု အပြောအဆို အရေးအသားတစ်ခုတွင် ကွဲလွဲငြင်းခုံစရာများရှိမည်။ ဤသည်တို့က လူမှုလောကထဲတွင် တွေ့နေကျ ဖြစ်ရိုးဖြစ်စဉ်သာ။

မတူခြားနားမှု ကွဲပြားမှုကို အာဃာတ ရန်လိုမှုတို့ဖြင့် ရုန့်ရုန့် ရင်းရင်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုရေးသားမှုကမူ လူမှုအဖွဲ့အစည်းအတွက် အကျိုးများစရာထက် အကျိုးယုတ်စရာတို့ကိုသာ အားပေးထွက်ပေါ်လာစေမည်ဟု ယူဆပါသည်။ ယဉ်ကျေးဖွယ်ရာ သည့်နည်းဖြင့် ကွဲလွဲခြင်းဖြင့် ပိုမိုကောင်းမွန်သော ဝန်းကျင်နှင့် အာဝါသတို့ ပေါ်ထွန်းစေမည်ဟု ယုံကြည်မိပါကြောင်း။

မုန်းတီး ရန်လိုခြင်းတို့ကို ရိုင်းရိုင်းပျပျ ဖန်တီးနေခြင်းဖြင့် ပိုမိုကြမ်းကြုတ်ခက်ထန်သည့် ဝန်းကျင်နှင့် အာဝါသတွင်းထဲသို့ နစ်သထက်နစ်ရင်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းစားတုံ့ပြန်မှု ရက်စက်အကြမ်းဖက်မှုတို့က ရှေ့တန်းရောက်လာမည်ဆိုလျှင် လူမှုအဖွဲ့အစည်း ပျက်စီးရေးဆီသို့ ဦးတည်သွားမည့် အန္တရာယ်ကို သတိမူကြရန်လိုမည် ဖြစ်ပါကြောင်း။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မော်လမြိုင်ကျွန်း၌ (၆၄) ကြိမ်မြောက် ပရိယတ္တိသာသနနုဂ္ဂဟအသင်း စာဖြေ ပွဲတော်ကျင်းပ

**မော်လမြိုင်ကျွန်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ သံဃာ့ဩဝါဒခံ (၆၄)ကြိမ်မြောက် ပရိယတ္တိသာသနနုဂ္ဂဟအသင်း၏ စာဖြေပွဲတော်ကို မတ် ၆ ရက်မှ ၁၂ ရက်အထိ မော်လမြိုင်ကျွန်းမြို့ ကမ်းနားကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ယင်း ပရိယတ္တိသာသနနုဂ္ဂဟအသင်း၏ စာဖြေပွဲတော်သို့ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စာဖြေ သံဃာတော်ပေါင်း ၁၄၁ ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။



(၆၄) ကြိမ်မြောက် ပရိယတ္တိသာသနနုဂ္ဂဟအသင်း စာဖြေပွဲတော် ကျင်းပစဉ်။

အဆိုပါ စာဖြေပွဲတော်ကျင်းပသည့်ရက်အတွင်း မြို့နယ်အတွင်းရှိ အလှူရှင်များက အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းများ ဆက်ကပ် လှူဒါန်းလျက်ရှိပြီး မတ် ၁၂ ရက် ည ၇ နာရီတွင် ကမ်းနားလမ်း ကျောင်း ပရိယတ္တိစာသင်တိုက်၌ စာအောင်သံဃာတော်များ ဆုနှင်းသဘင်အခမ်း အနား ကျင်းပမည်ဖြစ်သည်။ ထို့အပြင် စာဖြေပွဲတော် ကျင်းပသည့်ရက်အတွင်း ညစဉ် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်လျက်ရှိကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ထိုင်းနိုင်ငံမှ Makro ROH Co., Ltd က ကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်ရန် မြေငှားရမ်း

**နေပြည်တော် မတ် ၁၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် ထိုင်း နိုင်ငံအခြေစိုက် Makro ROH Co., Ltd ၏ အစုရှယ်ယာရာနှုန်းပြည့် ပါဝင်သည့် ARO Commercial Co., Ltd တို့ချုပ်ဆိုသော မြေငှားရမ်းခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မတ် ၆ ရက်က နေပြည်တော်ရှိ ဝန်ကြီးရုံးညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က နိုင်ငံတော်၏ စီးပွားရေး မူဝါဒ(၁၂)ချက်အနက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက ကဏ္ဍတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်အတွက် မူဝါဒများ သီးခြားရေးဆွဲဆောင်ရွက်ရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့ အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာ တိုးတက်လာရေးတို့အတွက် မြေငှားရမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီလက်ကား ကုန်ပစ္စည်းရောင်းချခွင့်ပြုခဲ့ကြောင်း၊ ထိုသို့ ခွင့်ပြုခြင်းဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ပိုမိုရရှိပြီး လက်လီလက်ကား အရောင်းဆိုင်များ၊ တစ်ပိုင်တစ်နိုင် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Makro ROH Co., Ltd မှ Chief Executive Officer Mrs. Suchada နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့က အမှာစကား ပြောကြားကြပြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ARO Comme-rcial Co., Ltd ဒါရိုက်တာတို့က မြေငှားရမ်းခြင်းစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ Makro ROH Co.,Ltd သည် စားသုံးသူရေးရာဦးစီးဌာနက စီမံခန့်ခွဲခွင့်ရှိသော ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းအင်ဂျင်နီယာချုပ်ရုံးဝင်းနှင့် ဆန်စက်အပိုပစ္စည်းစက်ရုံဝင်းရှိ မြေဧက ၉ ဒသမ ၂၂၀ ပေါ်တွင် ကုန်ပစ္စည်းအမျိုးအစား ၈၀၀၀ ခန့် ဖြန့်ဖြူးရောင်းချရန်အတွက် ဆိုင်ခွဲ ကိုးခုဖွင့်လှစ်မည်ဖြစ်ပြီး ပြည်တွင်း အသေးစား၊ အလတ်စားလုပ်ငန်းများမှ ထွက်ရှိသောကုန်ပစ္စည်းများနှင့် တောင်သူလယ်သမားများဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချပေးသွားမည် ဖြစ်သည်။

**သတင်းစဉ်**




မြေငှားရမ်းခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပစဉ်။

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်ကြီးတို့တွေ့ဆုံ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်ကြီး မစ္စတာခရော့ရှ်ယန် စမစ်ချ် တို့သည် မတ် ၇ ရက်က နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် ဥရောပသမဂ္ဂ၏ ရန်ပုံငွေဖြင့် MyJustice အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် တရားမျှတမှုဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု တိုးတက်ကောင်းမွန်ရေးအတွက် ရှေ့နေများ၏ ပါဝင်မှုအခန်းကဏ္ဍနှင့် တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်ဆောင်ရွက်နေမှုများ၊ အမုန်းစကားများ ကာကွယ်တားဆီးရေး ဥပဒေကြမ်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်းတို့ကို ရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ စံနှုန်းများနှင့် ညီညွတ်ရေးအတွက် အလေးထားဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ရုံးမှ သံအမတ်ကြီးတို့ တွေ့ဆုံစဉ်။

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၀**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတ က သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး**

**ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။**

---

❒ ***ကျောဖုံးမှ***

တွေ့ဆုံဆွေးနွေးမှုများကို သိရှိနိုင်ရန်အတွက် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေအား ဆက်သွယ်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။ အခု NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အပြင် KNPP နဲ့လည်း တွေ့ဆုံခဲ့တယ်လို့ သိရပါတယ်။ တွေ့ဆုံဖြစ်တဲ့ အဓိကအကြောင်းရင်းကို သိချင်ပါတယ်။**

**ဖြေ** ။ ။ ဒီတစ်ခေါက် ချင်းမိုင်လာတဲ့ အဓိက ရည်ရွယ်ချက်ကတော့ KNU ဘက်က တရားဝင်ဆွေးနွေးပွဲတွေကို ခေတ္တရပ်ဆိုင်းထားတယ်။ အလွတ်သဘောဆွေးနွေးပွဲတွေကနေ ပြန်အဖြေရှာမယ်လို့ ပြောထားတယ်။ နောက် RCSS ကလည်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နဲ့ ဆွေးနွေးမှု ခေတ္တရပ်ဆိုင်းထားတယ်။ အဲဒီလို ခေတ္တရပ်ဆိုင်းထားတဲ့အတွက် လက်မှတ်ရေးထိုးထားတဲ့ ၁၀ ဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ဆက်လက်ဆောင်ရွက်ဖို့ စကားဝိုင်းပေါ်ကို ပြန်လာဖို့ အခက်အခဲဖြစ်တယ်။ ဒါကြောင့် PPST အစည်းအဝေးခေါ်တဲ့ အချိန်ရယ်၊ နောက် KNU လည်း ရှိနိုင်မယ့်အချိန်ကို ကျွန်တော်တို့ လာတွေ့တာပါ။ အဲဒါနဲ့ တစ်ဆက်တည်းပဲ NCA လက်မှတ်မထိုးရသေးတဲ့ KNPP နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရ**

တွေ့တာက အလွတ်သဘောပါ။ အလွတ်သဘော ဆွေးနွေးပွဲတွေက အရေးလည်းကြီးတယ်။ အများကြီးလိုအပ်တယ်ဆိုတဲ့သဘောလည်း ကျွန်တော်တို့ တွေ့ရတယ်။ အလွတ်သဘော ဆွေးနွေးပွဲရဲ့ သဘောသဘာဝက ဆုံးဖြတ်ချက်တွေ မရှိဘူး။ ဒါပေမယ့် အပြန်အလှန် အားမနာတမ်း ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရတယ်။ ပြီးတော့မှ ယုံကြည်မှု တည်ဆောက်မယ်ဆိုတဲ့ အခွင့်အရေးရတယ်။ နောက် တစ်ဖက်က မရှင်းလင်းတဲ့ ကိစ္စတွေကိုလည်း ပြောဆိုရှင်းပြ ဆောင်ရွက်လို့ရတယ်။ ဒါတွေအားလုံးကို အခုတစ်ခေါက်မှာ ပြောနိုင်ခဲ့တယ်လို့ ကျွန်တော်မြင်တယ်။

**မေး ။ ။ KNU နဲ့တွေ့ဆုံဆွေးနွေးမှု အကြောင်းလေး ပြောပြပေးပါခင်ဗျာ။**

**ဖြေ** ။ ။ KNU ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး နောက် တာဝန်ရှိသူတွေနဲ့ ဆွေးနွေးတဲ့အခါမှာ KNU ဘက်ကနေပြီးတော့ သူတို့ရဲ့နားလည်မှုနဲ့ ချဉ်းကပ်မှုတွေကို ရှင်းပြတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒါကို ပြန်ရှင်းပြတယ်။ အဓိက က KNU ဘက်က နိုင်ငံရေးဆွေးနွေးပွဲတွေကို တစ်ဖက်သတ်ဆောင်ရွက်မှာကို စိုးရိမ်တာမျိုး တင်ပြတယ်။ နောက် NCA လမ်းကြောင်းအတိုင်း သွားဖို့ပြောတယ်။ ကျွန်တော်တို့ဘက်ကလည်း NCA ဆိုတာက KNU နဲ့ ကျွန်တော်တို့တင် မဟုတ်ဘူး။ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင် ၁၀ ဖွဲ့နဲ့ အစိုးရ၊ တပ်မတော်နဲ့တင် မဟုတ်ဘူး။ NCA process အတိုင်း သွားမယ်ဆိုရင် UPC ဆိုတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွေ ရှိရမယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ရှိရမယ်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ရှိရမယ်။ အဲဒီမှာ ညှိနှိုင်းအဖြေရှာဖို့ ဖြစ်ပါတယ်။ အခုဆိုရင် ဆွေးနွေးပွဲတွေ ရပ်ဆိုင်းထားတာဖြစ်တဲ့အတွက် ရွေးကောက်ပွဲအနိုင်ရပါတီ ၂၄ ပါတီက ကိုယ်စားလှယ် ၁၆ ယောက် ပါတယ်။ သူတို့လည်း စောင့်ဆိုင်းနေရတယ်။ အဲဒါကြောင့် လိုအပ်တဲ့ စိုးရိမ်မှုတွေ၊ လိုအပ်တဲ့ အာမခံချက်တွေကို UPDJC မှာလည်း မဆွေးနွေးနိုင်တော့ဘူး။

**တရားဝင်ဆွေးနွေးပွဲတွေ လာမယ်**

UPDJC ရဲ့ ဆွေးနွေးမှုတွေကို ညီလာခံမှာလည်း ထည့်သွင်းဆုံးဖြတ်လို့ရတယ်။ ညီလာခံကနေတစ်ဆင့် လွှတ်တော်မှာလည်း အတည်ပြုတာ လုပ်လို့ရတယ်ဆိုတာမျိုး ကျွန်တော်တို့လည်း ရှင်းပြတယ်။ နောက်တစ်ခုကတော့ ၂၀၁၉ အတွင်းမှာပဲ ဆွေးနွေးနိုင်ဖို့နဲ့ နိုင်ငံရေးဆွေးနွေးမှုတွေကိုလည်း ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့ ဒီဘက်မှာ ဆွေးနွေးတာရှိတဲ့အတွက် ဒါတွေကို နှစ်ဖက်စလုံးက ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့တယ်။ ဒါကြောင့် သိပ်မကြာခင်မှာ KNU အဖွဲ့နဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွေ့နိုင်မယ်။ တပ်မတော်နဲ့လည်း တွေ့နိုင်မယ်။ အဲဒါတွေပြီးသွားရင်တော့ တရားဝင်ဆွေးနွေးပွဲတွေ ရောက်လာမယ်လို့ ကျွန်တော်တို့ဘက်ကတော့ ယုံကြည်ပါတယ်။



**ဦးလှမောင်ရွှေ**
**(UPDJC) အတွင်းရေးမှူး အဖွဲ့ဝင်**

**မေး ။ ။ NCA စာချုပ် လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ရဲ့ PPST နဲ့ တွေ့ဆုံမှုအခြေအနေကိုလည်း သိချင်ပါတယ်။**

**ဖြေ** ။ ။ PPST ၁၀ ဖွဲ့နဲ့ တွေ့ဆုံတာကလည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေဘက်က Summit လိုမျိုး တိုင်းရင်းသားခေါင်းဆောင်တွေလုပ်မယ့် ထိပ်သီးအစည်းအဝေးကို မေလမှာ လုပ်မယ်။ အဲဒီမတိုင်မီ ဒီအပေါ်မှာ လိုအပ်တဲ့ ပြင်ဆင်မှု UPDJC၊ JMC စတာတွေအတွက် ပြင်ဆင်တဲ့အစည်းအဝေးပါ။ UPDJC ကို အလွတ်သဘောဆွေးနွေးပွဲပဲဖြစ်ဖြစ် လုပ်နိုင်ဖို့ကိုတော့ ကျွန်တော်တို့က ရှင်းပြနိုင်ခဲ့တယ်။ ဒါကိုလည်း သူတို့အနေနဲ့ အများကြီး နားလည်မယ်လို့ ယူဆတယ်။ ဒါကြောင့် သူတို့နဲ့လည်း ရန်ကုန်မှာဖြစ်ဖြစ်၊ နေပြည်တော်မှာဖြစ်ဖြစ် ပြင်ဆင်တဲ့လုပ်ငန်းတွေကို အလွတ်သဘောဖြစ်ဖြစ် ကျွန်တော်တို့ ဆက်လုပ်နိုင်လိမ့်မယ်လို့ မျှော်လင့်တယ်။

**မေး ။ ။ ဒီနေ့မနက်ပိုင်း KNPP နဲ့ ငြိမ်းချမ်းရေးကော်မရှင် တွေ့ဆုံမှုကိုလည်း ပြောပြပေးစေလိုပါတယ်။**

**ဖြေ** ။ ။ KNPP နဲ့ကတော့ NCA လက်မှတ်မရေးထိုးရသေးပေမယ့် လက်မှတ်မထိုးဘူးလို့လည်း မပြောသလို NCA လမ်းကြောင်းပြင်ပလို့လည်း မပြောတဲ့အတွက် သူတို့အနေနဲ့ ကျွန်တော်တို့နဲ့ အများကြီးမစိမ်းဘူး။ အောက်ခြေမှာရှိတဲ့ အခက်အခဲလေးတွေကို ဝိုင်းပြီးတော့ နှစ်ဖက်သဘောထားအမြင်တွေ ဖလှယ်ပြီး သူတို့ KNPP ရဲ့ ဆွေးနွေးပွဲတွေ ဆက်လုပ်ပြီးရင်တော့ သူတို့ကိုလည်း နေပြည်တော်မှာ NRPC နဲ့ ဆွေးနွေးနိုင်ဖို့ပါ။ သူတို့အနေနဲ့ တပ်မတော်နဲ့လည်း ဆွေးနွေးနိုင်ဖို့ ရှိတယ်လို့ ကျွန်တော်နားလည်တဲ့အတွက် သိပ်မကြာခင်မှာ ဖြစ်လာလိမ့်မယ်လို့ နားလည်ပါတယ်။

**မေး ။ ။ ကျေးဇူးပါခင်ဗျာ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အစိုးရရဲ့ ဆက်လက်ဆောင်ရွက်နေမှုတွေကိုလည်း သိချင်ပါတယ်။**

**ဖြေ** ။ ။ မတ်၁၁ရက်၊ နေပြည်တော်မှာ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ RCSS နဲ့ ကျွန်တော်တို့ ဆွေးနွေးပွဲတွေရှိတယ်။ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) နဲ့ RCSS ဆွေးနွေးပွဲပါ။ နောက်ရက်တွေမှာလည်း တပ်မတော်နဲ့ ဆွေးနွေးဖို့ ရှိမယ်လို့တော့ သိရတယ်။ ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ကတော့ မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့လည်း NCA ရေးထိုးနိုင်ဖို့အတွက် ဆက်လက်ကြိုးစားနေပါတယ်။ တွေ့ဆုံနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွှန့်**
**ဓာတ်ပုံ-HMS**



မတ် ၉ ရက်က ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူးနှင့် အဖွဲ့နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) တို့ တွေ့ဆုံဆွေးနွေးစဉ်။



မတ် ၁၀ ရက်က ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူးနှင့် အဖွဲ့နှင့် ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ တွေ့ဆုံဆွေးနွေးစဉ်။

# မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ နှစ်ပတ်လည်အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၀

**မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ နှစ်ပတ်လည်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ International Business Center ၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးတို့ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏တည်ထောင်သူ ဥက္ကဋ္ဌ ဒေါက်တာလှအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**ပြည်သူများသိရှိနိုင်ရေး ဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ ဖောင်ဒေးရှင်းအနေဖြင့် ကျောက်ကပ်ရောဂါဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ရောဂါဖြစ်ပွားသူများကို ကုသမှုပေးခြင်းအပြင် ရောဂါဖြစ်ပွားမှုလျော့ကျစေရန် ကြိုတင်ကာကွယ်မှုလုပ်ငန်းများကိုပါ ရည်မှန်းချက်များချမှတ်ထားရှိကာ အလေးထားထည့်သွင်းဆောင်ရွက်နေသည်ဖြစ်၍ ဝန်ကြီးဌာနအတွက် များစွာအထောက်အကူပြုပါကြောင်း၊ ရောဂါဖြစ်ပွားပြီးမှ ကုသခြင်းဆောင်ရွက်ပါက ရောဂါဖြစ်ပွားမှုတစ်စထက်တစ်စ ပိုမိုဆိုးရွားလာကာ ကျောက်ကပ်သွေးသန့်စင်မှု ပြုလုပ်ရသည့် အဆင့်အထိ ရောက်နိုင်ပါကြောင်း၊ ကျောက်ကပ်ရောဂါ ဖြစ်ပွားမှုသည် ကြိုတင်ကာကွယ်၍ရပါကြောင်း၊ အငန်လျှော့စားသုံးခြင်း၊ ကိုယ်အလေးချိန်ထိန်းညှိခြင်း၊ သွေးပေါင်ချိန်ထိန်းညှိခြင်း၊ သွေးတွင်းသကြားဓာတ် ထိန်းညှိခြင်း၊ စပ်ဆေးများအသုံးပြုမှု ရှောင်ကြဉ်ခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ခြင်းစသည်တို့ဖြင့် ကျောက်ကပ်ရောဂါများ အပါအဝင် အခြားရောဂါများကိုပါ ကာကွယ်နိုင်သည်ကို ပြည်သူများ ပိုမိုသိရှိနိုင်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကျောက်ကပ်ရောဂါ ဖြစ်ပွားပါက နေထိုင်မှုအရည်အသွေးများစွာ ကျဆင်းခြင်း၊ စနစ်တကျကုသမှုမခံယူပါက ရောဂါပိုမိုဆိုးရွားကာ အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်ဖြစ်၍ ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်မှုများ ပြုမူဆောင်ရွက်ရန်မှာ အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်အသင်းနှင့် မြန်မာနိုင်ငံပုဂ္ဂလိကဆရာဝန်များအဖွဲ့တို့ အပါအဝင် ဆက်စပ်အသင်းအဖွဲ့များနှင့်လည်း လက်တွဲပူးပေါင်းကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ဥက္ကဋ္ဌ ဒေါက်တာလှအောင်က ဆေးပစ္စည်းကိရိယာနှင့် ရန်ပုံငွေများလှူဒါန်းခဲ့သည့် အလှူရှင်များအား ကျေးဇူးတင်ဂုဏ်ပြုလွှာများပေးအပ်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

**ဆောင်ရွက်မည့်လုပ်ငန်းများ မှာကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် အသစ်ပြန်လည် ဖွဲ့စည်းထားသော မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟန်းမြို့နယ်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဧည့်ရိပ်သာ၌ တွေ့ဆုံဆွေးနွေးကာ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မှာကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းမှ ဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြ၊ ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခ ဒေါ်သိန်းသိန်းကြည်၊ ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်ခင်မာကြည်နှင့်အဖွဲ့က လုပ်ငန်းပိုင်းဆိုင်ရာများနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် (ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန) ဒေါက်တာတင်တင်လေး၊ ခေတ္တညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှတို့က ဆွေးနွေးမှာကြားကြသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး မြန်မာကျောက်ကပ်ဖောင်ဒေးရှင်း၏ နှစ်ပတ်လည်အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

# Daewoo Bus ယာဉ်များ တပ်ဆင်ထုတ်လုပ်ရေးစီမံကိန်း ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၀

**ရန်ကုန်မြို့ ထောက်ကြန့်ရှိ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo Bus Myanmar မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစီမံကိန်းသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ယနေ့ နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးရာ တာဝန်ရှိသူများက Daewoo Bus များနှင့် Mini Bus တပ်ဆင်ထုတ်လုပ်ရေးအတွက် အဆောက်အဦနှင့် စက်ပစ္စည်းတည်ဆောက်တပ်ဆင်နေမှု အခြေအနေများအား တင်ပြသည်။**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက Chassis တပ်ဆင်ထုတ်လုပ်ရေးလိုင်း၊ မော်တော်ယာဉ်ကိုယ်ထည် (Coach) တပ်ဆင်ထုတ်လုပ်ရေးလိုင်း/ Welding တွဲဆက်ရန်လျာထားသောနေရာများ၊ အင်ဂျင်နှင့် မော်တော်ယာဉ်အောက်ပိုင်း တပ်ဆင်ရေးလိုင်းများ စနစ်တကျ သတ်မှတ်ပုံစံအတိုင်းတပ်ဆင်၍ အမြန်ပြီးစီးရန်မှာကြားပြီး Shower Test ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။ Daewoo Bus Myanmar မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးအတွက် လိုအပ်သော စက်ကိရိယာများသည် ရောက်ရှိနေပြီဖြစ်၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး ကိုရီးယားနိုင်ငံတွင် စာတွေ့၊ လက်တွေ့သင်ကြားပြီးဆုံး၍ ပြန်လည်ရောက်ရှိနေသော မြန်မာအင်ဂျင်နီယာများနှင့် ပညာရှင်များ၊ ကိုရီးယားအင်ဂျင်နီယာများနှင့် ပူးတွဲ၍ စက်ကိရိယာများ တပ်ဆင်သည်မှ မော်တော်ယာဉ် ထုတ်လုပ်သည်အထိ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် Daewoo Service Center နှင့် Product Showroom များကိုလည်း ဖွင့်လှစ်တော့မည်ဖြစ်ပြီး စံချိန်မီ Daewoo Bus များကို မကြာမီ စတင်ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် ၂၉ ယောက်စီး Mini Bus များကို e-Bus များအဖြစ်သို့လည်း ပြောင်းလဲ၍ ဆက်လက်ထုတ်လုပ်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စီမံကိန်းကာလမှာပင် အများပြည်သူများ အန္တရာယ်ကင်းရှင်းအောင် စနစ်တကျတပ်ဆင်ထုတ်လုပ်ရေး၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တပ်ဆင်ထုတ်လုပ်ရေး၊ စီမံကိန်းရည်မှန်းချက်အတိုင်း အချိန်မီပြီးစီးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်ရေးတို့အား မှာကြားပြီး Daewoo Bus မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုပြီး ကိုရီးယားနိုင်ငံထုတ် အရေးပေါ်လူနာတင်ယာဉ်နှင့် လူစီးဘတ်(စ်)ကားများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းစီမံကိန်းနေရာတွင် Charging Station များကိုလည်း တည်ဆောက်သွားရန်နှင့် CNG အသုံးပြုသော မော်တော်ယာဉ်များကိုလည်း ဆက်လက်ထုတ်လုပ်ရန် လျာထားကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျိုက်ဝိုင်းဘုရားလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်ကျွမ်းကျင်သင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းခန်းမနှင့် ရုံးခန်းကို ကြည့်ရှုစစ်ဆေးကာ ရွှေ့လျားသင်တန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရေး၊ သင်တန်းတွင် အသုံးပြုမည့် စက်ပစ္စည်းကိရိယာများကို စနစ်တကျထိန်းသိမ်းထားရှိရေး၊ သင်တန်းသားများအား ကျွမ်းကျင်စွာ သင်ကြားပြသနိုင်ရေးကို စီမံဆောင်ရွက်ပေးရန်၊ သန့်ရှင်းသပ်ရပ်စွာထားရှိရန် မှာကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို Daewoo Bus Myanmar မော်တော်ယာဉ် တပ်ဆင်ထုတ်လုပ်ရေးစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။** သတင်းစဉ်

✤ *ရှေ့ဖုံးမှ*

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် ဒွန်မောင်းလေဆိပ် (Wing-6) လေဆိပ်သို့ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ထိုင်းဘုရင့်တပ်မတော်မှ Major General Nopadon Mungkalaton နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**အလုပ်သဘော ဂုဏ်ပြုညစာဖြင့် တည်ခင်း**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ponpipaat Benyasri နှင့် ဇနီးတို့က Sala Tim Naam ထိုင်းရိုးရာ စားသောက်ဆိုင်တွင် အလုပ်သဘော ဂုဏ်ပြုညစာစားပွဲအခမ်းအနားဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တစ်ပြည်လုံးတွင် သာယာမည်

**နေပြည်တော် မတ် ၁၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ လှိုင်းတက်မြို့၊ ချောက်မြို့၊ ဖြူးမြို့၊ ရန်ကုန်(ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်)၊ ဘော်လခဲမြို့၊ ဘားအံမြို့၊ ကော့ကရိတ်မြို့နှင့် ရေးမြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၀ ဒသမ ၂၇ လက်မနှင့် ခန္တီးမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။ **မြန်မာ့အလင်း**

# Korea Day 2019 အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၀

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပံ့ပိုးကူညီမှု မြန်မာ-ကိုရီးယား ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းအဖွဲ့မှ ကြီးမှူး၍ ပထမအကြိမ် Korea Day 2019 ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel (Sapphire Ballroom) ၌ ကျင်းပသည်။**

**နှစ်နိုင်ငံချစ်ကြည်မှုတိုးတက်ရန်**

ပထမအကြိမ် Korea Day 2019 ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပိုမိုတိုးတက်စေရန်၊ ခရီးသွားလုပ်ငန်းသည် ပြည်သူလူထုတစ်ရပ်လုံးနှင့် သက်ဆိုင်သော လုပ်ငန်းဖြစ်သည်ကို သိရှိစေရန်၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်စေရန်နှင့် နှစ်နိုင်ငံစီးပွားရေးရင်းနှီးမြှုပ်နှံမှု ပိုမိုရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက Korea Day 2019 ကျင်းပရခြင်းမှာ ကိုရီးယားပြည်သူများအနေဖြင့် မြန်မာနိုင်ငံကို ပိုမိုသတိပြုမိပြီး လာရောက်လည်ပတ်လိုစိတ်များ ပိုမိုတိုးမြင့်လာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အထူးသဖြင့် မြန်မာ-ကိုရီးယားနှစ်နိုင်ငံကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးတက်လာနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများနှင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း၊ Korea Day 2019 အခမ်းအနား၏ ပြပွဲအစီအစဉ်များသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ထိရောက်ကောင်းမွန်သော ကြော်ငြာအစီအစဉ်များဖြစ်၍ ကိုရီးယားပြည်သူများ လာရောက်လည်ပတ်ဖို့ဆွဲဆောင်ရာတွင် အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ အထူးသဖြင့် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝသော မြန်မာ - ကိုရီးယား နှစ်နိုင်ငံအကြား ရိုးရာယဉ်ကျေးမှုအကဂီတ အပါအဝင် အနုပညာများကို တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် တင်ဆက်ပြသဖလှယ်ကြခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုနွေးထွေးသော ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

**အမှာစကား ပြောကြား**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Lee Saung-Hwa နှင့် ASEAN Korea Centre မှ အထွေထွေ အတွင်းရေးမှူးချုပ် Mr. Lee Hyuk တို့က အမှာစကားပြောကြားကြပြီး မြန်မာ-ကိုရီးယားခရီးသွားလုပ်ငန်းမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်တိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကိုရီးယား-မြန်မာ နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှု တူရိယာများဖြစ်သည့် မြန်မာစည်တော်နှင့် ကိုရီးယားစည်တော်များတီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး Project K မှ Korea K-POP အက၊ မြန်မာ-ကိုရီးယား နှစ်နိုင်ငံယဉ်ကျေးမှုအက၊ RAU Entertainment မှ အထူးဖိတ်ကြားထားသည့် ကိုရီးယားအမျိုးသမီးအဆိုတော် Ms. Hwang SeoIn နှင့် JBJ Entertainment မှ Rose Quartz ၏ K-POP တို့ဖြင့် ဖျော်ဖြေကြသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အာဆီယံ-ကိုရီးယားဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူး Mr. Lee Hyuk တို့ ကိုရီးယား မင်္ဂလာစည်တော်တီး၍ Korea Day 2019 အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

**ပြခန်းပေါင်း ၄၀ ပြသ**

ထို့နောက် Korea - Myanmar Joint Tourism Promotion Activities နှင့် CBT in Myanmar ခေါင်းစဉ်တို့ဖြင့် ဟောပြောပွဲများကို ကျင်းပသည့်အပြင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံဆိုင်ရာ အဖွဲ့အစည်းများ၊ ကိုရီးယားနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ၊ ခရီးသွားကုမ္ပဏီများ၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ကုမ္ပဏီများ၊ ဘဏ်များ၊ ဆက်သွယ်ရေးလုပ်ငန်းများ၊ ပို့ဆောင်ရေးလုပ်ငန်းများမှ ပြခန်းပေါင်း ၄၀ ကလည်း ပါဝင်ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်း ဖွင့်လှစ်နိုင်ရေးညှိနှိုင်းဆွေးနွေး

**ရန်ကုန် မတ် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်လူငယ်သင်တန်းကျောင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးနှင့် သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းသို့ရောက်ရှိနေကြသော လူငယ်များ ပညာဆက်လက်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားသည့်အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများနှင့် လူငယ်များ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာအပန်းဖြေနိုင်မှုအတွက် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို တင်ပြကြသည်။

**တွေ့ဆုံအားပေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိနေကြသော လူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး အာဟာရမုန့်များပေးဝေသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်တန်းမြို့ ရွှေမော်ဝန်းသာသနာ့ဗိမာန်၌ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမာဆွဲလူငယ်ဖွံ့ဖြိုးတိုးတက်ရေး ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၄၁၉၇၅၀၀၀၊ အောင်ဇမ္ဗူ လူငယ်ဖွံ့ဖြိုးရေးဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၂၉၅၉၈၀၀၀၊ တိုင်းရင်းသားလူမျိုးစုဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၁၁၅၉၈၀၀၀၊ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၈၆၉၂၈၀၀၀၊ အောင်သုခလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၂၉၂၃၈၀၀၀၊ ဆုတောင်းပြည့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၅၅၈၄၅၀၀၀၊ သဒ္ဓမ္မဇောတိကာရုံ လူငယ်စောင့်ရှောက်ရေးဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၁၆၇၄၃၀၀၀၊ မေတ္တာရောင်ခြည် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၁၆၃၀၂၀၀၀၊ ဗလအားမာန်ငါးတန် ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ထောက်ပံ့ငွေကျပ် ၃၉၉၆၀၀၀၊ မိဘဂုဏ်ဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၄၇၁၉၀၀၀၊ ကျောက်တန်းဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၅၀၁၃၀၀၀၊ ဒေးဒနောဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၅၄၀၀၀၀၊ လှမ္ဗနီဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၃၀၇၈၀၀၀၊ ခရမ်းဘိုးဘွားရိပ်သာအတွက် ထောက်ပံ့ငွေကျပ် ၃၇၅၆၀၀၀၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၁ ကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၇၇ သိန်းနှင့် မိခင်ဝိုင်းငါးဝိုင်း ဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၃၅၂၈၁၀၀ တို့ကို အသီးသီး ပေးအပ်ထောက်ပံ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ကလေးငယ်များအတွက် အာဟာရမုန့်နှင့် ကစားစရာအရုပ်များ ပေးဝေခဲ့ကြသည်။ ယနေ့ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၂၁၅၅၇၁၀၀ ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်တာဝန်ရှိသူများ တောင်ပိုင်းခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် မိခင်ဝိုင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲသို့ တက်ရောက်လာသည့် မိခင်နှင့်ကလေးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ညှိနှိုင်းဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့ ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာနတွင် ကျင်းပသော ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်း(၃လ) ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ချက်များ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာ ပင်မအထောက်အကူပြုဗဟိုဌာန လက်ထောက်ညွှန်ကြားရေးမှူးက အခြေခံသင်တန်း (၃လ) အမြန်ဆုံးဖွင့်လှစ်နိုင်ရန် INGO အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး လိုအပ်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်တွင်းကြီးမြို့နယ် ကံကြီးကုန်းကျေးရွာ၌ သောက်သုံးရေရရှိရေး အဝီစိစက်ရေတွင်းတူးဖော်

**တောင်တွင်းကြီး မတ် ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကံကြီးကုန်းကျေးရွာအုပ်စု ကံကြီးကုန်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ ပူးပေါင်း၍ အဝီစိစက်ရေတွင်းတူးဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကံကြီးကုန်းကျေးရွာသည် ယခင်က ကျေးရွာပိုင် စက်ရေတွင်းတစ်တွင်း ရှိသော်လည်း နွေရာသီတွင်သောက်သုံးရေ လုံလောက်စွာမရရှိသဖြင့် ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်း၍ ခွင့်ပြုငွေကျပ်သိန်း ၂၀ ဒသမ ၃၇၉ သိန်းဖြင့် တွင်းအကျယ် ခြောက်လက်မ၊ အနက်ပေ ၈၀၀ ခန့်ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၈ ပေ၊ အမြင့် ၈ ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့်အတူ လက်ရှိရေသုံးစွဲနေမှု အခြေအနေများ၊ စက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ စက်ရေတွင်းတူးတာဝန်ခံ ဦးမောင်ကျော်က စက်ရေတွင်းတူးဖော်ပြီးစီး၍ တွင်းဆေးလေမှုတ်ခြင်းဆောင်ရွက်လျက်ရှိရာ တစ်နာရီလျှင် ရေဂါလန် ၃၀၀၀ ခန့်ထွက်ရှိကြောင်း၊ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သန်းလွင်(မကွေး)**

# အနာဂတ်လူငယ်များနှင့် အနာဂတ်နိုင်ငံတော်

**နိုင်ဦး (DOCA)**

**ယနေ့ လူငယ်များအပေါ် နိုင်ငံတော်၏ မျှော်လင့်ချက်သည် ကြီးမားသည်နှင့်အမျှ လူငယ်များ၏ တာဝန်သည်လည်း များပြားလှပါသည်။ တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြမည့် လူငယ်များသည် အသက်အရွယ်အလိုက် သိသင့်သိထိုက်သော၊ တတ်သင့် တတ်ထိုက်သော အသိပညာများကို တတ်မြောက်ထားရန် လိုသည်။ သို့မှသာ တာဝန်ပေးအပ်လာပါက အသင့်တာဝန်ယူနိုင်မည် ဖြစ်သည်။ မလိုလားအပ်သော အလွဲသုံးမှုများကို ရှောင်ရှားရန်လိုသည်။ အချင်းချင်းလည်း ပညာပေးကြရန် လိုသည်။ ကောင်းသောလမ်းသို့ လက်တွဲခေါ်ယူရန်လိုသည်။ နိုင်ငံသားတစ်ဦး၊ ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာရန် နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာရန်လိုသည်။ သို့မှသာ အနာဂတ်လူငယ်များကြောင့် အနာဂတ်နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။**

ဘာမဆိုင်၊ ညာမဆိုင် ငယ်ငယ်တုန်းက ကြားခဲ့ဖူးသော ပုံပြင်လေးတစ်ပုဒ်ကို သွား၍ သတိရမိသည်။ ရှေးရှေးတုန်းက လူတွေ၊ တိရစ္ဆာန်တွေဟာ သက်တမ်းအတူတူပဲတဲ့။ တစ်နေ့တော့ တန်ခိုးရှင် နတ်မင်းကြီးဆီကို နွားကရောက်လာပြီး အရှင် ကျွန်တော်အသက်ရှည်ရတာ အဓိပ္ပာယ်မရှိဘူး၊ တစ်ချိန်လုံး အလုပ်လုပ်နေရတယ်၊ လူသားတွေအတွက် ဆန်စပါး ရရှိအောင် ကြိုးစား ရုန်းကန်ပေးရတယ်၊ ကျွန်တော်တို့ကြောင့် ရရှိတဲ့ဆန်ကို ကျွန်တော်တို့ အသွေးအသားနဲ့ အစားခံရတယ်။ ဒါ့ကြောင့် ကျွန်တော့်သက်တမ်းတစ်ဝက်ကို အလှူခံပါလို့ ပြောတယ်။ ဒီအခါ လူသားကကြားပြီး ကျွန်တော့်မှာ လုပ်စရာအများကြီးရှိတယ်။ အချိန်က မလောက်ဘူးဖြစ်နေတယ်။ ဒါကြောင့် နွားလှူတဲ့ သက်တမ်းတစ်ဝက်ကို ကျွန်တော့်ကိုပေးပါလို့ ပြောတယ်။ ဒီအခါ တန်ခိုးရှင်နတ်မင်းကြီးက လူသားကို ပေးစေဆိုပြီး ဆုံးဖြတ်တယ်။ နောက်တော့ ခွေးကလည်း ပြောပြန်တယ်။ တန်ခိုးရှင်နတ်မင်းကြီး၊ ကျွန်တော့်မှာလည်း ဒုက္ခဖြစ်နေတယ်။ လူသားတွေ အေးအေးဆေးဆေးအိပ်နိုင်ဖို့ သူတို့ရဲ့စည်းစိမ်ဥစ္စာတွေကို လူဆိုး၊ သူခိုးတွေ မလုယက်နိုင်ဖို့ ညမအိပ်ဘဲစောင့်ရတယ်။ မနက်အိပ်ပြန်တော့ လူသားတွေက အိပ်နေတာကိုပဲမြင်ပြီး အပျင်းထူတဲ့ခွေးလို့ပြောတာ ခံရတယ်။ လူရိပ်မည်းမည်းမြင်လို့ ဟောင်ပြန်တော့လည်း အိပ်ရေးပျက်တယ်ဆိုပြီး နီးရာပစ္စည်းတွေနဲ့ ကောက်ပေါက်တာခံရတယ်။ ကျွေးပြန်တော့လည်း အရိုးအရင်း၊ စားကြွင်းစားကျန်သာကျွေးတယ်။ ဒါကြောင့် ကျွန်တော့်အသက်တစ်ဝက်ကို လှူလိုပါတယ်လို့ပြောတော့ လူသားက ကျွန်တော့်မှာ အချိန်တွေ မလောက်ဘူး၊ ယူမယ်လို့ပြောပြီး ထပ်ယူခဲ့တယ်။ နောက်ဆုံး မျောက်ကလည်း ဘဝတစ်လျှောက်လုံး အငြိမ်မနေရဘဲ ပြေးလွှားနေရလို့ အသက်မရှည်ချင်ဘူး။ တစ်ဝက်လှူပါရစေ ပြောပြန်တော့ ပေးတိုင်းယူတဲ့ လူသားကပဲ အသက်တစ်ဝက်ကို ရယူခဲ့တယ်တဲ့။

### လူသားသက်တမ်း

ထို့ကြောင့်ပင် ကျွန်တော်တို့ လူသားများသည် အသက် ၂၀ နီးပါးအထိ လူ့သက်တမ်းကို ပိုင်ဆိုင်၍ အများအားဖြင့် မပူမပင်၊ မတောင့်မတ၊ မကြောင့်မကျ နေထိုင်နိုင်သည်။ ပညာရေးကို အေးအေးဆေးဆေး သင်ယူနိုင်ကြသည်။ မိဘများက လိုလေသေးမရှိအောင် စောင့်ရှောက်ထားကြသည်။ သို့သော် အသက် ၂၀ ကျော်လွန်ပါက အိမ်ထောင်ကျပြီဖြစ်၍ နွားသက်တမ်းကို စတင်ပိုင်ဆိုင်ရပြီး နွားလိုပင် တစ်ဝမ်းတစ်ခါးအတွက် ရုန်းကန်လှုပ်ရှားကြရသည်။ ကာယအား၊ ဉာဏအားဖြင့် ကြိုးစားအလုပ်လုပ်ကြရသည်။ ဇနီး၊ သားသမီးများ ရရှိလာပြီဖြစ်၍ မိဘအိမ်မှာ နေထိုင်ရသကဲ့သို့ နေ၍ မရ၊ ဘဝတိုးတက်စေရေး ရည်မှန်းချက်ထားကာ အလုပ်လုပ်ကြရသည်။ ထမ်းပိုးမတပ်ရုံတစ်မယ်ပင်ဖြစ်သည်။ အသက် ၄၀ ကျော်လွန်ပါက ခွေးသက်တမ်းကို ပိုင်ဆိုင်ခဲ့၍ ဇနီး၊ သားသမီးမိဘများအတွက် စိတ်ပူပင်သောကရောက်ရသည်။ မတော်သူတွေနဲ့ တွေ့မလား။ ဘာတွေများ အခက်အခဲကြုံတွေ့နေရလဲ စသည်ဖြင့် ပူပင်မှုများစွာကို ကြုံတွေ့ရမည့် သက်တမ်းဖြစ်သည်။ အသက် ၆၀ ကျော်ပါက မျောက်သက်တမ်းကို ပိုင်ဆိုင်၍ အိမ်ထောင်ကျနေပြီဖြစ်သော၊ အလုပ်အကိုင်ရရှိနေပြီဖြစ်သော သားသမီးတွေဆီ အပြေးအလွှားသွားလိုက်၊ သားသမီးတွေဆီ ရောက်ပါလျှင်လည်း ဇနီး၊ ခင်ပွန်းကို စိတ်မချ။ ချော်များလဲနေလား၊ ထမင်းစားတာမှ အဆင်ပြေရဲ့လား စသည်ဖြင့် တွေးပူ၍ ပြေးလွှားပြန်လာရပြန်သည်။ နောက်ဆုံး မသွားနိုင်၊ မလာနိုင်တော့မှ မျောက်မှိုင်မှိုင်ကာ ပုတီးလက်တွင်ကိုင်၍ ရပ်တန့်သွားတော့သည်။ ခန္ဓာသာ ရပ်တန့်သည်။ စိတ်တွေကတော့ ဟိုပြေးဒီပြေး ဖြစ်နေဆဲပင်ဖြစ်သည်။ ဖုန်းတစ်လုံးဖြင့် ပါးစပ်က အငြိမ်မနေနိုင်။ သာကြောင်းမာကြောင်း စသည်ဖြင့် မေးမြန်းပြောဆိုဆုံးမရင်း ဘဝသစ်သို့ အချိန်တန်တော့ ကူးပြောင်းကြရသည်ဟု ပုံပြင်က ဆိုထားသည်။ လူသားဘဝကို ရရှိလာခြင်းကြောင့် အဆိုပါ အသက်အပိုင်းအခြားများကို ရရှိဖြတ်သန်းကြရမည်မှာ ဓမ္မတာပင်ဖြစ်သည်။

ဆရာတစ်ယောက်ကလည်း ပြောဖူးသည်။ သူ့သားဖြစ်သူသည် ဘွဲ့ရရှိပြီဖြစ်သော်လည်း အလုပ်လုပ်ဖို့ စိတ်မဝင်စား။ ဖုန်းလေးပွတ်လိုက်၊ သူ့သူငယ်ချင်းများနဲ့ လက်ဖက်ရည်ဆိုင်ထိုင်လိုက်နဲ့ အချိန်ကုန်နေတာမြင်တော့ မင်းအသက်မွေးမှု အလုပ်တစ်ခုလုပ်ဖို့ စိတ်ကူးမရှိဘူးလားလို့ မေးကြည့်တော့ သားဖြစ်သူကပြန်ပြောတဲ့ စကားတစ်ခွန်းကြောင့် ဘာပြန်ပြောရမှန်းတောင် မသိခဲ့ဘူးတဲ့။ သူ့သားပြောတဲ့စကားက "အခုလဲ အဖေမလုပ်နိုင်တဲ့ အလုပ်တွေကို သားလုပ်နေတာပဲ မဟုတ်လား"တဲ့။ ကဲ စဉ်းစားကြည့်ပါတော့။ ကျွန်တော့်ဆရာသည် ဝန်ထမ်းတစ်ယောက်အဖြစ် ရိုးသား၊ ကြိုးစား၊ သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်နေသည်။ သူ့သားကဲ့သို့ လက်ဖက်ရည်ဆိုင်ထိုင်ချိန်၊ ဖုန်းပွတ်ချိန် မရှိခဲ့။ အချိန်တိုင်း လုပ်ငန်းတာဝန်များနဲ့ နပန်းလုံးနေရသည်။ တစ်ဦးတည်းသောသားဖြစ်သူကို အလိုလိုက်ထားသည်။ အခုတော့ သားဖြစ်သူသည် ထမင်း၊ ဟင်းကို အိမ်ကကျွေး၊ အထွေထွေအသုံးစရိတ်များကို မိခင်၊ ဖခင်ထံမှ အလွယ်တကူ ရရှိနေသဖြင့် ဘဝကိုပြည့်စုံနေသည်ဟု မှတ်ထင်နေသည်။ ဘွဲ့ရ အလုပ်လက်မဲ့တစ်ယောက် ဖြစ်နေသော်လည်း ရှက်ရကောင်းမှန်းမသိဘဲ အချိန်တိုင်း ဖုန်းပွတ်လိုက်၊ လက်ဖက်ရည်ဆိုင်ထိုင်လိုက် လုပ်နေသည်ကိုပင် အချိန်ဖြုန်းတီးနေသည်ဟု မမြင်ဘဲ သူ့ဖခင်ကိုပင် အဖေမလုပ်နိုင်တဲ့ အလုပ်တွေ လုပ်နေကြောင်း ဂုဏ်ယူစွာပြောနေသည်။

### အချိန်အခါ၊ အသက်အရွယ်အလိုက်

ဝန်ထမ်းအလုပ်ဖြစ်စေ၊ ကိုယ်ပိုင်အလုပ်ဖြစ်စေ အချိန်အခါ၊ အသက်အရွယ်၊ အရင်းအနှီးအလိုက် လုပ်နေကြရသည်။ ထိုက်သင့်သော ကျွမ်းကျင်မှုကို ရယူထားကြရသည်။ မိမိလုပ်ကိုင်မည့် အလုပ်အကိုင်နှင့်ပတ်သက်သော သင်တန်းများစွာကို တတ်မြောက်ကြရမည်။ မြေပြင်တွင် လုပ်ကိုင်မှုအခြေအနေ၊ အကျိုးအမြတ်၊ ရေရှည်ရပ်တည်နိုင်စွမ်း ရှိမရှိ သုံးသပ်ဆုံးဖြတ်ရပေမည်။ သို့မှသာ အလုပ်အကိုင်များကို လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေမည်ဖြစ်သည်။ ကျွန်တော့်ဆရာဖြစ်သူ၏ သားကဲ့သို့ပင် ကျန်ရှိသည့် အချို့သော သား၊ သမီးများစွာလည်း အလားတူရှိနေမည်ဟု ယူဆမိသည်။ အနာဂတ် လူ့စွမ်းအားအရင်းအမြစ်များသည် ငွေကုန်၊ အချိန်ကုန်ခံ၍ ဖုန်းများ ပွတ်နေခြင်း၊ အကြောင်းမဲ့ ရည်ရွယ်ချက်မရှိဘဲ လက်ဖက်ရည်ဆိုင်ထိုင်ကာ အချိန်ဖြုန်းတီးနေကြခြင်းသည် ရင်လေးစရာပင်ဖြစ်သည်။

### ဖုန်း၊ အင်တာနက်နှင့် အချိန်ဖြုန်းခြင်း

ဖုန်းသည် ခေတ်နှင့်အညီပေါ်ပေါက်လာသော စက်ပစ္စည်းတစ်ခုဖြစ်၍ ဘဝတိုးတက်ရေး၊ အောင်မြင်ရေးများရရှိရန် သတင်းအချက်အလက်၊ ဗဟုသုတများ များစွာပါဝင်သော်လည်း ထိုအချက်များအစား အတင်းအဖျင်းသတင်းများ၊ ရန်လိုဒေါသဖြစ်မှုများကို ဖော်ပြထားသော စာသားများကို စိတ်ဝင်တစား ကြည့်ရှုခြင်း၊ ဝေဖန်ခြင်း၊ ဆဲဆိုခြင်း စသည်များကို တော်တော်များများ အသုံးပြုနေကြသည့် လူငယ်၊ လူရွယ်များကိုသာ ရည်ညွှန်းပြောဆိုလိုခြင်းဖြစ်သည်။ ခေတ်မီ စက်ပစ္စည်းများကို အကျိုးရှိစွာ သုံးနေသော၊ ဘဝတိုးတက်ရေးအတွက် ကြိုးစားနေသော လူငယ်လူရွယ်များကိုမူ မပြောဆိုလိုပါ။ အားပေးပါသည်။ မိဘများကလည်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါသည်။

ထို့အပြင် ဖုန်းဖြင့်ပြောလိုက်သော စကားတစ်ခွန်း၊ နှိပ်လိုက်သော ခလုတ်လေးတစ်ချက်သည် အသုံးပြုသူအတွက် မည်သို့ပင် အကျိုးရှိသည်ဖြစ်စေ၊ အကျိုးမဲ့သည်ဖြစ်စေ၊ အလဟဿ ကုန်သွားသည်ဖြစ်စေ၊ ထိုသို့ လုပ်လိုက်သည့်အတွက် ဖုန်းဝန်ဆောင်မှုလုပ်ငန်းကတော့ ကုန်ကျစရိတ်တန်ဖိုးကို တွက်ချက်ရယူနေသည်မှာ အမှန်တရားပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများသည် စားသုံးသူများ၏ လိုလားချက်များကို အစွမ်းကုန် ဖြည့်ဆည်းပေးနေသည်။ ဈေးကွက်စီးပွားရေးစနစ်အရ မီဒီယာနည်းလမ်းပေါင်းစုံကို အသုံးပြု၍ သူ့ထက်ငါ အပြိုင် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုလုပ်ငန်းများကို သွားရေကျဖွယ် ဆောင်ရွက်နေကြသည်။ ထိုသို့ ဆောင်ရွက်မှုကြောင့် လူငယ်၊ လူရွယ်များသာမက၊ ကလေးသူငယ်များကပင် ကျွန်တော်တို့ငယ်စဉ်ကလို မုန့်ဖိုးတောင်းမည့်အစား ဖုန်းဝယ်ပေးပါ။ ဖုန်းဘေဖိုးပေးပါဟု ဖြစ်နေကြသည်။ ခေတ်မီလာသည်၊ တိုးတက်လာသည်ဟု ထင်ကောင်းထင်နေကြမည်ဖြစ်သော်လည်း အကန့်အသတ် ထားသင့်သည်။ ခေတ်မီတိုးတက်ဖွံ့ဖြိုးမှု၏နောက်တွင် ပေးဆပ်ခဲ့ရသော အချိန်များ၊ ငွေများ၊ ဘဝများကို မြင်ရန်လိုပါသည်။

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများက မြန်မာနိုင်ငံရှိ ၅၁ သန်းကျော်သော ပြည်သူများအနက်မှသန်း ၄၀ ကျော်ကို ဝန်ဆောင်မှုပေးလျက်ရှိသည်ဟု သိရသည်။ လူအချို့ဆိုလျှင် တစ်ဦးတည်း ဝန်ဆောင်မှု သုံး၊ လေးမျိုး ရယူထားကြသည်။ တစ်မိနစ်လျှင် ငါးကျပ်နှုန်း ပေးရသည်ဆိုပါစို့။ တစ်ဦးလျှင် ဖုန်းတစ်လုံး ကိုင်ထားပါက မြန်မာနိုင်ငံမှ တစ်မိနစ်အတွက် ကျပ်သန်း ၂၀၀ ကျော်သည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများအတွက် ပေးရသည်။ တစ်နာရီလျှင် သန်း ၁၂၀၀၀ ကျော်၊ တစ်ရက်လျှင် ကျပ်သန်းပေါင်း ၂၈၈၀၀၀ ကျော်သည် လေများပေါ်၊ စက်များပေါ်တွင် ကုန်ဆုံးသွားပြီကို သိရှိနားလည်သင့်သည်။ တစ်လ၊ တစ်နှစ်ဆိုရင် ဘယ်လောက်များ ဖြစ်သွားပြီလဲ။ အဲဒီကုန်ကျငွေတွေထဲက ကျွန်တော်တို့ ဘဝတိုးတက်ရေးအတွက် ဘယ်လောက်အကျိုးကျေးဇူးရခဲ့သလဲဆိုသည့် အသိတရားကို လက်ကိုင်ထား၍ သတိထားမိကြပါရဲ့လား။

နားနှစ်ဖက်ကို နားကြပ်တပ်၍ ဖုန်းပြောရင်း၊ သီချင်း နားထောင်ရင်း လမ်းကူး၍ ကားတိုက်ခံရပြီး သေကျေ ဒဏ်ရာရရှိသူ၊ ဖုန်းပြောရင်း ယာဉ်မောင်း၍ တိုက်မိကာ သေကျေဒဏ်ရာရရှိသူ၊ အွန်လိုင်းပေါ်တွင်တွေ့၍ ချစ်၊ ကြိုက်၊ ကွဲ၊ ညား၊ ကြေကွဲမှုတွေခံစားနေရသူ၊ ဖုန်းအသုံးလွန်၍ ကောင်းမွန်နေသောကိုယ်ခံစွမ်းအားများ ပျက်ယွင်းသွားရသူတွေ တဖြည်းဖြည်း များလာသည်။ အချိန်မီ ပညာပေးလုပ်ငန်းများ မလုပ်ပါက လူငယ်များမှသည် နိုင်ငံတော်အတွက်ပင် အန္တရာယ်ကြီးသော ကပ်ဆိုးကြီးတစ်ခုသဖွယ် ကြီးထွားလာမည်ကိုပင် စိုးရိမ်မိပါသည်။

### မူးယစ်ဆေးနှင့် လောင်းကစားအန္တရာယ်

ထို့အပြင် အနာဂတ်နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် အချို့သော လူငယ်၊ လူရွယ်များသည် မူးယစ်ဆေးဝါး၊ လောင်းကစားသံသရာထဲတွင် ပျော်ရွှင်စွာ ကူးလူးနေကြဆဲဖြစ်သည်။ အချိန်တန်လျှင် မိသားစုဘဝကို ပိုင်ဆိုင်လာမည်။ မိသားစုဘဝ တိုးတက်ရေးအတွက် ကြိုးစားရမည်။ လူသားတာဝန်များကို အသက်အပိုင်းအခြားအလိုက် ကြိုးစားဆောင်ရွက်ရမည်ကို မေ့လာကြသည်။

နိုင်ငံရပ်ခြားသို့ သွားရောက်ပြီး ပြန်လာသူအချို့က ပြောကြသည်။ သူတို့ရောက်ခဲ့သော နိုင်ငံများတွင် တိုးတက်နေပုံများ၊ ခေတ်မီနေပုံများ၊ စနစ်တကျ စည်းကမ်းလိုက်နာကြပုံများ၊ နိုင်ငံသားများ၏ တစ်ဦးချင်းအသိစိတ်ဓာတ်၊ ကြိုးစားဆောင်ရွက်နေပုံများကို မစားရဝခမန်း ပြောပြကြသည်။ မိမိနိုင်ငံကို အခြားနိုင်ငံများနည်းတူ တိုးတက်စေလိုသောသဘောဖြင့် ပြောကြခြင်းဖြစ်၍ ကြိုဆိုရပေမည်။

### မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်

တိုးတက်သော နိုင်ငံကြီးများကို လေ့လာကြည့်လျှင် နိုင်ငံသားများ၏ တူညီမှုငါးရပ်ကို တွေ့ရှိရသည်။ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှု၊ အဂတိတရားကင်းရှင်းမှု၊ မိမိနိုင်ငံတိုးတက်ရေးအတွက် ပေးဆပ်ဆောင်ရွက်ပေးလိုမှု၊ မိမိနိုင်ငံအတွက် ဂုဏ်ယူမှုတို့ဖြစ်ကြောင်း တွေ့ရသည်။

ဆိုလိုသည်မှာ ခေတ်မီတိုးတက်သော နိုင်ငံတိုင်းရှိနိုင်ငံသားများသည် ထုတ်ပြန်ထားသော ဥပဒေ၊ စည်းကမ်းများကို တိကျစွာ လိုက်နာသည်။ မိမိဘဝတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုအလိုက် ကြိုးစားဆောင်ရွက်သည်။ အဂတိတရားဖောက်ဖျက်ရန် ရွံရှာသည်။ မိမိနိုင်ငံအတွက် ကျရာတာဝန်ကို ပေးဆပ်ထမ်းဆောင်ရန် အသင့်ဖြစ်နေသည်။ မိမိနိုင်ငံတိုးတက်မှုများကို ဂုဏ်ယူသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိနိုင်ငံသားများတွင်သာ တာဝန်ရှိသည်။ အထူးသဖြင့် လူငယ်များတွင် အဓိကတာဝန်ရှိသည်။ နိုင်ငံတစ်ခု ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော လူငယ်များ၏ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှု၊ အဂတိကင်းရှင်းမှု၊ နိုင်ငံအတွက် ပေးဆပ်မှု၊ ဂုဏ်ယူမှုတို့ ပြည့်စုံရန်သာ လိုသည်။ လူမှုရေးနယ်ပယ်တွင် ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဟု ပြောကြသည်။

ပထမအရွယ်ဖြစ်သည့် မွေးစမှ နှစ်ဆယ့်ငါးနှစ်အတွင်း အသိပညာ၊ အတတ်ပညာများကို ရှာမှီးကြရာတွင် အတန်းပညာထူးချွန်ဖို့၊ ဘွဲ့များစွာရရှိဖို့အတွက်သာ မိဘများက သား၊ သမီးများကို လောဘတကြီး ပုံသွင်းနေခြင်းများသည် လူငယ်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ စာတတ်ရန်သာ ဖြစ်စေပြီး ပညာတတ်ရန် ဝေးကွာသွားပေမည်။ လူငယ်တိုင်း ဆရာဝန်ဖြစ်သွားပါက၊ အင်ဂျင်နီယာများ ဖြစ်သွားပါကလည်း အခြားနယ်ပယ်အသီးသီးတွင် နိုင်ငံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်သူ ရှိတော့မည်မဟုတ်ပေ။

ဒုတိယအရွယ်ဖြစ်သည့် အသက် ၂၅ နှစ်မှ ၄၅ အတွင်း ဥစ္စာရှာ ဆိုသည်မှာလည်း ရှင်းလင်းလှသည်။ ပထမအရွယ်တွင် တတ်မြောက်ထားသော အသိပညာ၊ အတတ်ပညာများကို အရင်းပြု၍ ငွေကြေး၊ စည်းစိမ်ဥစ္စာများ ရှာဖွေရန်ဖြစ်သည်။ ထိုသို့ ရှာဖွေကြရာတွင်လည်း ခေတ်ကာလအလိုက် ထုတ်ပြန်ထားသော စည်းကမ်း၊ ဥပဒေများအတိုင်း လိုက်နာ၍ အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရန် လိုအပ်သည်။ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး ကင်းရှင်းရန်လည်း လိုသည်။ သို့မှသာ မိမိလည်း ကြွယ်ဝချမ်းသာမည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်မည်။

တတိယအရွယ်ဖြစ်သည့် အသက် ၄၅နှစ်မှ ဘဝသစ်သို့ ကူးပြောင်းမည့်အချိန်အတွင်း၌မူ မိမိဖြတ်သန်းခဲ့သမျှ၊ လှုပ်ရှားဆောင်ရွက်ခဲ့သမျှထဲမှ အားသာချက်၊ အားနည်းချက်များကို ဆင်ခြင်သုံးသပ် ဖြန့်ဝေရမည်။ ကိုးကွယ်ရာဘာသာအလိုက် ဘဝသစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေရမည်ဖြစ်သည်။

### လူငယ်များ၏ များပြားလှသောတာဝန်

သို့ဖြစ်ပါ၍ ယနေ့ လူငယ်များအပေါ် နိုင်ငံတော်၏ မျှော်လင့်ချက်သည် ကြီးမားသည်နှင့်အမျှ လူငယ်များ၏ တာဝန်သည်လည်း များပြားလှပါသည်။ တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြမည့် လူငယ်များသည် အသက်အရွယ်အလိုက် သိသင့်သိထိုက်သော၊ တတ်သင့် တတ်ထိုက်သော အသိပညာများကို တတ်မြောက်ထားရန် လိုသည်။ သို့မှသာ တာဝန်ပေးအပ်လာပါက အသင့် တာဝန်ယူနိုင်မည်ဖြစ်သည်။ မလိုလားအပ်သော အလွဲသုံးမှုများကို ရှောင်ရှားရန်လိုသည်။ အချင်းချင်းလည်း ပညာပေးကြရန် လိုသည်။ ကောင်းသောလမ်းသို့ လက်တွဲခေါ်ယူရန်လိုသည်။ နိုင်ငံသားတစ်ဦး၊ ဝန်ထမ်းတစ်ဦးအနေဖြင့် လိုက်နာရန် နိုင်ငံတော်မှ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာရန်လိုသည်။ သို့မှသာ အနာဂတ်လူငယ်များကြောင့် အနာဂတ်နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။ ။

# ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

## ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု



### အစီရင်ခံသည့်ကာလအတွင်း မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက်-



အဆိုပြုစာတွဲ (Nomination Dossier) နှင့်အမွေအနှစ်စီမံခန့်ခွဲမှုအစီအစဉ်များ (Properties Management Plan)များရေးဆွဲခြင်း၊ Cultural Map ရေးဆွဲခြင်း၊ မြို့ပြ အခြေခံဆက်သွယ်မှု လမ်းကြောင်းများနှင့် ဝန်ဆောင်မှုနေရာများကို မြေပုံရေးဆွဲနိုင်ရန် ကွင်းဆင်း ဆောက်ရွက်ခြင်း၊ Topographic Map - 1:5000 ရေးဆွဲခြင်းနှင့် မြေပုံထုတ်ခြင်း လုပ်ငန်းများကို ICH - DOA Mrauk- U အဖွဲ့နှင့် GIS Team တို့မှပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။



အစီအရင်ခံသည့်ကာလအတွင်း နှစ် (၁၀၀) ကျော်သက်တမ်းရှိ ရှေးဟောင်းယဉ်ကျေးမှုအဆောက်အဦများ၊ ဘုရား၊ စေတီပုထိုးများ၊ ရှေးဟောင်းပစ္စည်းများအား လေ့လာဆန်းစစ်ချက်များပြုလုပ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပုံထုတ်ခြင်း၊ Drone ဖြင့် ဓာတ်ပုံမှတ်တမ်းကောက်ယူခြင်းလုပ်ငန်းများကို GIS Team နှင့် တရုတ်နိုင်ငံ Southeast University အဖွဲ့တို့မှလည်းကောင်း၊ သတင်းအချက်အလက်နှင့် အသိပေးကွန်ကရစ်ဆိုင်းဘုတ်များ စိုက်ထူခြင်းနှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ လည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်နေ့တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အစီအမံများနှင့် စပ်လျဉ်း၍ World Bank မှ ပညာရှင်အဖွဲ့နှင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နှင့် (၂၈) ရက်နေ့များတွင်ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို UNESCO မှ ပညာရှင်များ၊ တရုတ်နိုင်ငံနှင့် အီတလီနိုင်ငံတို့မှ ပညာရှင်များနှင့်လည်းကောင်းဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်နှင့် (၂၂) ရက်နေ့များတွင်ဒေသခံပြည်သူလူထုအား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးဆိုင်ရာအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ဆက်ဆံရေး

### တပ်ရင်းမှူးအဆင့်တွေ့ဆုံဆွေးနွေးပွဲ



၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၁၈) ရက်နေ့တွင် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်ခြားစောင့်တပ်ရင်းမှူးအဆင့်တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။

၁၃

### မြန်မာ - ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေး



ပြန်လည်လက်ခံရေးဆိုင်ရာမြန်မာ - ဘင်္ဂလားဒေ့ရှ်ပူးတွဲလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို (၂၉-၁၀-၂၀၁၈) ရက်နေ့မှ (၃၀-၁၀-၂၀၁၈) ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင်ကျင်းပခဲ့ပါသည်။

နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးတွင်နေထိုင်လျက် ရှိသူများအတွက် အကူအညီပေးနိုင်မှု အခြေအနေနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်း (ICRC) နှင့် မြန်မာနိုင်ငံကြက်ခြေနီ အသင်း (MRCS)တို့မှ ပူးပေါင်း၍ ကနဦး လေ့လာမှုကို (၁၂-၉-၂၀၁၈) ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။



ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် အာရှ-ပစိဖိတ် ဆိုင်ရာညွှန်ကြားရေးမှူးနှင့် လက်ထောက်အုပ်ချုပ်ရေးမှူးဖြစ်သူ ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. HaoliangXu သည် (၁၀-၁၂-၂၀၁၈) ရက်နေ့မှ (၁၂-၁၂-၂၀၁၈) ရက်နေ့အထိ UNDP နှင့် UNHCR လေ့လာရေးအဖွဲ့များ ကွင်းဆင်းခဲ့သည့် ကျေးရွာများသို့ သွားရောက်ခဲ့ပါသည်။

### မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကြားကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေမှာ




#### စစ်တွေကုန်သွယ်ရေးစခန်း

စစ်တွေကုန်သွယ်ရေးစခန်းတွင် (၁-၉-၂၀၁၈) မှ (၁၄-၁၂-၂၀၁၈) အထိ အမှန်တင်ပို့ / တင်သွင်းနိုင်သောကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ(၁၈.၈၂၆) သန်း ဆောင်ရွက်နိုင်ခဲ့သဖြင့် ယခင်နှစ်အလားတူကာလထက်အမေရိကန်ဒေါ်လာ (၁၃.၆၄၉) သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

#### မောင်တောကုန်သွယ်ရေးစခန်း

မောင်တောကုန်သွယ်ရေးစခန်းတွင် (၁-၉-၂၀၁၈) မှ (၁၄-၁၂-၂၀၁၈) အထိအမှန်တင်ပို့ /တင်သွင်းနိုင်သောကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ( ၂.၂၃၅ ) သန်းရှိခဲ့ရာ ယခင်နှစ်အလားတူကာလထက် ( ၀.၂၅၄ ) သန်း လျော့နည်းခဲ့ပါသည်။

## ဒေသတွင်းနိုင်ငံများနှင့်ဆက်ဆံရေး

### လက်ခံတွေ့ဆုံခြင်း (၅) ကြိမ်၊ နိုင်ငံတကာအစည်းအဝေး (၃) ကြိမ်






နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလများ အတွင်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာ ဝန်ကြီး၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၊ စင်္ကာပူနိုင်ငံခြားရေးဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံအထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်တို့အား အသီးသီး လက်ခံတွေ့ဆုံရာ၌လည်းကောင်း၊ (၂၇) ကြိမ်မြောက်ကမ္ဘာ့စီးပွားရေးဖိုရမ်၊ (၁၀) ကြိမ်မြောက်မဲခေါင် - ဂျပန်ထိပ်သီး အစည်း အဝေး၊ (၃၃) ကြိမ်မြောက်အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ရခိုင်ပြည်နယ် ဖြစ်ပေါ်တိုးတက်မှုများနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုဆွေးနွေးပြောကြားခဲ့ပါသည်။

၁၄





အစီရင်ခံသည့်ကာလအတွင်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ သည်လည်း နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင်လည်းကောင်း၊ နိုင်ငံတကာတွင်ကျင်းပပြုလုပ်ခဲ့သည့် အစည်းအဝေးများတွင် လည်းကောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာဖြစ်ပေါ် တိုးတက်မှုများနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး အတွက်ပူးပေါင်း ဆောက်ရွက်မည့် ကိစ္စရပ်များကိုဆွေးနွေးပြောကြားခဲ့ပါသည်။

### ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်ခရီးစဉ်(၂) ကြိမ်





ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms. Christine Burgener သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလနှင့် ဒီဇင်ဘာလများအတွင်း မြန်မာနိုင်ငံသို့လာရောက်ကာနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိ သူများအား တွေ့ဆုံခဲ့သကဲ့သို့ ရခိုင်ပြည်နယ်၊ မောင်တောဒေသနှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားဒေသများသို့ သွားရောက်ပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဒေသနေသူများနှင့်တွေ့ဆုံခဲ့သည်။

### ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကော်မတီ၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ပြည်သူသို့ အစီရင်ခံတင်ပြလျက်ရှိရာ ပထမအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လည်းကောင်း၊ ဒုတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ ဇွန်လတွင် လည်းကောင်း၊ တတိယအကြိမ် အစီရင်ခံစာကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် လည်းကောင်း ဖော်ပြခဲ့ပြီးဖြစ်ပါကြောင်းနှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖော်ပြအပ်ပါသည်။




၁၅

## မိုးရာသီ အစေ့ထုတ်ပြောင်းသီးနှံတွင် ငမြှောင်တောင်ဖျက်ပိုးကို သတိပြုစောင့်ကြည့်ရန်လိုအပ်ဟုဆို

**မုံရွာ မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လာမည့်မိုးရာသီတွင် စိုက်ပျိုးကြမည့် အစေ့ထုတ်ပြောင်းသီးနှံတွင် ငမြှောင်တောင် ဖျက်ပိုးကျရောက်နိုင်သဖြင့် သတိပြုစောင့်ကြည့်ရန်လိုအပ်ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပြောသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းရာသီမှာက အစေ့ထုတ်ပြောင်းစိုက်တဲ့ကေက နည်းတယ်။ မိုးရာသီမှာကျတော့ စိုက်ကေများတယ်။ ကိုယ့်ဒေသမှာမရှိဘူးလို့ ထင်ရပေမယ့် တစ်ညအတွင်းမှာ အချိန်မရွေး ရောက်လာနိုင်တယ်။ ဒီပိုးကအခုနှစ်မှ နိုင်ငံခြားကနေဝင်လာတဲ့ ပိုးတစ်မျိုးဖြစ်တဲ့အတွက် အထူးသတိပြုရမှာဖြစ်တယ်။ ငမြှောင်တောင်ပိုးနဲ့ပတ်သက်ပြီး အစေ့ထုတ်ပြောင်းတွေစိုက်တဲ့အခါမှာ ပေါ့ပေါ့ဆဆနဲ့မနေဖို့၊ ကိုယ့်ရဲ့စိုက်ခင်းတွေကို အမြဲတမ်းကွင်းဆင်းကြည့်ဖို့လိုတယ်။ တောင်သူတွေ နှိမ်နင်းရတာ အဆင်မပြေရင်လည်း စိုက်ပျိုးရေးဦးစီးဌာနကို အချိန်မီအကြောင်းကြားဖို့ ဒီကဝန်ထမ်းတွေနဲ့ တောင်သူတွေ ပူးပေါင်းပြီးတော့ လုပ်ဆောင်ပေးသွားမှာပါ”ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်ကစတင်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်ဝန်းကျင်ရှိအစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် စတင်ကျရောက်ခဲ့ခြင်းဖြစ်ပြီး ယင်းမြို့နယ်၌ ၅၀၂ ကေတွင် ကျရောက်ခဲ့ရာ ၂၈၂ ကေမှာ ပျက်စီးခဲ့ရကြောင်း၊ အခြားမြို့များဖြစ်သော မုံရွာမြို့နယ်တွင် ဧက ၅၀ ဒသမ ၅၀၊ ယင်းမာပင်မြို့နယ်တွင် ဧက ၂၀ ဒသမ ၅၀၊ ကနီမြို့နယ်တွင် ၅၀ ဒသမ ၈၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၁၅ ဧကနှင့် ကလေးမြို့နယ်တွင် ၁၅ ဧက တို့တွင် ကျရောက်ခဲ့သော်လည်း ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း နည်းလမ်းများကို အသုံးပြုခြင်းကြောင့် ထပ်မံပျက်စီးဆုံးရှုံးမှုမရှိခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## နေရပ်စွန့်ခွာသူများအတွက် တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ရန် ပန္နက်တင် အခမ်းအနားကျင်းပ

**ချီဖွေ မတ် ၁၀**

ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဂဲနပ်(စ်) ဦးဆောင်ပြီး Mr. Wirakhman Maharlika Somantri (အင်ဒိုနီးရှား) နိုင်ငံသား၊ Ms. Rita Petralba (ဖိလစ်ပိုင်) နိုင်ငံသူ စသည့်နိုင်ငံခြားသားနှစ်ဦးပါဝင်သည့် အဖွဲ့တို့သည် ချီဖွေမြို့နယ် လိုင်မာယန်ကျေးရွာအုပ်စု မဂေါင် ကျေးရွာ မြို့ကွက်သစ်လျာထားမြေနေရာ အနီးတွင် နေရပ်စွန့်ခွာသူများအတွက် တန်ဖိုးနည်းအိမ်ရာ အလုံး ၁၀၀ အနက် ပထမအကြိမ် အိမ်ရာ ၁၁ လုံးကို တည်ဆောက်နိုင်ရေး မြေနေရာ၌ မတ်လပထမပတ်က ပန္နက်တင် အခမ်းအနားကို ကျင်းပခဲ့သည်။

ကန်ပိုက်ယန်ရပ်ကွက်နေပြည်သူများက မိမိတို့နေရပ်သို့ ပြန်လည်နေထိုင်လိုကြောင်း တင်ပြချက်နှင့် ပတ်သက်၍ ကန်ပိုက်ယန်ရပ်ကွက်သို့ ဆန်းစစ်ခြင်းများ ဆောင်ရွက်ပြီးနောက် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ အစီအစဉ်ဖြင့် နာမော်ဇွပ်ကျေးရွာတွင်း ကွန်ကရစ်လမ်း၊ တမိုးပြဲရွာ သောက်သုံးရေသွယ်တန်းခြင်းနှင့် ရေလှောင်ကန်များလည်း တည်ဆောက်ထားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မြန်မာရေးရာလေ့လာရေးအဖွဲ့က ပြုစုရေးသားထုတ်ဝေသည့် ကမ္ဘာရေးရာအမှတ်(၁) စာအုပ်မိတ်ဆက်ပွဲ ကျင်းပ



မြန်မာရေးရာလေ့လာရေးအဖွဲ့က ပြုစုရေးသားထုတ်ဝေသည့် ကမ္ဘာရေးရာအမှတ်(၁) စာအုပ်မိတ်ဆက်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် အမှာစကား ပြောကြားစဉ်။

**ရန်ကုန် မတ် ၁၀**

မြန်မာရေးရာလေ့လာရေးအဖွဲ့က ပြုစုရေးသားထုတ်ဝေသည့် ကမ္ဘာရေးရာအမှတ် (၁) စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၁၂) ရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးချုပ်သို့ ရောက်ရှိပြီး အဆောက်အဦမြေညီထပ်၌ ချိတ်ဆွဲပြသထားသည့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar သတင်းစာတိုက်နှင့် ကိုယ်ပွားသတင်းစာတိုက်များ၏ တည်နေရာပြမြေပုံ၊ သတင်းစာ ထုတ်လုပ်ဖြန့်ချိရေးနှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုသည်။

**အထောက်အကူဖြစ်မည်**

ထို့နောက် ကမ္ဘာရေးရာ အမှတ် (၁) စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုသည် ထိုတိုင်းပြည်၏ အသိဉာဏ်ပညာဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မူတည်ပါကြောင်း၊ အသိပညာဖွံ့ဖြိုးတိုးတက်စေရန် ဘာသာရပ်တစ်ခုကို စူးစမ်းလေ့လာသုတေသနပြုသည့် ပုဂ္ဂိုလ်များက စုဝေးဆွေးနွေးတိုင်ပင်ပြီး တင်ပြကြမည်၊ တင်ပြသည့်အပေါ် ဝေဖန်မည်၊ ထောက်ပြမည်၊ ဖြည့်စွက်မည် စသည့် နည်းလမ်းများကို အသုံးပြုခြင်းဖြင့် တိုင်းပြည်၏ အသိပညာများဖွံ့ဖြိုးတိုးတက်လာပြီး ကဏ္ဍအသီးသီးအပေါ် ပိုမိုပီသသည့် အတွေးအမြင်များ၊ အယူအဆများ ရှိလာမည်ဟု ယူဆသည့်အတွက် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အများကြီး အထောက်အကူဖြစ်မည်ဟု မြင်မိပါကြောင်း။

ကမ္ဘာရေးရာ၊ မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာ စာစောင်များကို စုစည်းသည့် မြန်မာရေးရာသုတေသနအဖွဲ့သည် မြန်မာနိုင်ငံမှ အသိဉာဏ်အမြော်အမြင်ရှိသည့် ပုဂ္ဂိုလ်များနှင့် စုစည်းဖလှယ်ရာနေရာတစ်ခုဖြစ်စေရန်၊ နိုင်ငံတကာမှ ယခုကဲ့သို့ သုတေသနပြုသူများနှင့် ဆက်သွယ်ပြီး လုပ်ကိုင်ဆောင်ရွက်ရန်၊ နိုင်ငံတကာမှ မြန်မာရေးရာနှင့်ပတ်သက်ပြီး ကိုးကားလိုသည့်အချက်အလက်များ မေးမြန်းလာမှုကို ဌာနအနေဖြင့် ပြောဆိုဆွေးနွေးနိုင်စေရန်၊ မိမိတို့သည်လည်း နိုင်ငံတကာနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မြန်မာရေးရာ သုတေသနအဖွဲ့နှင့် နိုင်ငံတကာမှ သုတေသနအဖွဲ့များနှင့် ဆက်စပ်ပြီး မေးမြန်းဆွေးနွေးနိုင်ရန်နှင့် မိမိတို့ အသိပညာများ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းကူညီပေးကြစေလို**

မိမိတို့အနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည့်အတွက် ကြွရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း ယင်းကဏ္ဍကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ စာစောင်များနှင့်ပတ်သက်ပြီး လိုအပ်မှုများ၊ ချို့ယွင်းမှုများရှိပါက ထောက်ပြဝေဖန် ပြောဆိုစေလိုပါကြောင်းနှင့် အောင်မြင်နိုင်ရေးအတွက် တတ်နိုင်သမျှ ရေးသားဖြည့်ဆည်းပေးပြီး ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားနှင့် ပတ်သက်၍ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်က ကမ္ဘာရေးရာစာအုပ်နှင့် ပတ်သက်၍ မိတ်ဆက်အမှာစကားပြောကြားရာတွင် ကမ္ဘာရေးရာစာအုပ်သည် ပြန်ကြားရေးဝန်ကြီးဌာန၏ တွန်းအားပေးမှု၊ လှုံ့ဆော်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ မိမိတို့အား စင်ကာပူနိုင်ငံမှ မြန်မာ့အရေးစိတ်ဝင်စားသူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ စာအုပ်တွင် အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံတို့အပြင် ကမ္ဘာ့နိုင်ငံကြီးများနှင့် အာရှတိုက်ရှိ နိုင်ငံအချို့မှ ထုတ်ဝေသည့် ဆောင်းပါးအရင်းအမြစ်များကို ဘာသာပြန်ဖော်ပြခြင်းဖြစ်ပါကြောင်း မိတ်ဆက်ပြောကြားသည်။

ဆက်လက်၍ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ အကြီးတန်းသုတေသနမှူး ဦးဇေယျာက မြန်မာရေးရာလေ့လာရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**ရသစာပေများ ပါဝင်**

ကမ္ဘာရေးရာအမှတ် (၁) စာအုပ်သည် နိုင်ငံတကာမှ နာမည်ကြီးသည့် ဆောင်းပါးများ၊ သုံးသပ်ချက်များကို ဘာသာပြန်ဆို၍ ပြန်လည်ထုတ်ဝေထားခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင် လတ်တလောဖြစ်ပေါ်နေသည့် အတွေးအခေါ်ရေစီးကြောင်းများ၊ ကမ္ဘာ့နိုင်ငံများ၏ ထူးခြားသည့် နိုင်ငံရေးအဖြစ်အပျက်များအပြင် စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးတို့နှင့် ပတ်သက်ပြီး ၂၀၁၉ အတွင်း ဖြစ်ပေါ်လာနိုင်သည့် ခန့်မှန်းချက်ဆောင်းပါးများနှင့် ရသစာပေများ ပါဝင်သည်။

**ကဏ္ဍစုံပါဝင်**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဗဟို) ပြန်ကြားရေးကော်မတီ အတွင်းရေးမှူး မုံရွာအောင်ရှင်က "ဒီစာအုပ်မှာ ကမ္ဘာ့နိုင်ငံကြီးတွေနဲ့ပတ်သက်ပြီး ကဏ္ဍစုံပါဝင်တယ်။ မြန်မာနဲ့ ပတ်သက်တဲ့ ကမ္ဘာ့အမြင်ဆောင်းပါး၊ တရုတ်နိုင်ငံ၊ ဥရောပနိုင်ငံတွေနဲ့ ပတ်သက်တဲ့ဆောင်းပါးတွေပါတယ်။ အကြောင်းအရာတွေတော်တော်ပြည့်စုံပါတယ်။ ဒီစာအုပ်ကို ဖတ်လိုက်ရင် ကမ္ဘာ့အကြောင်းကို တော်တော် သိသွားကြပါလိမ့်မယ်" ဟုပြောသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စာပေပညာရှင်များ၊ စာရေးဆရာများ၊ စာပေဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်း - ဇော်ကြီး၊ မီမီဖြိုး**
**ဓာတ်ပုံ-ရဲထွဋ်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်အဖွဲ့ သြစတြေးလျနိုင်ငံ ပြည်ထောင်စုရဲအဖွဲ့ ရဲချုပ်နှင့် နယ်ခြားစောင့်တပ်ဖွဲ့ အကြီးအကဲတို့အား တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးနှင့် အဆင့်မြင့် ရဲအရာရှိကြီး ခြောက်ဦးတို့အဖွဲ့သည် သြစတြေးလျပြည်ထောင်စုရဲအဖွဲ့ ရဲချုပ်၏ ဖိတ်ကြားချက်အရ မတ် ၃ ရက်မှ ၉ ရက်အထိ သြစတြေးလျနိုင်ငံသို့ အလုပ်သဘော ခရီးသွားရောက်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်အဖွဲ့သည် မတ် ၄ ရက်တွင် ကင်ဘာရာမြို့ Australia Federal Police-AFP ဌာနချုပ် အစည်းအဝေးခန်းမ၌ သြစတြေးလျ ပြည်ထောင်စု ရဲအဖွဲ့ ရဲချုပ် Police Commissioner, Andrew Colvin ၊ ဒုတိယရဲချုပ် Deputy Commissioner Scott Lee ၊ အဆင့်မြင့်ရဲအရာရှိကြီးများ ပါဝင်သောအဖွဲ့တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံရဲတပ်ဖွဲ့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်တင်ရေး၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးနှင့် ဆိုက်ဘာမှုခင်းများတိုက်ဖျက်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ မူဝါဒ/ သဘောထားများ ဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်၍ သြစတြေးလျ ပြည်ထောင်စုရဲအဖွဲ့ ဌာနချုပ်တွင် ဒုတိယရဲချုပ် Deputy Commissioner Scott Lee နှင့်အဆင့်မြင့် ရဲအရာရှိကြီးများနှင့် တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မှုတွင် လက်တွေ့အကောင်အထည်ဖော်နိုင်မည့်နယ်ပယ်၊ အကူအညီပေးရေးဆိုင်ရာများ အသေးစိတ်ဆွေးနွေးခဲ့ပြီး မတ်လ ၅ ရက်၊ ၆ ရက်တွင် AFP မှုခင်းသိပ္ပံနှင့် စုံစမ်းစစ်ဆေးရေးဌာနချုပ်တွင် မှုခင်းနည်းပညာဓာတ်ခွဲခန်းများ၊ နယ်မြေရဲလုပ်ငန်းများ၊ မြို့တော်လုံခြုံရေးနှင့် မှုခင်းဆိုင်ရာဗဟိုဌာနများ၊ ရဲတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေး ဆောင်ရွက်မှုများကို လေ့လာကြည့်ရှုခဲ့သည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့်အဖွဲ့နှင့် သြစတြေးလျနိုင်ငံ ပြည်ထောင်စုရဲအဖွဲ့ ရဲချုပ်နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

မတ် ၇ ရက်တွင် ကင်ဘာရာမြို့ သြစတြေးလျနယ်စပ်ဒေသ ရဲတပ်ဖွဲ့ ဌာနချုပ် (Australia Border Force HQ) တွင် Commissioner Micheal Qutram နှင့်တွေ့ဆုံ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး၊ နည်းပညာအသုံးပြုမှုနှင့် ရေယာဉ်များ အကူအညီပေးရေး၊ ရေကြောင်းတရားဥပဒေစိုးမိုးရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆစ်ဒနီမြို့သို့ သွားရောက်၍ ဆစ်ဒနီအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လုံခြုံရေး၊ ခရီးသည်များနှင့် ပြည်ပ ဝင်/ထွက်မှုများ ရှာဖွေစစ်ဆေးခြင်း၊ သတင်းရယူခြင်းတို့နှင့်ပတ်သက်၍ လက်တွေ့ဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ပြီး ဌာနချုပ်ရုံးခွဲ (Sydeny) တွင် AFP နှင့် ABF တို့မှ တာဝန်ရှိသူ ရဲဘက်ဆိုင်ရာ အကြီးအကဲများတို့နှင့်တွေ့ဆုံ ဆွေးနွေးခဲ့သည်။ မတ် ၈ ရက်တွင် နယ်စပ်ဒေသ ရဲတပ်ဖွဲ့ရေယာဉ်နှင့် ပင်လယ်ရေကြောင်းဆိုင်ရာ လေ့ကျင့်ရေးစခန်းတွင် နယ်စပ်နယ်နိမိတ် ပင်လယ်ရေကြောင်းလုံခြုံရေး ဆောင်ရွက်မှုများနှင့် သင်တန်းပေး လေ့ကျင့်မှုများကို လည်းကောင်း၊ သြစတြေးလျရဲအရာရှိကြီးအဆင့် ရဲတက္ကသိုလ် (Australian Institue and Police Management-AIPM) သို့ သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရဲအရာရှိများ စွမ်းရည်မြှင့်တင်ရေးသင်တန်းများနှင့် ပတ်သက်၍ လေ့လာမေးမြန်း ဆွေးနွေးခြင်း၊ မြန်မာ-သြစတြေးလျ နှစ်နိုင်ငံ ရဲတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးသည်။

ရဲချုပ်နှင့်အဖွဲ့သည် မတ် ၉ ရက် ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



နယ်သာလန်နိုင်ငံသားများနှင့် တာဝန်သိပြည်သူများကို တွေ့ရစဉ်။

# နယ်သာလန်နိုင်ငံသားကျပျောက်ခဲ့သည့် ခရီးဆောင်အိတ်အား တာဝန်သိပြည်သူနှင့် ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပေးအပ်

**နေပြည်တော် မတ် ၁၀**

မြင်းခြံမြို့မရဲစခန်းသို့ နယ်သာလန်နိုင်ငံသား Mr. Willen Griffioen ရောက်ရှိလာပြီး ၎င်းသည် ဆိုင်ကယ်ဖြင့် မန္တလေးမှ ညောင်ဦးမြို့သို့ ထွက်ခွာလာစဉ်လမ်း၌ မတ် ၆ ရက် ည ၁၁ နာရီခန့်က ဆိုင်ကယ်နောက်တွင်တင်ဆောင်လာသည့် ပတ်စ်ပို့စာအုပ်တစ်အုပ်၊ ဒရုန်းအငယ်တစ်လုံး ၊ ကင်မရာတစ်လုံး၊ အညိုရောင် ပိုက်ဆံအိတ်တစ်လုံး၊ဒေါ်လာ ၂၀၀ နှင့် ထိုင်းဘတ်ငွေများပါ ခရီးဆောင်အိတ်တစ်လုံး ကျပျောက်ခဲ့ကြောင်း အကြောင်းကြားသည်။

ရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ရဲစခန်းများသို့ ဆက်သွယ်အကြောင်းကြားပြီး ချိတ်ဆက်ရှာဖွေဆောင်ရွက်နေစဉ် မတ် ၇ ရက်တွင် တောင်သာမြို့နယ် မင်းကြီးကျေးရွာနေ ကိုအောင်ကျော်ဦး (၃၂ နှစ်) သည် မြင်းခြံ-ညောင်ဦး ကားလမ်းပေါ်မှ နိုင်ငံခြားသား၏ ခရီးဆောင်အိတ်တစ်လုံးကောက်ရထားကြောင်း ရဲစခန်းသို့ အကြောင်းကြားလာသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ နယ်သာလန်နိုင်ငံသား Mr. Willen Griffioen ၏ ပစ္စည်းများဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်သာလန်နိုင်ငံသားအား ဆက်သွယ်ခဲ့ရာ မတ် ၈ ရက်တွင် မြင်းခြံမြို့မရဲစခန်းသို့ ရောက်ရှိလာသဖြင့် ၎င်း၏ပစ္စည်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သောင်းဝင်း၊ မြို့မရဲစခန်းမှူး ဒုတိယ ရဲမှူး ရဲရန်အောင်၊ ကောက်ယူသိမ်းဆည်း ပေးထားသည့် ကိုအောင်ကျော်ဦးတို့က သက်သေများရှေ့တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာနိုင်ငံအတွက်သာမက မြန်မာအင်ဂျင်နီယာများနှင့် ကျွမ်းကျင်လုပ်သားများအတွက်ပါ ပညာလည်းရ ဝမ်းလည်းဝသည့် J & M သံမဏိစက်ရုံသို့ လေ့လာရေးတစ်ခေါက်

**ဂျပန်-မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် စက်ရုံတွင် အလုပ်လုပ်နေရုံသာမက ဂျပန်နိုင်ငံသို့လည်း တစ်နှစ်ပညာတော်သင် သွားခဲ့ရ၍လားမသိ၊ မအေးမြမွန်၏ လှုပ်ရှားသွားလာမှုများသည် သွက်လက်ဖျတ်လတ်နေသည်။**

သူတာဝန်ထမ်းဆောင်နေသည့် စက်ရုံက J&M Steel Solutions Co, Ltd. သံမဏိစက်ရုံဖြစ်သည်။ ထိုစက်ရုံကို မြန်မာနိုင်ငံ၏ သံမဏိသံပေါင်လိုအပ်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ JFE Engineering Corporation တို့က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၁ နိုဝင်ဘာ ၂၀၁၃ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၆၀ ရာခိုင်နှုန်းထည့်ဝင် ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စက်ရုံအပိုင်း(က)ကို ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိ မြေ ၁၆ ဧကပေါ်တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လက စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ထုတ်လုပ်နိုင်ခဲ့သည်။

**ဒီဇိုင်းပညာနှင့် ပညာသင်ကြားရန်**

မအေးမြမွန်က ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်အလုပ်ဝင်ခဲ့ပြီး Shop Drawing ပုံဆွဲဌာန၌ တာဝန်ကျခဲ့သည်။ အလုပ်ဝင်ပြီး တစ်နှစ်ခွဲအကြာမှာပင် စက်ရုံက ဒီဇိုင်းပညာနှင့် ပတ်သက်၍ ပညာသင်ကြားရန် သူ့ကို ဂျပန်နိုင်ငံသို့ တစ်နှစ်ပညာတော်သင် စေလွှတ်ပေးခဲ့သည်။ ပညာတော်သင် ပြန်ရောက်ပြီးနောက် Design & Project Management ဌာနတွင် လက်ရှိ လက်ထောက်မန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည်။

"အရင်က တံတားဒီဇိုင်းနဲ့ ပတ်သက်ပြီး ဒီမှာမလုပ်ဘူး။ ဂျပန်နိုင်ငံ JFE Engineering Corporation ကို တာဝန်ပေးပြီး လုပ်ဆောင်စေတယ်။ ဒီမှာက စက်ရုံအတွက်လိုအပ်တဲ့ Shop Drawing ဆွဲပြီး J & M စက်ရုံမှာ ထုတ်လုပ်တယ်။ ဂျပန်နိုင်ငံက ပြန်လာပြီးနောက်မှာ ဒီဇိုင်းဌာနဖွဲ့စည်းပြီး မြန်မာအင်ဂျင်နီယာတွေ ကိုယ်တိုင်လုပ်ဆောင်နေပါတယ်"ဟု ၎င်းက ပြောသည်။

**ကိုယ်တိုင် ဒီဇိုင်းထုတ်လုပ်နိုင်မည်**

လာမည့်သုံးလေးနှစ်အတွင်း မြန်မာနိုင်ငံ အင်ဂျင်နီယာများကိုယ်တိုင် ဒီဇိုင်းထုတ်လုပ်သွားနိုင်မည်ဟု ယုံကြည်ကြောင်းလည်း မအေးမြမွန်က ဆိုသည်။

J & M Steel Solutions Co, Ltd. သံမဏိစက်ရုံတွင် မြန်မာအင်ဂျင်နီယာ ၁၀၀ နှင့် စက်ရုံဝန်ထမ်း ၅၀၀ စုစုပေါင်း ၆၀၀ ခန့် လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

စက်ရုံအတွင်း၌မူ ဦးထုပ်၊ မျက်မှန်၊ နားဆို့၊ ဖုန်ကာ၊ လက်အိတ်၊ ဖိနပ်နှင့် တူညီဝတ်စုံကိုယ်စီဝတ်ဆင်ထားသော စက်ရုံလုပ်သားများသည် ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် သံနှင့် သံမဏိကုန်ကြမ်းအပြားများကို အတိုင်းအဆအလိုက် ဖြတ်တောက်သူဖြတ်တောက်၊ ဂဟေဆော်သူဆော်လျက်ရှိကြသည်။

**အချိန်တိကျ သေချာ**

"ဒီစက်ရုံမှာ သန့်ရှင်းရေး၊ ကျန်းမာရေး၊ လုံခြုံရေးအပိုင်းတွေကို အလေးထားဆောင်ရွက်ထားတယ်။ အလုပ်သမားတွေ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်နဲ့ ဆေးခန်းထားရှိပေးတယ်။ လုပ်ငန်းခွင် ပြီးစီးတဲ့အခါ ရေချိုးဖို့၊ အဝတ်လဲဖို့အခန်းတွေလည်း ထားရှိပေးတယ်။ စားသောက်ခန်း၊ နားနေခန်း၊ ဧည့်တွေ့ခန်း စတာတွေက အစ စနစ်တကျ ထားရှိပေးပါတယ်။ စည်းကမ်းပိုင်းဆိုလည်း အချိန်တိကျ သေချာရတယ်"ဟု ထုတ်လုပ်ရေးဌာနမှ Factory Leader ကိုတံဘီ က ပြောသည်။



J & M Steel Solution Co, Ltd. မှ ဝန်ထမ်းများ ကွန်ပျူတာဖြင့် တံတားပုံစံဒီဇိုင်းများ ရေးဆွဲနေကြစဉ်။

သူသည် ၂၀၁၄ ခုနှစ်တွင် J & M Steel Solutions Co, Ltd. သို့ စတင်ဝင်ရောက်ခဲ့ပြီး လုပ်ငန်းခွင်ပညာရပ်များကို ဂျပန်နိုင်ငံတွင် သုံးနှစ် လေ့လာသင်ကြားခဲ့သည်။ ၎င်းက လက်ရှိကာလတွင် စက်ရုံရှိ လုပ်သားများ ကျွမ်းကျင်အဆင့်တစ်ခု ရရှိနေပြီဖြစ်သော်လည်း မိမိအနေဖြင့်မူ ယနေ့တိုင် သင်ယူနေဆဲဟုဆိုသည်။

**နည်းပညာပူးပေါင်းဆောင်ရွက်**

"မြန်မာအင်ဂျင်နီယာတွေ၊ မြန်မာကျွမ်းကျင်လုပ်သားတွေ၊ ဝန်ထမ်းတွေအားလုံးက ထူးချွန်ပြောင်မြောက်ကြပါတယ်။ မူလရည်ရွယ်ချက်ဖြစ်တဲ့ ဂျပန်ရဲ့ နည်းပညာတွေကို ဖြန့်ဝေပေးဖို့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမျိုးဆက်သစ် အင်ဂျင်နီယာတွေ၊ ကျွမ်းကျင်လုပ်သားတွေကို ဂျပန်နိုင်ငံကို ပညာသင်စေလွှတ်ပြီး နည်းပညာပူးပေါင်းဆောင်ရွက်မှုတွေ လုပ်စေခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ သူတို့ရဲ့ ဆောင်ရွက်မှုတွေက ကျေနပ်ဖွယ်ရာတွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံ အင်ဂျင်နီယာတွေ သူတို့ဘာသာ သူတို့ Steel Bridge တွေကို ကိုယ်တိုင်ပုံစံထုတ်လုပ်နိုင်တဲ့အဆင့်ကို ရောက်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်"ဟု J & M Steel Solutions Co, Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Yasuo Shoji က ပြောသည်။

J&M Steel Solutions Co, Ltd. သံမဏိစက်ရုံသည် မြန်မာနိုင်ငံ၌ လိုအပ်သည့် အခြေခံအဆောက်အအုံများ တိုးတက်မြင့်မားစေရန် နည်းပညာများ ပြန့်ပွားနိုင်ရေးအတွက် တစိုက်မတ်မတ် ရည်ရွယ်ဆောင်ရွက်ရုံမက ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တံတားစီမံကိန်းများအပြင် အခြားလိုအပ်ချက်အချို့ကိုပါ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။



J & M သံမဏိစက်ရုံမှ ဝန်ထမ်းများ လုပ်ငန်းခွင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**ပြည်တွင်းမှာပင်ဝယ်ယူနိုင်**

ယခင်က နိုင်ငံအတွက် လိုအပ်သည့် သံမဏိသံပေါင်များ၊ အထူးသဖြင့် တံတားကြီးများ တည်ဆောက်ရန် သံမဏိသံပေါင်များကို နိုင်ငံခြားငွေဖြင့် အချိန်ပေးမှာယူတင်သွင်းခဲ့ရသော်လည်း ပစ္စုပ္ပန်တွင် J & M Steel Solutions Co, Ltd. သံမဏိစက်ရုံထုတ် သံမဏိသံပေါင်များကို ပြည်တွင်းမှာပင် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ပြီဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်သည့် တံတားများအပြင် ရန်ကုန်မြို့ ကုက္ကိုင်းခုံးကျော်တံတားနှင့် ဆိပ်ခံတံတားများကိုလည်း စက်ရုံထုတ် သံမဏိသံပေါင်များနှင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

"အခု တည်ဆောက်ပြီးတဲ့တံတားတွေတော်တော်များများက ပြီးစီးသွားပါပြီ။ Plate Girder အမျိုးအစား သံမဏိသံပေါင်တံတားအစင်း ၇၀ ကျော်ပါပြီ။ Steel Truss Type Bridge ဆိုတဲ့ သံမဏိသံပေါင်တံတား ၁၅ စင်း ကျော်သွားပါပြီ။ Box Girder Type Bridge ဆိုတဲ့ သံမဏိသံပေါင် တံတားဆိုရင် ၁၃ စင်း၊ အခုဆိုရင် ထုတ်လုပ်ပြီးတဲ့ သံမဏိသံပေါင် တံတားပေါင်းက အစင်း ၁၀၀ ဝန်းကျင် ရှိသွားပါပြီ။ အဲဒီထဲကမှ ထူးခြားတဲ့ တံတားကြီးတွေပြောပါဆိုရင် မွန်ပြည်နယ်မှာရှိတဲ့ ဗိုလ်ချုပ် အောင်ဆန်း(ချောင်းဆုံ) တံတား၊ ထီးချိုင့်တံတား၊ ချင်းတွင်းတံတား(ခန္တီး)၊ ချင်းတွင်းတံတား (ဟုမ္မလင်း)တို့ တည်ဆောက်ပြီးစီးပါပြီ"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပြောသည်။

**" နိုင်ငံအတွက်လိုအပ်သည့် သံမဏိသံပေါင်များ၊ အထူးသဖြင့် တံတားကြီးများ တည်ဆောက်ရန် သံမဏိသံပေါင်များကို နိုင်ငံခြားငွေဖြင့် အချိန်ပေးမှာယူ တင်သွင်းခဲ့ရသော်လည်း ပစ္စုပ္ပန်တွင် J & M Steel Solutions Co, Ltd. သံမဏိစက်ရုံထုတ် သံမဏိသံပေါင်များကို ပြည်တွင်းမှာပင် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းသက်သာစွာဝယ်ယူနိုင်ပြီဖြစ် "**

**စက်ရုံထုတ် သံပေါင်များ အသုံးပြု**

မကြာမီဖွင့်လှစ်တော့မည့် မြောင်းမြတံတားအပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ဆဲ တံတားများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ပင်လယ်လေး တံတား၊ ပုသိမ်တံတားနှင့် မွန်ပြည်နယ်ရှိ အတ္တရံတံတား၊ ချင်းပြည်နယ်ရှိ ပလက်ဝတံတားနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ သန်လျင်တံတားအမှတ်(၃)တို့တွင် J & M သံမဏိစက်ရုံထုတ် သံမဏိသံပေါင်များဖြင့် အသုံးပြုတည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ဒီဘက်က သံမဏိသံပေါင်တံတားတွေက သီရိလင်္ကာကိုပို့ဖို့ပါ"ဟု ၁၆ ဧက ကျယ်ဝန်းသည့် စက်ရုံရေိယာအတွင်း စီတန်းထားသည့် သံမဏိသံပေါင်တံတားကိုယ်ထည်များကို ညွှန်ပြရင်း ကိုတံဘီက ဆိုသည်။

J&M သံမဏိစက်ရုံသည် မြန်မာနိုင်ငံ၏ သံမဏိသံပေါင်လိုအပ်ချက်ကို အထိုက်အလျောက်ဖြည့်ဆည်းပေးရုံမက ပြည်ပပို့ကုန်အနေဖြင့် လာအိုနိုင်ငံသို့ ၂၀၁၄ ခုနှစ်က တန်နှစ်ရာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တန်တစ်သောင်း၊ သီရိလင်္ကာနိုင်ငံသို့ ၂၀၁၆ ခုနှစ်တွင် တန်သုံးရာ တင်ပို့နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် တန်ရှစ်ထောင် ထပ်မံတင်ပို့လျက်ရှိသည်။ အိန္ဒိယနိုင်ငံသို့လည်း ဆက်လက်တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်ရုံ စတင်တည်ထောင်ချိန်က တစ်နှစ်လျှင် သံမဏိသံပေါင် တန်ချိန်တစ်သောင်းထုတ်လုပ်နိုင်ခဲ့ပြီး လက်ရှိအချိန်အထိ စုစုပေါင်း တန်ချိန်ရှစ်သောင်း ထုတ်လုပ်နိုင်ခဲ့ကာ ဆက်လက်၍ တစ်နှစ် တန်ချိန်သုံးသောင်း ထုတ်လုပ်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၀ သို့*

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ ပုံနှိပ်လုပ်ငန်းများကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက်၌ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။

သတင်းစဉ်

ရန်ကုန် မတ် ၁၀

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များမှ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။**

**သတင်းတန်ဖိုးရှိသည့် အကြောင်းအရာ ရွေးချယ်**

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံတွင် ပကတိအခြေအနေအရ နိုင်ငံပိုင်မီဒီယာတည်ရှိနေရန် လိုအပ်နေပါသေးကြောင်း၊ သို့သော် မီဒီယာကျင့်ဝတ် လိုက်နာပြီး သတင်းတန်ဖိုးရှိသည့် အကြောင်းအရာများကိုသာ ရွေးချယ်ရေးသား ဖော်ပြရန်၊ အကြောင်းအရာအချက်အလက် အမှားကင်းရန်၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုဖြင့် ဆွေးနွေးပူးပေါင်းဆောင်ရွက်ကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန်၊ သတင်းအရေးအသား ကျစ်ကျစ်လျစ်လျစ်နှင့် ကိုယ်ပိုင်စတိုင်ရှိရန်၊ သတင်းအင်တာဗျူးများကို စနစ်တကျကြိုတင်ပြင်ဆင်ပြီးမှ ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များရှိပါကလည်း ဆွေးနွေးတင်ပြကြရန် မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် တက်ရောက်လာကြသည့် စာတည်းအဖွဲ့ဝင်များက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဖိုတိုလစ်သို့ ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်ဝေနေမှုနှင့် မကြာမီ ကျင်းပမည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်ပွဲအတွက် မဲလက်မှတ်များ ပုံနှိပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အချိန်မီ ပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းလုံခြုံမှု မပေါက်ကြားရေး၊ စက်ရုံလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို သတိပြုကြရန် မှာကြားသည်။

**သတင်းစဉ်**

## စနေ-တနင်္ဂနွေ စာအုပ်လမ်း စာအုပ်ဆိုင်များတွင် ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များလည်း ဝယ်ယူအားပေး



**စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် နိုင်ငံခြားသားများ စာအုပ်ဝယ်ယူရန် ကြည့်ရှုနေသည်ကို တွေ့ရစဉ်။**

**ရန်ကုန် မတ် ၁၀**

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့တွင် စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသားခရီးသွား ဧည့်သည်များလည်း ဝယ်ယူအားပေးလျက်ရှိသည်။

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနေ ဦးဇော်ဝင်းက "အိမ်က ကလေးတွေအတွက် စာအုပ်လာဝယ်တာပါ။ ငယ်ငယ်ကတည်းက စာဖတ်တဲ့အလေ့အကျင့်လေးတွေ ရစေချင်ပါတယ်။ ကျောင်းပိတ်ရက်မှာ သူတို့ဝါသနာပါရာ စာပေတွေ ဖတ်ရှုနိုင်ဖို့ စာအုပ်မျိုးစုံတော့ ဝယ်ဖြစ်တယ်။ အခုလို တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ဝယ်လို့ရတော့ အဆင်ပြေပါတယ်"ဟု ပြောသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် စာအုပ်ရောင်းသည့် ဆိုင်ခန်း ၇၀ ခန့်ရှိပြီး စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် စာအုပ်များ၊ သုတရသ အဟောင်း/ အသစ်၊ လုံးချင်းဝတ္ထုတို/ ဝတ္ထုရှည်စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသ စာအုပ်များ၊ ဆေးပညာဆိုင်ရာ စာအုပ်များ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ကလေးငယ်များ ဘာသာရေးကိုင်းရှိုင်းစေရန်အတွက် ဘာသာရေးစာအုပ်များ ခင်းကျင်းရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်း၌ စာအုပ်ရောင်းချခြင်းများအပြင် နံနက် ၁၀ နာရီတွင် Save the Library ၏ လူသားစာကြည့်တိုက်မှ လူသားစာအုပ်များဖတ်ရှုခြင်းအစီအစဉ်၊ မွန်းလွဲ ၁ နာရီတွင် စာရေးဆရာထက်မြက်၏ "ကျွန်တော် ချစ်ခင်လေးစားသည့် နိုင်ငံရေး စာပေပညာရှင်များ" စာပေဟောပြောပွဲနှင့် မွန်းလွဲ ၃ နာရီတွင် ထိန်ဝင်းစာအုပ်တိုက်မှ စီစဉ်ပြီး သရုပ်ဆောင် ရွှေပိုးအိမ် ပါဝင်ကူညီမည့် "မေးကြည့်ဖြေကြည့် ပဟေဠိ" အစီအစဉ်များ ထည့်သွင်းထားသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို ယခုနှစ်တွင် ဖွင့်လှစ်ရောင်းချရာ ရက်သတ္တပတ်ခြောက်ပတ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းသစ် (MNA)**
**ဓာတ်ပုံ - သန့်ဇင်ဝင်း**

*စာမျက်နှာ ၄ မှ*

"ကုမ္ပဏီကိုထပ်ပြီး တိုးချဲ့ဖို့အစီအစဉ်ရှိပါတယ်။ လက်ရှိအခြေအနေ အထိဆိုရင် ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့တံတားတွေအပြင် ODA ပရောဂျက်နဲ့ အခြားပရောဂျက်တွေပါ J & M Steel Solutions မှာ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ ထုတ်လည်းထုတ်လုပ်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် တံတားတော်တော်များများဟာ မြစ်ချောင်းကို ကျော်ဖြတ်တဲ့ တံတားတွေ ဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ထုတ်ကုန်တွေကို မြစ်ကြောင်းကနေတစ်ဆင့် သယ်ယူပို့ဆောင်နိုင်ဖို့နဲ့ ကုန်ကျစရိတ်လျှော့ချနိုင်ဖို့ ဆိပ်ခံတံတားတစ်ခုကို တိုးချဲ့ဆောက်လုပ်ချင်ပါတယ်"ဟု မန်နေဂျင်းဒါရိုက်တာ Mr.Yasuo Shoji က ဆိုသည်။

J & M သံမဏိစက်ရုံရှိ အင်ဂျင်နီယာဌာနနှင့် စက်ရုံအတွင်း သံထည်များ အပေါက်ဖောက်ခြင်း၊ ဝရိန်ဆော်ခြင်း၊ ဖြတ်တောက်ခြင်း၊ တံတားအဖြစ် တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို မိမိတို့လှည့်လည်ကြည့်ရှုနေသည်မှာ အချိန်အတန်ကြာခဲ့လေပြီ။ မွန်းတည့် ၁၂ နာရီ ထိုးလုပင်ရှိရာ မကြာမီ စက်ရုံညွှန်ကြားဆွဲသံနှင့်အတူ ကျွမ်းကျင်လုပ်သားများသည် လုပ်လက်စအလုပ်များကို တိခနဲရပ်ဆိုင်းကာ စက်ရုံစားသောက်ဆိုင်သို့ ဦးတည်သွားကြကုန်၏။

သို့နှင့် မိမိတို့လည်း တာဝန်ရှိသူများကို နှုတ်ဆက်၍ ပြန်လည်ထွက်ခွာလာခဲ့ကြ၏။ စက်ရုံအဝင်ဝရှိ J & M သံမဏိစက်ရုံဆိုင်းဘုတ်အနီး ရောက်သောအခါမူ အတွေးတစ်ခုက ဖျတ်ခနဲဝင်ရောက်လာသည်။

တောင်ပေါ်မြေပြန့်မှ မောင်နှမညီအစ်ကိုများဖြင့် ပေါင်းစုထားသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်း၊ ရွှေလီ စသဖြင့် မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာဆိုဘိသို့ မြစ်ချောင်းအင်းအိုင်ပေါများလှသည်နှင့်အမျှ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူများ ကူးလူးယှက်နွယ် ဆက်သွယ်နိုင်ရန် မြစ်ကူး၊ ချောင်းကူး တံတားကြီးငယ်များစွာ လိုအပ်နေပေသေးသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြစ်ကိုမြင်လျှင် တံတားဆင်ဖို့ တံတားကြီးငယ်များစွာကို ဆက်လက် တည်ဆောက်လျက်ရှိရာ ထိုထိုသော လိုအပ်ချက်များကို J & M သံမဏိစက်ရုံသည် အထိုက်အလျောက် ဖြည့်ဆည်းပေးနေရုံမက မအေးမြမွန်နှင့် ကိုတံဘီတို့ကဲ့သို့ မြန်မာလူငယ် မောင်မယ်များအတွက်ပါ ပညာလည်းရ၊ ဝမ်းလည်းဝအောင် စွမ်းဆောင်နေပါလားဟု စဉ်းစားတွေးတောမိပါကြောင်း။

**သတင်းဆောင်းပါး -ခင်မောင်ထွေး**
**ဓာတ်ပုံ-ဇော်မင်းလတ်**

◆ *ကျောဖုံးမှ*

နှစ်ကြိမ်၌ အုပ်စုဒုတိယနေရာ ရသော်လည်း အကောင်းဆုံးအုပ်စု ဒုတိယနေရာ တွက်ချက်ရာတွင် သတ်မှတ်ထားသည့် အဆင့်မရခဲ့သောကြောင့် ခြေစစ်ပွဲမအောင်မြင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယခု ခြေစစ်ပွဲအတွက် မတ် ၄ ရက်တွင် စတင်လေ့ကျင့်လျက်ရှိပြီး ပဏာမ ကစားသမား ၂၈ ဦး ရွေးချယ်ထားသည်။ မြန်မာ ယူ-၂၂ အသင်းသည် ယင်းခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် ရက် ၂၀ နီးပါး ရရှိမည်ဖြစ်ပြီး မတ် ၉ ရက်က ပထမဆုံးခြေစမ်းပွဲအဖြစ် ဂျပန်ကလပ် နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။ ယင်းပြိုင်ပွဲမှာ မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ပိုပေါ့ဗ်အတွက် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်သည့် အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် အုပ်စုမှ ထွက်ခဲ့ရသည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာရှ ယူ-၂၃ ခြေစစ်ပွဲအောင်မြင်ရန် ပစ်မှတ်ထားလျက်ရှိရာ အာဆီယံ ယူ-၂၂ ပြိုင်ပွဲတွင် ရလဒ်ဆိုးရွားခဲ့သည့် နည်းပြချုပ် ပိုပေါ့ဗ်အနေဖြင့် ယခုခြေစစ်ပွဲတွင် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ခြေစစ်ပွဲမတိုင်မီ ပြည်တွင်းခြေစမ်းပွဲတစ်ပွဲ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် **နည်းပြချုပ်**-ပိုပေါ့ဗ်၊ **လက်ထောက်နည်းပြ**-ဦးချစ်နိုင်၊ ဦးစိုးမြတ်မင်း၊ **ကြံ့ခိုင်ရေးနည်းပြ**-ဟွမ်ရိုမန်၊ **ဂိုးနည်းပြ**-ဦးအောင်ကျော်ကျော်၊ **ဂိုးသမား**-ဘုန်းသစ္စာမင်း (ရှမ်း)၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (မကွေး)၊ ထွန်းနန္ဒဦး (မြဝတီ)၊ **နောက်တန်း**-ဝင်းမိုးကျော် (မကွေး)၊ ထူးခန့်လွင်၊ သူရိန်စိုး (ရန်ကုန်)၊ ရဲရင့်အောင် (၁) (ရတနာပုံ)၊ ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ စိုးမိုးကျော် (ဧရာဝတီ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်း)၊ **အလယ်တန်း**-လွင်မိုးအောင် (ဧရာဝတီ)၊ အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင် (၂) (ရတနာပုံ)၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင်၊ စိုးလွင်လွင် (မကွေး)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဇွဲသက်ပိုင် (ရှမ်း)၊ **ရှေ့တန်း**-ကောင်းထက်စိုး၊ လွှမ်းမိုးဦး (ရန်ကုန်)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်း)၊ အောင်ကောင်းမာန် (ဧရာဝတီ)တို့ ပါဝင်ကြသည်။

**သတင်း-ညီမြတ်သော်တာ**

✻ *ကျောဖုံးမှ*

**အလယ်တန်း**- ရန်အောင်ကျော်၊ သက်ပိုင်စိုး၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင်၊ ယာမာဇာကီ၊ **ရှေ့တန်း**- ဆယ်လာ၊ မီလာ၊ ကောင်းထက်စိုး၊ စိုးမင်းနိုင်တို့ လိုက်ပါသွားသည်။

ရန်ကုန်အသင်းတွင် ဒဏ်ရာနှင့် ကြံ့ခိုင်မှုမပြည့်ဝသည့် ကစားသမားများမှလွဲ၍ လူစုံပါဝင်သွားပြီး နိုင်ငံခြားသားကစားသမား လေးဦးစလုံး ခေါ်ဆောင်သွားသည်။

ရန်ကုန်အသင်းသည် ကမ္ဘောဒီးယားကလပ် နာဂါဝေါ်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ထားသောကြောင့် ယခုပွဲတွင် အနိုင်ရရန် လိုအပ်နေသည်။

နာဂါဝေါ်အသင်းနှင့် ရန်ကုန်အသင်းသည် မတ် ၁၂ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**

# စာပေချစ်မြတ်နိုးသူများဖြင့် စည်ကားလျက်ရှိသည့် စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း

"Yangon Book Street စနေ- တနင်္ဂနွေ စာအုပ်လမ်းတွင် စာအုပ်ရောင်းသည့် ဆိုင်ခန်း ၇၀ ခန့်ရှိပြီး စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံစာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့်စာအုပ်များ၊ သုတရသ အဟောင်း / အသစ်၊ လုံးချင်းဝတ္ထုတို / ဝတ္ထုရှည်စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာအုပ်များ၊ ဆေးပညာဆိုင်ရာ စာအုပ်များ၊ အင်္ဂလိပ်-မြန်မာအဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ် မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ကလေးငယ်များ ဘာသာရေးကိုင်းရှိုင်းစေရန်အတွက် ဘာသာရေး စာအုပ်များ ခင်းကျင်းရောင်းချပေးလျက်ရှိ"



စနေ- တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် ဆရာထက်မြက်၏ "ကျွန်တော်ချစ်ခင်လေးစားသည့် နိုင်ငံရေးစာပေပညာရှင်များအကြောင်း" စာပေဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်





စနေ- တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် ပြည်တွင်း၊ ပြည်ပမှ စာပေချစ်မြတ်နိုးသူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

သတင်းစဉ်


စနေ- တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် စာပေဝါသနာရှင်များ စာအုပ်များ ရွေးချယ်ဝယ်ယူနေကြစဉ်။

သတင်းစဉ်


စနေ- တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူ ဝါသနာရှင်များ စာအုပ်များကို လေ့လာနေကြစဉ်။ သတင်းစဉ်



စနေ - တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို တွေ့ရစဉ်။ သတင်းစဉ်

# ပုဏ္ဏားကျွန်းမြို့နယ်ရှိ ယိုးတရုတ်ရဲကင်းစခန်းအား AA သောင်းကျန်းသူအဖွဲ့က အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံး၊ ရဲတပ်သားတစ်ဦး ပျောက်ဆုံးလျက်ရှိ

**နေပြည်တော် မတ် ၁၀**


ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ယိုးတရုတ်ရဲကင်းစခန်းအား AA သောင်းကျန်းသူအဖွဲ့က မတ် ၉ ရက် ညပိုင်းတွင် အင်အားအလုံးအရင်းဖြင့်ဝင်ရောက်တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးပြီး ရဲတပ်သားတစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယိုးတရုတ်ကျေးရွာရှိ ရဲအုပ် စောသိန်းထွန်း ဦးစီးအခြေပြု၍ နယ်မြေလူထုအတွက်ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်ပေးနေသည့် ယိုးတရုတ်ရဲကင်းစခန်းအား မတ် ၉ ရက် ည ၁၁ နာရီမိနစ် ၂၀ ခန့်မှ မိနစ် ၅၀ ခန့်အထိ AA သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါ ရဲကင်းစခန်းသည် ယိုးတရုတ်ကျေးရွာတွင်ဖွင့်လှစ်ထားသည့်၂၀၁၉ ခုနှစ်တက္ကသိုလ် ဝင်တန်းစာစစ်ဌာန၏မေးခွန်းလွှာနှင့် အဖြေလွှာများအား ထိန်းသိမ်းသည့်လုပ်ငန်းတာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခံရမှုကြောင့် ကျဆုံးသွားသည့် တပ်ဖွဲ့ဝင်များမှာ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ယိုးတရုတ်ကျေးရွာဇာတိ ဒေသခံရခိုင်တိုင်းရင်းသားများ ဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

### ၉-၃-၂၀၁၉ ရက်နေ့ ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးတရုတ်ရဲကင်းစခန်းအား AA သောင်းကျန်းသူအဖွဲ့မှ ဝင်ရောက်တိုက်ခိုက်သည့် နေရာပြမြေပုံ




### နယ်စပ်မှတ်တိုင်(၆၇)တွင်တပ်မတော်နှင့် AA သောင်းကျန်းသူအဖွဲ့တို့ထိတွေ့မှုပြမြေပုံ




# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးတည်ဆောက်ရေးလုပ်ငန်းအား AA သောင်းကျန်းသူအဖွဲ့က နှောင့်ယှက်တိုက်ခိုက်

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်အတွင်းရှိ မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်စပ် ခြံစည်းရိုးနယ်စပ်မှတ်တိုင်အမှတ်ဘီပီ-၆၇ နှင့် ဘီပီ- ၆၈ အကြားတွင် နယ်စပ်ခြံစည်းရိုးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မတ် ၉ ရက် မွန်းလွဲပိုင်းတွင် AA သောင်းကျန်းသူအဖွဲ့မှ အင်အား ၂၀၀ခန့်က နေရာများဖြန့်ခွဲ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းမှ တစ်ဆင့် နှောင့်ယှက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ နှောင့်ယှက်တိုက်ခိုက်လာခဲ့သဖြင့် ပြန်လည်တိုက်ခိုက်ခဲ့ရာ အပြန်အလှန် ထိတွေ့မှုများဖြစ်ပွားခဲ့ပြီး ဆောက်လုပ်ရေး လုပ်သားများကို လက်ရှိလုပ်ငန်းခွင်မှ လုံခြုံသောနေရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

မြန်မာ- ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ၂၀၁၀ ပြည့်နှစ်မှစတင်၍အဆင့်လေးဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်အထိ နယ်စပ်ခြံစည်းရိုး မှတ်တိုင်အမှတ် ၆၇ အထိ ၁၂၉ ဒသမ ၁၅ မိုင် ဆောင်ရွက်ပြီးစီးပြီး ဖြစ်သည်။

ထိုသို့မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါး လုံခြုံရေးနှင့် ဒေသခံတိုင်းရင်းသားများ လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား AA သောင်းကျန်းသူအဖွဲ့များက ယခုကဲ့သို့ နှောင့်ယှက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာခြင်းသည် နိုင်ငံတော်၏ နယ်မြေပိုင်နက်လုံခြုံရေး၊ အချုပ်အခြာ တည်တံ့ခိုင်မြဲရေးနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့အား နှောင့်ယှက်ဖျက်ဆီးခြင်းဖြစ်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် သောင်းကျန်းသူနှိမ်နင်းရေး စစ်ဆင်ရေးအား ထိရောက်စွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ တစ်ပေခွဲခန့်ရှိ ဗုံးသီးဟောင်းတွေ့ရှိရ၍ အန္တရာယ်ကင်းအောင် ဆောင်ရွက်ခဲ့

**ရှမ်းမငယ် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရေဝေကျေးရွာတွင် တစ်ပေခွဲခန့်ရှိ ဗုံးသီးဟောင်းတွေ့ရှိရ၍ သက်မဲ့ပြုလုပ်ကာ ပြည်သူများ လုံခြုံရေးဆောင်ရွက်ထားကြောင်း ရှမ်းမငယ်နယ်မြေရဲစခန်းမှ သိရသည်။



ဗုံးသီးဟောင်းအား တွေ့ရစဉ်။

ဖြစ်စဉ်မှာမတ် ၈ ရက် နံနက်၁၁ နာရီခန့်က ရှမ်းမငယ် နယ်မြေရဲစခန်းအပိုင် ရေဝေကျေးရွာနေ ကိုစိုးကို (၃၃နှစ်)က ဇရမ်းကုန်းကျေးရွာ တောင်ဘက် ရေကန်အနီးရှိ ချုံပုတ်အတွင်းမှ အရှည်တစ်ပေခွဲခန့်ရှိ ဗုံးသီးဟောင်းတစ်လုံးအား တွေ့ရှိရ၍ နေအိမ်သို့ ယူဆောင်ခဲ့ကြောင်း သိရသည်။

### ဗုံးသီးဟောင်းမှ မီးခိုးများထွက်လာ

မတ် ၉ ရက်မွန်းလွဲ ၁ နာရီခန့်တွင် ယင်းဗုံးသီးဟောင်းမှ မီးခိုးများထွက်လာသည်ကို တွေ့ရှိရ၍ ရေဝေကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးထံ သတင်းပို့၍ ညနေ ၅ နာရီခွဲခန့်မှစ၍ အဆိုပါ ဗုံးသီးဟောင်းအား ည ၈နာရီ ၅၀ မိနစ်အထိ သုံးကြိမ်တိုင် သက်မဲ့ပြုလုပ်ရာ ပေါက်ကွဲမှုမရှိ၍ ယနေ့နံနက် ၈ နာရီ အချိန်တွင် ထပ်မံဖောက်ခွဲ၍ သက်မဲ့ပြုလုပ်ရန် စီစဉ်ခဲ့ကြောင်း၊ အဆိုပါဗုံးသီးဟောင်းအား ဖောက်ခွဲ၍ သက်မဲ့ပြုလုပ်မည့်နေရာအနီး ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်သူများ ထိခိုက်မှုမရှိစေရေးအတွက် ကိုက် ၁၀၀ အတွင်း ဝင်ထွက်ဖြတ်သန်းသွားလာခြင်းမရှိစေရေးအတွက် လုံခြုံရေးကို တာဝန်ရှိသူများမှ ဆောင်ရွက်ခဲ့ကြောင်း။

### အန္တရာယ်ကင်းအောင်ဆောင်ရွက်နိုင်

ယင်းနောက် အဆိုပါ ဗုံးသီးအားခွဲ၍ သက်မဲ့အဖြစ် ယနေ့နံနက် ၈နာရီ ၂၄ မိနစ်အချိန်တွင် အောင်မြင်စွာ ခွဲနိုင်ခဲ့ပြီး အန္တရာယ်ကင်းအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှမ်းမငယ်နယ်မြေရဲစခန်းမှ သိရသည်။

**ဘိုဘို(မလှိုင်)**

# ကျောက်တံခါးမြို့နယ်၌ လူသတ်မှုဖြစ်ပွား

**ကျောက်တံခါး မတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မြင်ကျေးရွာ အုပ်စု ကမ္ဘောဇရပ်ကွက်၌ မတ် ၉ ရက် ညနေ ၆ နာရီခန့်က လူသတ်မှုတစ်ခုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောကျွဲအင်း(ခ)အောင်မြင်ကျေးရွာအုပ်စု ကမ္ဘောဇရပ်ကွက်နေ ဒေါ်ခင်သီမာ(၄၁ နှစ်)သည် ဖခင်ဖြစ်သူ ဦးလှအောင်၏ နေအိမ်တွင်ရှိနေစဉ် လင်မယားချင်းကွဲကွာနေသည်မှာ တစ်နှစ်ကျော်ခန့်ရှိပြီဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နေ ခင်ပွန်းဖြစ်သူ ငြိမ်းချမ်းမင်း(၄၀ နှစ်)သည် အရက်သေစာသောက်စားမူးယစ်ပြီး နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဇနီးဖြစ်သူ ဒေါ်ခင်သီမာအား ဆဲဆိုပြီး ပြန်လည်ထွက်သွားကာ နာရီဝက်ခန့်အကြာ ပြန်လည်ရောက်ရှိလာပြီး နေအိမ်ရှေ့၌ ထပ်မံဆဲဆိုရာ ဖခင်ဖြစ်သူ ဦးလှအောင် (၇၃ နှစ်)က ငြိမ်းချမ်းမင်းအား ဓားမဖြင့် ခုတ်ရာ ဒဏ်ရာများရရှိပြီး နေရာတွင် သေဆုံးသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်တံခါးမြို့နယ် အောင်မြင်နယ်မြေရဲစခန်းက ဦးလှအောင်အား အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ Global Grand Services (GGS) ကုမ္ပဏီမှ MD ဦးသိန်းထွေး၊ ဒါရိုက်တာ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် မတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော် အပေါ် အဂတိလိုက်စားမှုများ ကျူးလွန်ကြောင်း တိုင်ကြားစာများနှင့် စပ်လျဉ်း၍ ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၄ ရက်မှ ၆ ရက်အထိ နေပြည်တော်၊ ရန်ကုန်နှင့် ထားဝယ်မြို့များတွင် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံး**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးဖော်ထုတ်ချက်များအရ- ၂၀၁၆ ခုနှစ် ဧပြီလတွင် မဟာသကြၤန်ပွဲတော်ဗဟိုမဏ္ဍပ် တည်ဆောက်ရေးလုပ်ငန်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ထားဝယ်တက္ကသိုလ်ဝင်းအတွင်း ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်း၊ ထားဝယ်လေယာဉ်ကွင်း အပြင်ဘက် ချုံနွယ်ရှင်းလင်းခြင်း လုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ F-22 Sunny Construction Co.,Ltd. သို့ တာဝန်ပေး ဆောင်ရွက်စေခဲ့ပြီး မကြာမီ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် တင်ဒါခေါ်ယူခြင်း၊ အစိုးရအဖွဲ့အစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခြင်းတို့မရှိဘဲ ထားဝယ်လေယာဉ်ကွင်းအတွင်း ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်းတစ်ခုတည်းကို ခွင့်ပြုငွေကျပ်သိန်း ၄၀၀၀ ဖြင့် ဝန်ကြီးချုပ်၏ ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ F-22 Sunny Construction Co.,Ltd. သို့ တိုက်ရိုက်ခွင့်ပြုဆောင်ရွက်စေခြင်းသည် တံစိုးလက်ဆောင်ကို အဖွဲ့အစည်းအတွက် ရယူခြင်းဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးများ၏ ဒေသန္တရပေါက်ဈေးများနှင့် နှိုင်းယှဉ်တွက်ချက်မှုအရ နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးရကြောင်း။

**တံစိုးလက်ဆောင်အဖြစ် ရယူ**

ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လမ်းဦးစီးဌာနသို့ တစ်လုံးတစ်ခဲတည်း ငွေကျပ် ၁ ဒသမ ၉ ဘီလီယံခန့် ထုတ်ယူရန် အခွင့်အရေးပေးအပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလခန့်တွင် တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးအားသူ၏ခင်ပွန်း ဦးထွန်းမင်းက ဦးမြင့်ဟို အမည်ဖြင့် ဝယ်ယူထားသော ထားဝယ်မြို့ ဆေးရုံလမ်းနှင့် ဂေါ်သဇင်လမ်းထောင့်ရှိ အိမ်အမှတ် (၁၀၆၈) နှင့် (၁၀၇၀) မြေကွက်နှစ်ကွက်ကို အုတ်ခြံစည်းရိုး ကာရံပေးရန် စေခိုင်းခဲ့ရာ ငွေကျပ်သိန်း ၁၄၀ ကျော် ကုန်ကျခဲ့ပြီး သူ့အား စုံစမ်းစစ်ဆေးသည့်အခါမှ ယင်းငွေကို ပြန်လည်ပေးချေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ထိုက်သင့်သည့်တန်ဖိုးပေးချေခြင်းမရှိဘဲ အုတ်ခြံစည်းရိုး ကာရံပေးစေခြင်းဖြင့် တံစိုးလက်ဆောင်အဖြစ် ရယူခဲ့ကြောင်း။

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်သည် ၎င်း၏ မိသားစုပိုင်သည့် သရက်ချောင်းမြို့နယ် မြို့မရပ် မြိတ်-ထားဝယ် ကားလမ်း၊ အိမ်အမှတ် (၆)ရှိ နှစ်ထပ်နေအိမ်နှင့် ဝိုင်းမြေကို ကာလတန်ဖိုး ငွေကျပ်သိန်း ၃၂၀ ကျော်ခန့်သာ တန်ဖိုးရှိသော်လည်း ငွေကျပ်သိန်း ၂၀၀၀ ဖြင့် GGS ကုမ္ပဏီသို့ ရောင်းချခဲ့ကြောင်း၊ GGS ကုမ္ပဏီအား သရက်ချောင်း ငါးလေလံဈေးတည်ဆောက်ခြင်း၊ ထားဝယ်ခရိုင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ထားဝယ်မြို့ ခြင်းလုံးရုံ တည်ဆောက်ခြင်း၊ ပုလောမြို့ မြို့တော်ခန်းမ တည်ဆောက်ခြင်း၊ ထားဝယ်နှင့် မြိတ်တွင် ခြောက်ခန်းတွဲ လေးထပ်တန်ဖိုးနည်း အငှားအိမ်ရာလေးလုံး တည်ဆောက်ခြင်း၊ နေပြည်တော်တွင် တနင်္သာရီတိုင်းဧည့်ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် အခွင့်အရေးပေးခဲ့ကြောင်း၊ နေအိမ်ကို ဝယ်ယူသူ ဦးသူရအုံသည် GGS ကုမ္ပဏီနှင့် အကျိုးစီးပွားဆက်စပ် ဆောင်ရွက်သူဖြစ်ပြီး ကုမ္ပဏီအထွေထွေမန်နေဂျာဖြစ်ကြောင်း၊ GGS ကုမ္ပဏီမှ တာဝန်ရှိသူများဖြစ်သော ဦးသိန်းထွေး၊ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့သည် အိမ်နှင့်မြေကို ကာလတန်ဖိုးထက် ခြောက်ဆခန့် ပိုသည့်တန်ဖိုးဖြင့် ဈေးပိုပေး၍ ဝယ်ယူခဲ့ပြီး အကျိုးအမြတ်ရရှိမည့်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိခဲ့ကြကြောင်း။

**အဂတိလိုက်စားမှုဖြင့် ငြိစွန်း**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ချုပ်ဆိုခဲ့ပြီး လုပ်ကိုင်ခွင့်ပြုသူ နေရာတွင် တိုင်းအစိုးရအဖွဲ့ကိုယ်စား အတွင်းရေးမှူးနှင့် လုပ်ကိုင်ခွင့်ရသူ နေရာတွင် GGS ကုမ္ပဏီကိုယ်စား ဦးသိန်းထွေးတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း အကောင်အထည်ဖော်ရေးကြီးကြပ်ရန် ပျက်ကွက်သဖြင့် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ရာရောက်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ စစ်ဆေးသည့်အချိန်အထိ သဘာဝဓာတ်ငွေ့ဖိုး ကျပ်သန်း ၈၀၀၀ ကျော်ကို ပေးချေရန် တာဝန်ရှိသည့် GGS ကုမ္ပဏီဘက်မှ ပေးချေရန် ပျက်ကွက်နေကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ စိုက်ထုတ်ကျခံခဲ့ရသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ ထိခိုက်နစ်နာဆုံးရှုံးမှုရှိကြောင်း ပေါ်ပေါက်မှုအပေါ် အဆိုပါ လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် GGS ကုမ္ပဏီမှ ဦးသိန်းထွေးနှင့် ဦးအောင်မြတ်တို့သည် အဂတိလိုက်စားမှုဖြင့် ငြိစွန်းကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအရ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရလည်းကောင်း၊ GGS ကုမ္ပဏီမှ MD ဦးသိန်းထွေး၊ ဒါရိုက်တာ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅/၆၃ အရလည်းကောင်း သီးခြား ပြစ်မှုများအတွက် သီးခြားစွဲချက်များဖြင့် အမှုလေးမှုခွဲ၍ အရေးယူဆောင်ရွက်ရန် ထားဝယ်မြို့ မြို့မရဲစခန်း၌ ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်ပြီး တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၁-၃-၂၀၁၉ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - MRTV Travelogue
၉း၁၀ - BBC Click
၁၀း၃၀ - စိုက်ပျိုးရေးရာအဖြေရှာ " တောင်သူများသတိပြုစရာ ဖောငမြှောင်တောင် "
၁၁း၀၀ - လုံမမှတ်စု (၇၈)
၁၁း၃၀ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ
၁၄း၀၀ - Tasty Tripo

**ညပိုင်း**

၁၆း၂၅ - အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ
- စတုတ္ထနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၀၅ - This Week's Special Interest
၁၇း၂၀ - ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ် (ရေကျောက်ရောဂါနှင့် တိုင်းရင်းဆေးပညာ အကြောင်းသိကောင်းစရာ)
၁၇း၃၅ - Yes or No Talk Show
၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ " သတင်းစာများနှင့် ဥပဒေအမြင်" (ဦးဟန်ညွှန့်(ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်) (ဒါရိုက်တာ-ဝေဠု(ဝသန်))
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ
၂၀း၀၀ - ပြည်တွင်းသတင်း
၂၀း၃၅ - "ဓလေ့ရိုးရာချစ်စရာ့ ကိုးခရိုင်မြေက ဖက်စိမ်းလက်မှု အနုပညာ "
- နိုင်ငံခြားဇာတ်လမ်းတွဲ
- ပြည်သူ့နီတိ " ချစ်တတ်အောင်ချစ်ပြပါ "

## မြောက်ဥက္ကလာပမြို့နယ်တွင် မီးလောင်

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဆ)ရပ်ကွက် ကရဝိတ်(၂)လမ်း ဖိနပ်လုပ်ငန်းလုပ်ကိုင်သည့် နေအိမ်တွင် လျှပ်စစ်မီးရှော့ဖြစ်ရာမှ ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ပွားသည်။ မီးလောင်ရာသို့ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ယာဉ် ၂၀၊ အထောက်အကူပြု ယာဉ်ခြောက်စီး၊ အုပ်ချုပ်မှုယာဉ်လေးစီးနှင့် Level 2 အဆင့် မီးငြှိမ်းသတ်ခဲ့ပြီး နံနက် ၉ နာရီ ခွဲခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ခံ၊ ပျဉ်ကာ၊ ထရံကာ နေအိမ် အဆောက်အအုံ ၁၄ လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရသေ့တောင်မြို့နယ် ကာဒီချောင်းအတွင်း စက်လှေဖြင့် လှုပ်ရှားသွားလာနေသည့် ရဲတပ်ဖွဲ့ဝင်များအား AA သောင်းကျန်းသူအဖွဲ့က လက်နက်များဖြင့် ပစ်ခတ်၍ စက်လှေအကြီးဖြင့် ဝင်တိုက်သဖြင့် တပ်ဖွဲ့ဝင်တစ်ဦး ရေထဲမျောပါသွားပြီး လှေနှင့်အတူ လက်နက်ငယ်သုံးလက် နစ်မြုပ်ပါရှိသွားခဲ့

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကာဒီချောင်းအတွင်း စက်လှေဖြင့် လှုပ်ရှားသွားလာနေသည့် ရဲတပ်ဖွဲ့ဝင်များအား ယနေ့ညနေပိုင်းက စက်လှေအကြီးတစ်စင်းဖြင့် ရောက်ရှိလာသည့် AA သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်၍ စက်လှေအားအရှိန်ဖြင့် ဝင်တိုက်သဖြင့် လှေနစ်မြုပ်ကာ ရဲတပ်ဖွဲ့ဝင်တစ်ဦး ရေထဲ မျောပါသွားပြီး လက်နက်ငယ် သုံးလက် နစ်မြုပ်ပါရှိသွားကြောင်း သိရသည်။

**ရဲတပ်သားတစ်ဦးသေနတ်ဒဏ်ရာရရှိ**

ဖြစ်စဉ်မှာ အုတ်ဖိုရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင် ၁၄ ဦးသည် ညောင်ချောင်းနယ်မြေရုံးသို့ စက်လှေဖြင့် လှုပ်ရှားသွားလာစဉ် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် မေယုမြစ်နှင့် ကာဒီချောင်းဆုံရာ အနီးအရောက် မျက်နှာချင်းဆိုင်ဘက်မှ စက်လှေအကြီး တစ်စင်းဖြင့် ရောက်ရှိလာသည့် AA သောင်းကျန်းသူအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ စက်လှေကို ဝင်တိုက်ခဲ့သဖြင့် စက်လှေမှာ ရေထဲနစ်မြုပ်သွားခဲ့ကြောင်း၊ ရဲတပ်သားတစ်ဦး သေနတ်ဒဏ်ရာရရှိပြီး ရေနှင့်အတူ မျောပါသွားခဲ့ကြောင်း၊ ရေထဲနစ်မြုပ်သွားသည့် စက်လှေအတွင်း လက်နက်ငယ်သုံးလက်ပါရှိသွားပြီး ကျန်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် AA သောင်းကျန်းသူအဖွဲ့သည် မြစ်ကြောင်းအတိုင်း ဂွဆုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**




၁၀.၃.၂၀၁၉ ရက်က ရသေ့တောင်မြို့နယ် ကာဒီချောင်းအတွင်း ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ

# အထွေထွေရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို အိန္ဒိယကြေညာတော့မည်

**နယူးဒေလီ မတ် ၁၀**

အိန္ဒိယနိုင်ငံသည် ပြည်လုံးကျွတ်ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို တနင်္ဂနွေနေ့တွင် ကြေညာမည်ဖြစ်ပြီး သန်းပေါင်းရာချီသည့် ပြည်သူများက ဆန္ဒမဲထည့်ဝင်မှုကို မြင်တွေ့ရတော့မည် ဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်က တနင်္ဂနွေနေ့နှောင်းပိုင်းတွင် သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကျင်းပရန် တိုက်တွန်းခဲ့ပြီး သတင်းစာရှင်းလင်းပွဲ၌ ရက်သတ္တပတ်များစွာ ကြာမြင့်သည့် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ထုတ်ဖော်ကြေညာမည်ဖြစ်ကြောင်း အကြီးတန်းအစိုးရအာဏာပိုင်တစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

### ရာဟူးလ်ဂန္ဒီနှင့် ယှဉ်ပြိုင်သွားမည်

ရွေးကောက်ပွဲအတွင်း အိန္ဒိယနိုင်ငံ၏ အောက်လွှတ်တော်အတွက် ဥပဒေပြုအမတ် ၅၄၃ ဦးကို ရွေးချယ်တင်မြှောက်သွားမည်ဖြစ်သည်။ အဆိုပါရွေးကောက်ပွဲ၌ ကမ္ဘာ့လူဦးရေ ဒုတိယအထူထပ်ဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံကို ဦးဆောင်နိုင်ရန်အတွက် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ဒုတိယအကြိမ်တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဂန္ဒီ နေရူး၏ နောက်ဆုံးမျိုးဆက်ဖြစ်သည့် ရာဟူးလ်ဂန္ဒီနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

### အင်အားလျော့နည်းစေမည်

ဝန်ကြီးချုပ်မိုဒီ၏ လက်ယာယိမ်းပါတီသည် ၂၀၁၄ ခုနှစ်က အနိုင်ရခဲ့ပြီး ၎င်း၏ BJP ပါတီသည် ဂန္ဒီ၏ လက်ဝဲယိမ်းကွန်ဂရက်ပါတီကို နောက်တစ်ကြိမ်ပြန်လည် အင်အားလျော့နည်းစေမည်ဟု မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲအတွင်း ပြည်သူသန်းပေါင်း ၈၃၀ တို့ မဲပေး ခွင့်ရရှိခဲ့သော်လည်း ပြည်သူ သန်းပေါင်း ၅၅၀ သာ မဲထည့်ဝင်ခဲ့ကြသည်။

**အေအက်ဖ်ပီ**



ဝန်ကြီးချုပ်မိုဒီနှင့် ၎င်း၏ ပါတီဝင်များကို တွေ့ရစဉ်။

# လူ ၁၅၇ ဦး လိုက်ပါလာသည့် လေယာဉ် ကင်ညာသို့သွားရာ လမ်းပေါ်တွင် ပျက်ကျ

**အဒစ်အဘာဘာ မတ် ၁၀**

ခရီးသည် ၁၅၇ ဦးကို တင်ဆောင်လာသည့် လေယာဉ်တစ်စင်း ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့သို့သွားရာ လမ်းပေါ်တွင် ပျက်ကျမှု ဖြစ်ပွားခဲ့ကြောင်း အီသီယိုပီးယား လေကြောင်းလိုင်း အုပ်စုက မတ် ၁၀ ရက်တွင် အတည်ပြုခဲ့သည်။

Boeing 737-800 MAX လေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် အဒစ်အဘာဘာ ဘိုးလ်နိုင်ငံတကာလေဆိပ်မှ ထွက်ခွာလာခဲ့ပြီးနောက် နံနက် ၈ နာရီ ၄၄ မိနစ်တွင် အဆက်အသွယ်ပြတ် တောက်သွားခဲ့ကြောင်း လေကြောင်းလိုင်းက ဖော်ပြခဲ့သည်။ လေယာဉ်ပေါ်၌ ခရီးသည် ၁၄၉ ဦးနှင့် လေယာဉ်အမှုထမ်း ရှစ်ဦး လိုက်ပါလာကြောင်း သိရသည်။ လတ်တလောတွင် သေဆုံးသူအရေ အတွက်နှင့်ပတ်သက်၍ လေကြောင်းလိုင်းနှင့် အီသီယိုပီးယား အာဏာပိုင်များက ဖော်ပြခြင်းမရှိသေးပေ။

လတ်တလော ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကို အဆက်မပြတ် ဆောင်ရွက်နေကြောင်းနှင့် အသက်ရှင်လွတ်မြောက်သူ မည်မျှရှိကြောင်းကို အတည်မပြုရသေးကြောင်း လေကြောင်းလိုင်းက ပြောကြားခဲ့သည်။



ပျက်ကျလေယာဉ်၏ အပျက်အစီးများကြားတွင် ကယ်ဆယ်ရေးဆောင်ရွက်ရန် ရောက်ရှိနေသည့် ကြက်ခြေနီအဖွဲ့ကို တွေ့ရစဉ်။

လေယာဉ်ပေါ် လိုက်ပါလာသူများ၏ မိသားစုနှင့် မိတ်ဆွေများ သို့ ဆက်သွယ်ခေါ်ဆိုရန် တယ်လီဖုန်းနံပါတ်များကို လေကြောင်းလိုင်းက ထုတ်ပြန်ခဲ့သည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာကြသည့် ခရီးသည်များ၏ မိသားစုဝင်များအနေဖြင့် ၎င်းတို့ ချစ်ခင်ရသူများကို ဆုံးရှုံးလိုက်ရသည့်အတွက် အလွန်ဝမ်းနည်းကြေကွဲကြောင်း အီသီယိုပီးယားဝန်ကြီးချုပ်ရုံးက ဖော်ပြခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



တရုတ်ဗဟိုဘဏ်ဥက္ကဋ္ဌ ယီဂန်

# ယွမ်ငွေဈေးကွက်တန်ဖိုးကို ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း တရုတ်ဗဟိုဘဏ် ဥက္ကဋ္ဌပြော

**ပေကျင်း မတ် ၁၀**

ထုတ်ကုန်ယှဉ်ပြိုင်တင်ပို့မှု အားကောင်းစေရန် ယွမ်ငွေတန်ဖိုး ထိန်းချုပ်စွက်ဖက်မှုများကိုတရုတ်နိုင်ငံက လုပ်ဆောင်မည်မဟုတ်ကြောင်း တရုတ်ဗဟိုဘဏ် ဥက္ကဋ္ဌက ပြောကြားလိုက်သည်။

အမေရိကန်နှင့်ပြုလုပ်နေသည့် ကုန်သွယ်ရေးဆိုင်ရာညှိနှိုင်းဆွေးနွေးမှုများအတွင်း ငွေကြေးတန်ဖိုးကိစ္စကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြောင်း တရုတ်ပြည်သူ့ဘဏ်ဥက္ကဋ္ဌယီဂန်က မတ် ၁၀ ရက်တွင် ပြောကြားခဲ့သည်။ တရုတ်နှင့် အမေရိကန်တို့အကြားအရေးကြီးကိစ္စရပ်များတွင် သဘောတူညီမှုများရရှိထားပြီဖြစ်သည်ဟု ၎င်းက သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ယခုနှောင်းပိုင်းတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့်အတူ ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးမတိုင်မီ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ် အပြီးသတ်ရရှိရန်လိုလားလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များအကြားဖြစ်ပွားသည့် ပစ်ခတ်မှုများအတွင်း အရပ်သားများ ထိခိုက်

**ဆရီနာဂါ မတ် ၁၀**

ကက်ရှ်မီးယားဒေသကိုပိုင်းခြားထားသည့် နယ်စပ်ထိန်းချုပ်မျဉ်းတစ်လျှောက်တွင် အိန္ဒိယနှင့် ပါကစ္စတန်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ပြီးနောက်တွင် အရပ်သားပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ဖော်ပြသည်။

အိန္ဒိယထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသရှိ ဆရီနာဂါမြို့၏ အနောက်ဘက် ၁၀၂ ကီလိုမီတာခန့်အကွာ ဘာရာမြူလာတွင် နှစ်ဖက်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြသည်။ ထိုသို့ပစ်ခတ်ခဲ့ရာ ပါကစ္စတန်ဘက်မှ လက်နက်ပစ်ခတ်မှုအတွင်းအရပ်သားလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံများသို့ပို့ဆောင်ပေးခဲ့ကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

နှစ်ဖက်တပ်ဖွဲ့ဝင်များအကြား အပြန်အလှန်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်းနှင့် လတ်တလောတွင် ပါကစ္စတန်ဘက်မှ ထိခိုက်ဒဏ်ရာရရှိမှု ရှိမရှိ မသိရသေးကြောင်း ၎င်းကပြောသည်။ နှစ်ဖက်တပ်ဖွဲ့ဝင်များသည် အစောပိုင်းက လက်နက်ကြီးပစ်ခတ်မှုများ အပြန်အလှန်ပြုလုပ်ခဲ့ပြီး ဆရီနာဂါမြို့ အနောက်တောင်ဘက်မှာ ၁၈၀ ကီလိုမီတာခန့်ဝေးကွာသည့် Poonch ခရိုင် ရှေ့တန်းစစ်မြေပြင်ရှိ တည်နေရာများကို အသီးသီးပစ်မှတ်ထားခဲ့ကြကြောင်း သိရသည်။

**ဆင်ဟွာ**

# တူရကီ၌ လေစီးကြောင်းမတည်ငြိမ်မှုကြောင့် လေယာဉ်ပေါ်လိုက်ပါလာသည့်ခရီးသည် ၂၉ ဦးဒဏ်ရာရ

**အန်ကာရာ မတ် ၁၀**

တူရကီလေကြောင်းမှ လေယာဉ်တစ်စင်းသည် မတ် ၁၀ ရက်က အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းလျက် ခရီးစဉ်ပျံသန်းနေစဉ် လေစီးကြောင်း မတည်ငြိမ်မှုကြောင့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်း ၂၉ ဦးထက်မနည်း ဒဏ်ရာများရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

တူရကီ လေကြောင်းလိုင်းမှ အဆိုပါဘိုးရင်း ၇၇၇ အမျိုးအစား လေယာဉ်ပေါ်တွင် ခရီးသည်နှင့် လေယာဉ်အမှုထမ်းစုစုပေါင်း ၃၄၇ ဦး လိုက်ပါသွားကြောင်း အမေရိကန်ပြည်ထောင်စုဖက်ဒရယ် လေကြောင်းဌာနက ပြောကြားခဲ့သည်။ တူရကီလေကြောင်း ခရီးစဉ်အမှတ်တစ်သည် မွန်းလွဲ ၃ နာရီခန့်တွင် အစ္စတန်ဘူလ်မြို့မှ ပျံသန်းထွက်ခွာလာခဲ့ပြီး နယူးယောက် ဂျွန်အက်ဖ်ကနေဒီ နိုင်ငံတကာလေဆိပ်သို့ သတ်မှတ်အချိန်ထက် နာရီဝက်စောကာ ညနေ ၅ နာရီ ၃၅ မိနစ်တွင် ဆင်းသက်ခဲ့သည်။

အဆိုပါ လေယာဉ်သည် ပျံသန်းနေစဉ် ရုတ်တရက် လေစီးကြောင်းမတည်ငြိမ်မှုနှင့် ကြုံတွေ့နေရကြောင်း လေယာဉ်မဆင်းသက်မီ သတင်းပို့ခဲ့သည်ဟု ဆိုသည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခရီးသည်နှင့် လေယာဉ်အမှုထမ်းများကိုဆေးရုံသို့ ပို့ဆောင်ထားကြောင်းနှင့် အသက်အန္တရာယ်စိုးရိမ်ရသူ မရှိကြောင်း မီးသတ်အရာရှိများက ပြောကြားခဲ့သည်။

ယင်းလေယာဉ် ဆင်းသက်မည့်အချိန်လောက်တွင် လေစီးကြောင်း မတည်ငြိမ်မှုများ ဆိုးဆိုးရွားရွားဖြစ်ပွားနိုင်သည်ဟု မိုးလေဝသခန့်မှန်းချက်များ ကြိုတင်ထုတ်ပြန်ခဲ့ကြောင်း အမေရိကန်မီဒီယာများက ပြောကြားခဲ့သည်။

**ဆင်ဟွာ**



ခရီးစဉ်အတွင်းထိခိုက်ဒဏ်ရာရရှိသူတစ်ဦးကို သယ်ဆောင်လာစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### တူနီးရှား၌ မွေးကင်းစကလေးငယ်များ သေဆုံးမှုကြောင့် ကျန်းမာရေးဝန်ကြီးရာထူးမှ နုတ်ထွက်

**တူးနစ် မတ် ၁၀**

တူနီးရှားနိုင်ငံရှိ ဆေးရုံတစ်ရုံတွင် မွေးကင်းစကလေးငယ် ၁၁ ဦး သေဆုံးခဲ့ပြီးနောက် တူနီးရှားကျန်းမာရေးဝန်ကြီးရာထူးမှနုတ်ထွက်သွားခဲ့ကြောင်း အစိုးရသတင်းမီဒီယာများက ဖော်ပြသည်။

ကျန်းမာရေးဝန်ကြီး အဗ္ဗဒယ်ရော့လ်အယ်လ်ရှီရစ်ဖ်က ကလေးငယ်များ သေဆုံးမှုတွင် တာဝန်ရှိသည်ဟုယူဆကာ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနက မတ် ၉ ရက်တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စေလွှတ်ခဲ့သည်။ ကလေးငယ်များသည် သွေးမှတစ်ဆင့် ရောဂါကူးစက်ကာ ရော့ခ်ဖြစ်ပြီး သေဆုံးခြင်းဖြစ်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် သွေးနမူနာများကို စစ်ဆေးနေကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက မီဒီယာများသို့ ပြောကြားခဲ့သည်။

ယင်းကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် တူနီးရှားဝန်ကြီးချုပ်က မတ် ၉ ရက်တွင် အစည်းအဝေးခေါ်ယူခဲ့ပြီး ယင်းနေ့၌ပင် ကျန်းမာရေးဝန်ကြီး ရာထူးမှနုတ်ထွက်သွားခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

### ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသည့် ထရပ်ကား တိမ်းမှောက်မှုကြောင့် ၂၅ ဦး သေဆုံး

**မက္ကစီကိုစီးတီး မတ် ၁၀**

မက္ကဆီကိုတောင်ပိုင်း၌ ဗဟိုအမေရိကမှ ရွှေ့ပြောင်းသွားလာသူ ၈၀ ခန့်ကို တင်ဆောင်လာသည့် ထရပ်ကား တစ်စီး မတော်တဆ တိမ်းမှောက်မှု ကြောင့် ၂၅ ဦးထက်မနည်း သေဆုံးသွားကြောင်း သိရသည်။

ထရပ်ကားသည် ချီယာပတ်စ်ပြည်နယ်အတွင်း၌ တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။ ဂွါတီမာလာနှင့် နယ်နိမိတ်ထိစပ်နေသည့် အဆိုပါပြည်နယ်သည် ဗဟိုအမေရိကမှ ရွှေ့ပြောင်းသွားလာသူများ အမေရိကန်ပြည်ထောင်စုသို့ သွားရာ အဓိကဝင်ပေါက်တစ်ခုဟု ဆိုနိုင်သည်။

လမ်းများမှာ ဟောင်းနွမ်းပျက်စီးနေပြီး ထရပ်ကားတွင် လိုင်စင်ပလိတ်ပြား မပါရှိကြောင်း သတင်းများတွင် ဖော်ပြသည်။ ရွှေ့ပြောင်းသွားလာသူများကို မက္ကဆီကိုသို့ တရားမဝင်ဝင်ရောက်ရန် လူမှောင်ခိုကူးသူများကို ငှားရမ်းခဲ့သည်ဟု အာဏာပိုင်များက သံသယဖြစ်လျက်ရှိကြောင်း သိရသည်။

မက္ကဆီကိုသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ရန် ကြိုးပမ်းနေသည့် ဗဟိုအမေရိကမှ ရွှေ့ပြောင်းသွားလာသူ အလုံးအရင်းကို လက်ခံခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် ဗင်နီဇွဲလားပြည်သူတွေ အခက်တွေ့နေ

*ကလျာမိုးမြင့်*

**ဗင်နီဇွဲလားနိုင်ငံရဲ့လမ်းတွေပေါ်မှာ အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုနဲ့ သမ္မတ နီကိုလပ် မာဒူရိုကိုထောက်ခံသူတွေဟာ ခေါင်းဆောင်နှစ်ဦးရဲ့တိုက်တွန်းမှုအရ သူ့ထက်ငါအပြိုင်အဆိုင် ဆန္ဒဖော်ထုတ်လျက်ရှိပါတယ်။ အခုဆိုရင် နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်နေခဲ့တာ သုံးရက်မြောက်နေ့ကို ရောက်ရှိလာပါပြီ။**



ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုကို လူထုအလယ်တွင် တွေ့ရစဉ်။

**"သမ္မတမာဒူရိုက လျှပ်စစ်ဓာတ်အားပေးရုံတွေကို အမေရိကန်ရဲ့ ကူညီထောက်ပံ့ပေးမှုတွေနဲ့ ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရတာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ ကျွန်ုပ်တို့မှာ သက်သေအထောက်အထားတွေရှိတယ်။ ၎င်းတို့အနေနဲ့ ဒီကိစ္စကိုတာဝန်ယူရလိမ့်မယ်။ လျှပ်စစ်ဓာတ်အားပေးစနစ်ကို ဟက်ကာတွေလက်ချက်မမိအောင် ကာကွယ်ဖို့ အရေးယူဆောင်ရွက်မှုအသစ်တွေ ပြုလုပ်သွားမယ်"**

**လျှပ်စစ်ဓာတ်အားပြတ်တောက်**

ကရာကတ်မြို့မှာ မစ္စတာဂွိုက်ဒိုကို ထောက်ခံကြတဲ့ ပြည်သူအချို့ဟာ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ငရုတ်ကောင်းဖျန်းဆေးတွေနဲ့ လူစုခွဲခံခဲ့ရပါတယ်။ မိမိကိုယ်ကို ယာယီသမ္မတအဖြစ် ကြေညာထားတဲ့ မစ္စတာဂွိုက်ဒိုကတော့ သမ္မတမာဒူရိုနဲ့အကြီးအကျယ် မသင့်မမြတ်ဖြစ်နေတဲ့ အချိန်အခါပါပဲ။ မတ်လ ၇ ရက်ကစပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အများအပြားဖြစ်ပွားခဲ့မှုကြောင့် ဗင်နီဇွဲလားကို အတော်လေးထိခိုက်စေခဲ့ပြီး နောက်တစ်ရက်မှာတော့ ဆန္ဒပြပွဲတွေ ပေါ်ပေါက်လာပါတယ်။

**လက်လျှော့မယ့်အနေအထားမရှိသေး**

အတိုက်အခံဦးဆောင်တဲ့ အောက်လွှတ်တော်ခေါင်းဆောင် မစ္စတာဂွိုက်ဒိုကို ယာယီသမ္မတအဖြစ် ထောက်ခံတဲ့နိုင်ငံပေါင်း ၅၀ ကျော်ရှိနေပေမယ့် မစ္စတာမာဒူရိုဘက်မှာလည်း စစ်တပ်ရဲ့ ကျောထောက်နောက်ခံပေးမှုကရှိနေတဲ့အပြင် နီးကပ်တဲ့မဟာမိတ်တွေဖြစ်တဲ့ ရုရှားနဲ့ တရုတ်တို့ကလည်း ထောက်ခံပေးထားတဲ့အတွက် မစ္စတာမာဒူရိုအနေနဲ့ကလည်း အာဏာပြိုင်ဆိုင်မှုတစ်ခုမှာ လွယ်လွယ်နဲ့ လက်လျှော့အရှုံးပေးမယ့် အနေအထားမျိုးကို တွေ့မြင်ရခြင်း မရှိသေးပါဘူး။

ပြီးခဲ့တဲ့စနေနေ့က အတိုက်အခံတွေ စုဝေးဆန္ဒပြကြတဲ့ နေရာတွေကို ရဲတပ်ဖွဲ့က အင်အားသုံးဖြိုခွင်းခဲ့ပါတယ်။ လူထုစုဝေးမှုမှာ မိန့်ခွန်းပြောကြားပြီးနောက်မှာ မစ္စတာဂွိုက်ဒိုက မကြာခင်မှာ နိုင်ငံအတွင်းခရီးစဉ်တစ်ခုသွားမှာဖြစ်ပြီး ၎င်းအား ထောက်ခံသူတွေကို ကရာကတ်မှာ ပြုလုပ်မယ့် လူထုဆန္ဒပြပွဲတွေမှာ ပါဝင်ဖို့ ဆင့်ခေါ်သွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

**တပ်မတော်ကိုကျေးဇူးတင်**

ဒီအချိန်မှာ မစ္စတာ မာဒူရိုကတော့ ၎င်းကို သစ္စာစောင့်သိနေဆဲဖြစ်တဲ့ တပ်မတော်ကို ကျေးဇူးတင်လျက်ရှိပြီး ၎င်းတို့ဟာ အတိုက်အခံတွေကအာဏာသိမ်းဖို့ ကြိုးပမ်းမှုကို ဖြိုခွင်းနိုင်ခဲ့တယ်လို့ ပြောဆိုနေပါတယ်။ Miraflores သမ္မတနန်းတော်အပြင်ဘက်မှာ မိန့်ခွန်းပြောကြားခဲ့စဉ်အတွင်း မာဒူရိုက ဂွိုက်ဒိုဟာ အမေရိကန်ရဲ့လူ့ရွှင်တော်လည်းဖြစ်၊ ရုပ်သေးရုပ်လည်းဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။ ဒီလူ တွေဟာ စစ်ရေးအရအာဏာသိမ်းဖို့ လက်နက်ကိုင်တပ်ဖွဲ့တွေကို ဖိတ်ခေါ်လာပြီး အစိုးရဘက်က အာဏာသိမ်းဖို့ကြံစည်သူတွေကို အနိုင်ရခဲ့တယ်လို့ ၎င်းက ဆိုပါတယ်။

**နောက်ခံအကြောင်းရင်း**

သမ္မတမာဒူရိုက မစ္စတာဂွိုက်ဒိုဟာ အမေရိကန်ကနယ်ချဲ့ဝါဒရှိသူတွေရဲ့ အားကိုးနဲ့ ၎င်းကိုဖြုတ်ချပြီး အာဏာသိမ်းဖို့ လုပ်နေတာလို့ စွပ်စွဲလျက်ရှိပါတယ်။

မစ္စတာမာဒူရိုဟာ ၂၀၁၃ ခုနှစ်မှာ ဟူဂိုချာဗက်ဇ် သေဆုံးပြီးနောက် သမ္မတနေရာကိုရောက်ရှိလာခဲ့သူဖြစ်ပြီး ၎င်းလက်ထက်မှာ ဗင်နီဇွဲလားနိုင်ငံရဲ့စီးပွားရေးအကြီးအကျယ် ပြိုလဲ ခဲ့ရပါတယ်။

အစားအစာနဲ့ ဆေးဝါးတွေ မလုံမလောက်ဖြစ်လာရသလို ငွေကြေးဖောင်းပွမှုအခြေအနေဟာဆိုရင်လည်း အတော်လေးဆိုးရွားနေပါတယ်။ ဒီတော့ ပြည်သူသုံးသန်းလောက်ကို ဗင်နီဇွဲလားကနေထွက်ခွာသွားရလောက်အောင် စီးပွားရေးအကျပ်အတည်းဖြစ်စေခဲ့တဲ့အတွက် မာဒူရိုအပေါ် အပြစ်တင်ဝေဖန်လာကြတဲ့ နိုင်ငံတွေကများသထက်များလာတာကြောင့် မာဒူရိုအစိုးရအဖွဲ့ဟာ ပိုပြီးသီးခြားဆန်လာရပါတယ်။

**လျှပ်စစ်ဓာတ်အားပြတ်တောက်မှုက ဘာတွေဖြစ်လာစေသလဲ**

လက်တင်အမေရိကမှာရှိတဲ့ အကြီးဆုံးရေအားလျှပ်စစ်ပေးဝေမှုတွေထဲက တစ်ခုဖြစ်တဲ့ဘိုလီဗာဒေသက ဂူရီရေအားလျှပ်စစ်သုံးဓာတ်အားပေးစက်ရုံမှာ ဖြစ်ပွားတဲ့ပြဿနာတွေကြောင့် ဓာတ်အားပြတ်တောက်မှုတွေ အများအပြားဖြစ်စေခဲ့ပါတယ်။

အရင်က ဓာတ်အားပေးဝေခဲ့တဲ့ ဧရိယာတော်တော်များများ ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့တယ်လို့ El Nacional သတင်းစာက ဖော်ပြပါတယ်။

ကရာကတ်မြို့ရဲ့ အချို့နေရာတွေမှာ မီးပွိုင့်တွေပြန်ပြီး အလုပ်လုပ်နေပြီလို့ဆိုပေမယ့် မြို့တော်ရဲ့မြေအောက်မီးရထားစနစ်ကိုလည်း ပိတ်ထားတယ်လို့ သိရပါတယ်။ တကယ်တမ်း ဗင်နီဇွဲလားနိုင်ငံဟာ နိုင်ငံရဲ့ ရေနံတူးဖော်မှုထက် ပြည်တွင်းလျှပ်စစ်ဓာတ်အားအတွက် အကြီးစားရေအားလျှပ်စစ် အခြေခံအဆောက်အအုံအပေါ်မှာ မှီခိုအားထားနေရပါတယ်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းက အဓိကဆည်တွေကို ထိခိုက်ပျက်စီးစေခဲ့ပြီး မကြာခဏမီးပျက်တာတွေက အထူးအဆန်း မဟုတ်တော့ပါဘူး။

**ဟက်ကာတွေရဲ့အန္တရာယ်ကနေကာကွယ်မည်**

သမ္မတမာဒူရိုက လျှပ်စစ်ဓာတ်အားပေးရုံတွေကို အမေရိကန်ရဲ့ ကူညီထောက်ပံ့ပေးမှုတွေနဲ့ ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရတာဖြစ်တယ်လို့ ပြောဆိုခဲ့ ပါတယ်။ ကျွန်ုပ်တို့မှာ သက်သေအထောက်အထားတွေရှိတယ်။ ၎င်းတို့ အနေနဲ့ ဒီကိစ္စကိုတာဝန်ယူရလိမ့်မယ်။ လျှပ်စစ်ဓာတ်အားပေးစနစ်ကို ဟက်ကာတွေလက်ချက်မမိအောင် ကာကွယ်ဖို့ အရေးယူဆောင်ရွက်မှု အသစ်တွေ ပြုလုပ်သွားမယ်လို့ ၎င်းက ပြောပါတယ်။ မစ္စတာဂွိုက်ဒို ကတော့ မီးပျက်တာတွေဟာ နှစ်တွေအများကြီးကြာအောင် ရင်းနှီးမြှုပ်နှံမှုမရှိခဲ့တဲ့ အကျိုးဆက်ပဲလို့ သုံးသပ်ခဲ့ပါတယ်။

**ဖရိုဖရဲအခြေအနေတွေ**

ပြီးခဲ့တဲ့သောကြာနေ့တုန်းက ဆေးရုံအချို့မှာ ဖရိုဖရဲအခြေအနေတွေ့ရှိခဲ့ပြီး ဆေးရုံမှာတက်ရောက်နေကြတဲ့ လူနာတွေရဲ့ဆွေမျိုးသားချင်းတွေက အရေးပေါ်မီးစက်တွေမောင်းပြီး လူနာတွေကို မှောင်တဲ့အခန်းတွေကနေ တခြားနေရာတွေကို ရွှေ့ပြောင်းဖို့ ကြိုးစားခဲ့ကြပါတယ်။ ကရာကတ်မြို့တက္ကသိုလ်ဆေးရုံမှာ အသက် ၂၅နှစ်ရှိ လူနာမာရီရယ်လ်စီအာရေဟာ အသက်ရှူစက်အလုပ် မလုပ်တော့တဲ့အတွက် သေဆုံးခဲ့ရပါတယ်။

ဆရာဝန်တွေက လူနာအသက်ရှင်နိုင်ဖို့ အတတ်နိုင်ဆုံး အရေးပေါ် အသက်ရှူစေတဲ့နည်းတွေနဲ့ လုပ်ခဲ့ပေမယ့် အဆင်မပြေခဲ့ပါဘူး။ ကရာကတ် ကလေးဆေးရုံမှာရှိတဲ့ မီးစက်တွေလည်း အဆင်မပြေခဲ့ပါဘူး။ ဆေးရုံဝန်ထမ်းတွေက အလင်းရောင်ရဖို့အတွက် ၎င်းတို့ရဲ့ မိုဘိုင်းဖုန်းတွေကို သုံးပြီးတစ်ညလုံး အလုပ်လုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘီဘီစီ**

# ရေကြီးနစ်မြုပ်မှုဒဏ်၊ သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့်ကျေးရွာများအား ရေစုပ်စက်များ လွှဲပြောင်းပေးအပ်

**ပခုက္ကူ မတ် ၁၀**

၂၀၁၅ ခုနှစ်အတွင်း ရေကြီးနစ်မြုပ်မှုဒဏ်၊ သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသည့် ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်နှင့် ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများအတွက် IRM အစီအစဉ်ဖြင့် ဝယ်ယူပေးခဲ့သည့် ရေစုပ်စက် (အင်ဂျင်နှင့် ပန့်) အစုံ ၂၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ၂၀၁၅ ခုနှစ်က ကိုမန်မုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုဒဏ်နှင့် သဘာဝဘေးအန္တရာယ် တွေ့ကြုံခံစားခဲ့ရသောမြို့နယ်များထဲတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များပါဝင်ခဲ့ကြောင်း၊ အထူးသဖြင့် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်ဆုံသည့် ဒေသဖြစ်သော ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်ရှိ ပခုက္ကူမြို့နယ်အတွင်း ကျေးရွာများမှာ ပိုမိုခံစားခဲ့ရကြောင်း၊ ထိုသို့ခံစားခဲ့ရသော ကျေးရွာများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေတွင်းများတွင် တပ်ဆင်အသုံးပြုနိုင်သည့် ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ကိုမန်မုန်တိုင်းတိုက်ခတ်စဉ်က သဘာဝဘေးအန္တရာယ် ခံစားခဲ့ရသောကျေးရွာများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်း(IRM) အစီအစဉ်ဖြင့် ပခုက္ကူမြို့နယ်အတွက် ငါးစုံနှင့် ရေစကြိုမြို့နယ်အတွက် ၁၅ စုံကို ပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

“ရေစုပ်စက်ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ဒါမျိုးတစ်ခါမှ မရဖူးဘူး။ နိုင်ငံတော်က ပံ့ပိုးတာဆိုတော့ ဝမ်းသာရတာပေါ့။ မုန်တိုင်းဖြစ်တာက ၂၀၁၅ ခုနှစ်က ဆိုတော့ ကြာတော့မရတော့ဘူးလို့ တွက်ထားတာပါ။ ကျွန်တော်တို့ ကျွန်းထဲရွာတွေဆိုရင် ဒီစက်မျိုး မမြင်ဖူးသေးပါဘူး။ ဒီစက်က တောင်သူတွေ ရေသွင်း၊ ရေထုတ်သုံးရတဲ့စက်ဖြစ်ပါတယ်။ မိုးများလာတဲ့အခါ စိုက်ခင်းတွေထဲရေဝင်ရင် ရေစုပ်ထုတ်ဖို့ သုံးရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးအတွက်သုံးမှာ ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်ကပံ့ပိုးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”ဟု မြေစွန်းတော်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသန်းက ပြောသည်။

**အိမွန်ဆွေ (ရေစကြို)**

# ပြည်မြို့ပြည်သူ့ဆေးရုံကြီးကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပြည် မတ် ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ မတ် ၈ ရက်က ပြည်မြို့ပြည်သူ့ဆေးရုံကြီးကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေလွင်က ဆရာဝန်နှင့် လူနာအချိုး၊ လက်ရှိဆေးဝါးကုသပေးနေမှု အခြေအနေ၊ နှစ်စဉ်ကူးစက်ရောဂါဖြစ်ပွားမှုအခြေအနေနှင့် ဆေးရုံအတွင်း ထပ်မံလိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးချုပ်က ပြည်သူ့ဆေးရုံသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အမြင့်မြတ်ဆုံး ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နေ့စဉ်လူနာများနှင့် ထိတွေ့ဆက်ဆံရာတွင် ယဉ်ကျေးပျူငှာစွာ ပြောဆိုဆက်ဆံကြရန် ဆေးဝါးလိုအပ်မှုများကို ပြည်ထောင်စုအဆင့်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရသလို အရေးပေါ်ကာလများတွင်လည်း မိမိတို့အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လတ်တလော ခွေးရူးပြန်ကာကွယ်ဆေးများကို အလှူရှင်များနှင့် ချိတ်ဆက်ပြီး ပဲခူးပြည်သူ့ဆေးရုံကြီးကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ဆေးရုံးဝင်း အတွင်းအပြင် သန့်ရှင်းရေး၊ အစားအသောက်များ သန့်ရှင်းရေး၊ လိုအပ်ပါက FDA အဖွဲ့မှ ကွင်းဆင်းစစ်ဆေးရန်နှင့် ဆေးကုသမှုများမှာ ကုသိုလ်ရသည့် လုပ်ငန်းဖြစ်၍ လူနာများအား စေတနာ၊ မေတ္တာ၊ ကရုဏာထားပြုစုစောင့်ရှောက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့အနီး သရေခေတ္တရာ (ပျူ)မြို့ဟောင်း သီရိခေတ္တရာပြတိုက်သို့ သွားရောက်ကြည့်ရှုပြီး ရှေးဟောင်းသမိုင်းအမွေအနှစ်သည် နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုအဆင့်အတန်း၊ ဂုဏ်ယူစရာ ပြယုဂ်တစ်ခုဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများသည် တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေရရှိသလို ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုလာရောက် လည်ပတ်နိုင်ရန်အတွက် သမိုင်းဆိုင်ရာအချက်အလက်များကို ခရီးသွားလမ်းညွှန် ဝက်ဘ်ဆိုက်များတွင် လွှင့်တင်ခြင်း၊ ခရီးသွားအေဂျင်စီများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရန်၊ အသိပညာပေး ဆောင်ရွက်ချက်များနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကို ဒေသခံပြည်သူများ သိရှိအောင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

သရေခေတ္တရာမြို့ဟောင်းသည် ရန်ကုန်မြို့၏အနောက်မြောက်ဘက်မိုင် ၁၈၀၊ ပြည်မြို့အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပြီး မြို့ရိုးမှာ အဝိုင်းသဏ္ဌာန်တည်ရှိ၍ လေးထောင့်ပုံမြို့ရိုးများထက် ပို၍ ရှေးကျသည်။ ပျူမြို့ဟောင်းများတွင် သရေခေတ္တရာသည် အရွယ်အစားအကြီးဆုံးဖြစ်ပြီး စတုရန်းမိုင် ငါးမိုင်ခွဲ ပတ်လည်ရှိသည်။

**ဟိန်းထက် (ပဲခူး)**



ပြည်မြို့ပြည်သူ့ဆေးရုံကြီး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစဉ်။




တီယန်ဇွတ်တံတား ဖွင့်လှစ်ပွဲကျင်းပစဉ်။

# ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဒရုခတံတားနှင့် တီယန်ဇွတ်တံတားများ ဖွင့်လှစ်

**မြစ်ကြီးနား မတ် ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနား- ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တည်ဆောက်ပြီးစီးသည့် ဒရုခတံတားနှင့် တီယန်ဇွတ်တံတား ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါလမ်းပေါ်၌ ကျင်းပသည်။

ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်၊ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေး၊ ဆွမ်ပရာဘွမ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲတို့က ဒရုခတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ဒရုခတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါတံတားသည် ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ဒရုခချောင်းပေါ်တွင် တည်ရှိပြီး တံတားအရှည်မီတာ ၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ၀ ဒသမ ၉ မီတာရှိသော သံကူကွန်ကရစ်တံတားဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တီယန်ဇွတ်တံတားသို့ ရောက်ရှိပြီး တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ တီယန်ဇွတ်တံတားသည် တီယန်ချောင်းပေါ်တွင် တည်ရှိပြီး တံတားအရှည်မီတာ ၉၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ လူသွားလမ်း အကျယ်တစ်ဖက် ၀ ဒသမ ၉ မီတာ အကျယ်ရှိသော သံကူကွန်ကရစ်တံတား ဖြစ်သည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**နမ့်ဆန် မတ် ၁၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် နမ့်ဆန်မြို့ရှိ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို မတ် ၈ ရက်က ဒေသဦးစီးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဒေသအတွင်း လိုအပ်ချက် တွေ့ကြုံနေရသည့်အခက်အခဲများ ပြည်သူများ၏ ခံစားချက်များ ပွင့်လင်းမြင်သာမှုရှိရှိ သိရှိရန်နှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များရှိပါက ကူညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ဒေသခံပြည်သူများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာသည့် နမ့်ဆန်မြို့ရပ်မိရပ်ဖဦးစောလွင်က မြို့မဂိုဏ်းချုပ် ဘုန်းတော်ကြီးကျောင်း၏ ကျောင်းဆောင်နှင့် ယာဉ်ရပ်နားရာအဆောင် အနောက်ဘက်(၈၅'×၄၅') အတိုင်းအတာမြေပြိုကျမှုကို သံကူကွန်ကရစ် မြေထိန်းနံရံပြုလုပ်ရန် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၁၀၈၀ ကို အစိုးရအဖွဲ့မှ ပံ့ပိုးကူညီဆောင်ရွက်ပေးရန်နှင့် ဇယန်းဘုန်းတော်ကြီးကျောင်း၏ ကျောင်းဆောင်နှင့် အနောက်ဘက်နေရာခုနစ်နေရာ မြေပြိုကျနေမှုလုပ်ငန်း ခုနစ်ခု မြေထိန်းပြုလုပ်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၁၄၄ သိန်းကို ပံ့ပိုးကူညီဆောင်ရွက်ပေးရန်၊ ပလောင်ဗဟိုစာပေရုံး အဆောက်အအုံ ပြန်လည်တည်ဆောက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ရန်ကျန်ရှိနေသည့် လျှပ်စစ်မီးပိုင်းဆိုင်ရာနှင့်ဆေးသုတ်ခြင်းလုပ်ငန်းများနှစ်ခုအတွက် ခန့်မှန်းတွက်ချက်ငွေကျပ်သိန်း ၂၀၀ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် တင်ပြဆွေးနွေးသည်။

ထို့နောက် လက်ဖက်အသင်းဒုတိယဥက္ကဋ္ဌ ဦးစိုင်းညွှန့်မောင်က လက်ဖက်စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရန်အတွက် သက်သာသောချေးငွေရရှိရေးအတွက် တင်ပြချက်၊ မြို့နယ်တွင် လက်ဖက်သုတေသနခြံမြေနေရာရှိရေး ဆောင်ရွက်ပေးရန် လက်ဖက်စိုက်တောင်သူများပုံစံ(၇)ရရှိရေး တင်ပြချက်၊ တရုတ်ပြည်မှ တရားမဝင်လက်ဖက် (အချိုခြောက်၊ လက်ဖက်ခြောက်) ဝင်ရောက်မှုကို ဥပဒေနှင့်အညီ တားဆီးပေးရန် တင်ပြချက်နှင့် လုပ်ငန်းစီမံခန့်ခွဲမှုအတွက် သင်တန်းပေးရန်တို့ကိုတင်ပြပြီး မန်တုံမြို့နယ်ရပ်မိရပ်ဖ ဦးနိုင်ဝင်းထွန်းက မြို့နယ်အတွင်း လိုအပ်သည့် အမှတ်(၁)ရပ်ကွက် မန်တောက်ရပ်မှ မြို့မရပ်ကွက်ဆက်သွယ်သည့် ကွန်ကရစ်လမ်းပေ ၁၂၀၀၊ အမှတ်(၁)ရပ်ကွက် မန်ကန်နှင့် အမှတ်(၂)ရပ်ကွက်ဟိုခိုဆက် သွယ်သည့်မြေသားလမ်း ၁/၄ မိုင်၊ တန်တီး-ဟူးလိန်ကားလမ်းမြေသားလမ်း ၉ မိုင်၊ မန်တုံ-မုံးဝီးလမ်းမကြီးမှ စေကော်-ဟူး လိန်-ပန်ကူ-နောင်ချို-ကုန်းပေါင်း ဆက်သွယ်သည့်လမ်းမြေသား မိုင် ၂၀၊ နမ္မတူမြို့နယ် မိုင်းဆင်ကျေးရွာမှ နားမွန်း-ပန်ကော်-မန်စော-တောနေ မြေသားလမ်း ၁၈ မိုင် စသည့်လမ်းများ ဆောင်ရွက်ပေးနိုင်ရန် တင်ပြကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လှူဒါန်းသော လွယ်ဆိုင်ဘုရားနှင့် ဂန္ဓကုဋိကျောင်းတိုက် ပြုပြင်ရန် ငွေကျပ် သိန်း ၅၀၀၊ နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာအုပ်စု ဇယ်တုန်ဟုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းပြုပြင်ရန် ငွေကျပ်သိန်း ၃၀၀၊ လီလုကျေးရွာအုပ်စု မန်ပိန်းကျေးရွာ ဘုန်းကြီးကျောင်းပြုပြင်ရန် ငွေကျပ်သိန်း ၃၀၀၊ နမ့်လင်းကျေးရွာ အုပ်စု ပန်တောင်း(အောက်)ကျေးရွာ ဘုန်းကြီးကျောင်းပြုပြင်ရန် ငွေကျပ်သိန်း ၃၀၀၊ အနောက်ကင်းကျေးရွာအုပ်စု ဟိုနမ့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်သစ်ဆောက်လုပ်ခြင်းအတွက် ငွေကျပ်သိန်း ၃၀၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ်က လှူဒါန်းရာ နမ့်ဆန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကျော်က လက်ခံယူသည်။

ဆက်လက်၍ နမ့်ဆန်မြို့ တအာင်းပလောင်စာပေ ယဉ်ကျေးမှုအတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ငွေကျပ်သိန်း ၂၀ ကို ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပေးအပ်၍လည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက အလှူငွေကျပ် ၁၀ သိန်းကို တအာင်းစာပေယဉ်ကျေးမှုတို့ကို ပေးအပ်ရာ စာပေယဉ်ကျေးမှုအဖွဲ့မှ တာဝန်ရှိသူများက လက်ခံယူပြီး လယ်မြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ(၁)ကို ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော် ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဝမ်းတွင်းဆည်မြောင်းကောနေ၍ ဒေသခံတောင်သူများ အခက်ကြုံ

**ဝမ်းတွင်း မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့ရှိ တောင်သူများသည် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြရာ ဝမ်းတွင်းမြို့ ဆည်မြောင်းမှရေကိုလည်း အဓိကထား မှီခိုနေရကြောင်း၊ ယခုအခါ အဆိုပါ ဝမ်းတွင်းဆည်မှ ရေပေးဝေသည့် မြောက်ဘက်ဆုံး ရေမြောင်းကောနေ၍ ထိုရေမြောင်းစီးဆင်းရာဒေသရှိ တောင်သူများစိုက်ပျိုးရန် ရေမရရှိသဖြင့် ကျေးရွာခြောက်ရွာရှိတောင်သူများ အခက်အခဲကြုံတွေ့နေရကြောင်း ဒေသခံစိုက်ပျိုးရေးလုပ်ကိုင်သူများထံမှ သိရသည်။

ဆည်ရွာကျေးရွာမှ တောင်သူ ဦးဝင်းနိုင်က "ဆယ်နှစ်လောက်ရှိပြီ။ ဆည်က မြောင်းကောပြီး ရေမရတာ။ ရေမရလို့ တောင်ယာ မလုပ်ကိုင်ရတော့ အခုဆို လယ်ယာမြေတွေပျက်စီးနေတယ်။ မြင်တိုင်ကန်၊ ရေဆုံး၊ ဆည်ရွာ၊ မြောင်ဇချမ်းကုန်း၊ ခင်ကြီးနဲ့ ကင်းရွာကုန်းဆိုတဲ့ ရွာခြောက်ရွာမှာ ကန္တာရတောတွေ ဖြစ်နေပါပြီ" ဟု ပြောသည်။

"တောင်သူတွေ စိုက်ပျိုးရေး လုပ်ဆောင်နိုင်အောင် ဆည်ကနေ ရေလွှတ်ပေးစေချင်ပါတယ်။ နိုင်ငံတော်အစိုးရကိုလည်း တင်ပြထားပါတယ်။ မြောင်းကောနေတဲ့အတွက် ရေလွှတ်မပေးနိုင်တော့ ရွာခြောက်ရွာမှာ စိုက်ပျိုးရေးမလုပ်နိုင်ဘဲ လယ်ယာမြေ ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်နေတာ ဧက ၅၀၀၀ လောက်အထိ ရှိပါတယ်။ ဒါတွေကို ဖြေရှင်းနိုင်ဖို့ ရေရအောင်ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု တောင်သူ တစ်ဦးကလည်း ဆက်ပြောသည်။




ဆည်မြောင်းကောနေသည့်နေရာကို တွေ့ရစဉ်။

အဆိုပါ ပြဿနာနှင့်ပတ်သက်၍ မြို့နယ် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးအား မေးမြန်းရာ "မြို့က အညစ်အကြေးတွေကလည်း ကျွန်တော်တို့ မြောင်းထဲကို ကျရောက်နေတာပါ။ တောင်သူတွေ အဆင်ပြေအောင် ရန်ပုံငွေ တင်တောင်းထားပါတယ်။ ရန်ပုံငွေကျရင်တော့ ပြင်ဆင်ပေးသွားတော့မှာပါ" ဟု မြို့နယ်ဒုတိယဦးစီးမှူး ဦးမြတ်ကျော်စိုးက ရှင်းပြသည်။

ဝမ်းတွင်းဆည်မှာ မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ တံခွန်တိုင်ဆည်တို့မှ လွှတ်လိုက်သည့် ရေများကိုထိန်းပြီး လယ်ယာမြေများသို့ ရေပေးဝေသည့် ရေထိန်းဆည်တစ်ခုဖြစ်ရာ လယ်ယာမြေများသို့ ရေပေးဝေခဲ့သည်မှာ နှစ် ၇၀ ဝန်းကျင်နီးပါးရှိကြောင်း၊ ရေမြောင်းကောနေသည်မှာ ၁၀ နှစ် ကျော်လာပြီး ပြုပြင်ပေးခြင်းမရှိ၍ ဆည်ရေကို မှီခိုနေရသော ဒေသခံကျေးရွာ ခြောက်ရွာခန့်ရှိကြောင်း၊ ဝမ်းတွင်းဆည်သည် လယ်ယာမြေဧကနှစ်သောင်းဝန်းကျင်ခန့်ကို ရေပေးဝေနိုင်ခဲ့ရာမှ ယခုအချိန်တွင် လယ်ယာမြေဧကသုံးထောင်ဝန်းကျင်ခန့်သာ ရေပေးဝေနိုင်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို (မလှိုင်)**

# ဖျာပုံမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းအမှိုက်ကောက်

**ဖျာပုံ မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ မြို့ပေါ်ရပ်ကွက်များ သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပွဲတင်သံပရဟိတဘောလုံးအသင်းတို့ ပူးပေါင်း၍ မြို့တွင်းအမှိုက်ကောက် သန့်ရှင်းရေးလုပ်ရှားမှုကို ယမန်နေ့က ဖျာပုံမြို့တောင်ပိုင်းရပ်ပင်လယ်ဒေသသွား ကားများရပ်နားရာကားဝင်းနှင့် လိပ်ဥကုန်းဘုရားဝင်း၌ ပြုလုပ်သည်။



ဖျာပုံမြို့ သန့်ရှင်းသာယာရေးအတွက် စုပေါင်းအမှိုက်ကောက်နေသည်ကို တွေ့ရစဉ်။

မြို့သန့်ရှင်းသာယာလှပရေးလှုပ်ရှားမှု အစီအစဉ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ပွဲတင်သံပရဟိတဘောလုံးအသင်းဥက္ကဋ္ဌတို့နှင့် တာဝန်ရှိသူတို့က မြို့ပတ်လမ်းတစ်လျှောက်၊ ကျိုက္ကမျှမ်စေတီတော်မြတ်ကြီးဝန်းကျင်၊ ဖျာပုံတောင်ပိုင်း ကားဝင်းအတွင်းတို့၌ အမှိုက်ကောက်ခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဖျာပုံမြို့၌ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ အပတ်စဉ်စနေနေ့တိုင်း သန့်ရှင်းရေးပြုလုပ်လျက်ရှိရာ ယခုအကြိမ်သည် ခြောက်ကြိမ်မြောက်ဖြစ်ကြောင်း၊ လာမည့် စနေနေ့တွင် ခုနစ်ကြိမ်မြောက် လှုပ်ရှားမှုဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ မည်သူမဆို ပူးပေါင်းပါဝင်နိုင်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# ကလေးသူငယ်များ တောင်းရမ်းစားသောက်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**စစ်ကိုင်း မတ် ၁၀**

စစ်ကိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိပူးပေါင်းအဖွဲ့များသည် စစ်ကိုင်းမြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန် မတ် ၇ ရက်က ကလေးသူငယ်များ တောင်းရမ်းစားသောက်မှု မရှိစေရေးအတွက် လူစည်ကားသည့် မြို့မဈေးကြီးအတွင်းနှင့် အနီးပတ်ဝန်းကျင် အထင်ကရနေရာများ သို့ ကွင်းဆင်းစစ်ဆေးသည်။

"ကလေးသူငယ်တွေ တောင်းရမ်းစားသောက်နေကြတဲ့အတွက် မြို့တော်ရဲ့ပုံရိပ်တွေကျဆင်းရတယ်။ နောက်ပြီး ကလေးသူငယ်တွေရဲ့အနာဂတ်မှာလည်း အန္တရာယ်များလာမယ်။ လွယ်လွယ်ရပြီး အချောင်လိုချင်စိတ်တွေ ဖြစ်ပေါ်မယ်။ ဒါကြောင့် အခုလို ကွင်းဆင်းပြီး သူတို့တွေကိုဆုံးမပေးမယ်။ မိဘတွေကိုပြောပြပေးမယ်။ နောင်ကလေးငယ်တွေကို အခုလိုတောင်ရမ်းခိုင်းရင် လုပ်ထုံး၊ လုပ်နည်းဥပဒေတွေနဲ့အညီ အရေးယူဆောင်ရွက်နိုင်တယ်ဆိုတာတွေနဲ့ ကလေးတွေရဲ့နောက်ကွယ်မှာခိုင်းစေတဲ့သူတွေ ရှိ မရှိ သိရအောင် ကွင်းဆင်းမေးမြန်းအသိပညာပေးနေကြတာပါ "ဟု မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းက ပြောသည်။

အဆိုပါအဖွဲ့များသည် စစ်ကိုင်းမြို့ သမိုင်းဝင်ရာဇမဏိစူဠာကောင်းမှုတော်မြတ်စွာဘုရားကြီး၊ မြရတနာရပ်ကွက်တို့သို့ သွားရောက်၍ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ရပ်ကွက်တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ ကျပ် | ၉၅၀/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၅၀ ကျပ် | ၉၆၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၉၀/၇၅၀ ကျပ် | ၇၉၅/၈၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၈၅/၈၄၅ ကျပ် | ၈၉၅/၉၀၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၂ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၆ · ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၈၉ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၈ · ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၅ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ · ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၇၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၁ · ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၇၆၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ အပျော့အမာ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်ဟာ အခါအခွင့်ရတိုင်း စာသင်တယ်။ ဟောပြောပွဲတွေ လုပ်ပေးတယ်။ တက္ကသိုလ်ကျောင်းတွေမှာ လုပ်ခဲ့သလို အပြင်လည်းလုပ်ပေးခဲ့တယ်။ အမှန်တော့ အခုလို မျှဝေရင်း တက်ရောက်လာသူတွေရဲ့အသိတရားကို မြင့်မားစေချင်တယ်။ ကျွန်တော့်ရဲ့ပညာရပ်ဟာ စီမံခန့်ခွဲမှုမို့ အသိတရားတိုးရုံမဟုတ်ဘဲ အတတ်ပညာကိုလည်း ရစေချင်တယ်။ လွယ်လွယ်ပြောရရင် သိခြင်းနဲ့ တတ်ခြင်းကို အားပေးချင်တာ။ တချို့က သိပေမယ့် မတတ်ကြဘူး။ တချို့ကျတော့လည်း တတ်ပေမယ့် မသိကြပြန်ဘူး။ ဒါကြောင့် အသိနဲ့ အတတ်ကို တွဲဖက်နေစေချင်တယ်။ တစ်ခုတော့ ရှိတယ်။ သိရုံတတ်ရုံနဲ့ မလုံလောက်ပြန်ဘူး။ ဆန္ဒပါမှ ဖြစ်တာ။ ဒါကြောင့် အသိအတတ်နဲ့ ဆန္ဒပေါင်းစပ်ဖို့လိုတယ်။ စိတ်မပါရင် ဘယ်လောက်သိသိ၊ ဘယ်လောက်တတ်တတ်၊ အလကားပဲ။ ဆန္ဒကိုတော့ ကျွန်တော် မလုပ်ပေးနိုင်ဘူး။ မပို့ချနိုင်ဘူး။ သင်ယူခံယူတဲ့သူရင်ထဲမှာ ပေါ်လာမှုဖြစ်တယ်။**

### အပျော့နဲ့အမာ

အသိအတတ်နဲ့ ဆန္ဒကို ပုံစံတစ်မျိုးနဲ့ သုံးတယ်။ အသိဆိုတာက ဦးခေါင်းကို အာရုံပြုတာ။ အတတ်ကတော့ လက်တွေကို ဦးစားပေးပြီး ဆန္ဒကတော့ နှလုံးသားကို နှိုးဆွတာ။ ဒါကြောင့် ကျောင်းဆရာတစ်ယောက်အနေနဲ့ တပည့်တွေရဲ့ ဦးနှောက်ရယ်၊ တပည့်တွေရဲ့ လက်တွေရယ်၊ တပည့်တွေရဲ့ နှလုံးသားတွေကို ထိတွေ့နိုင်အောင် အမြဲကြိုးစားပါတယ်။

အသိအတတ်နဲ့ ဆန္ဒကို ပုံစံတစ်မျိုးနဲ့ သုံးသပ်ရင် အမာနဲ့ အပျော့လို့ ခွဲခြားနိုင်တာ။ တတ်တာက အမာဖြစ်ပြီး သိတာနဲ့ ဆန္ဒက အပျော့လို့ ယူဆနိုင်တယ်။ ဆေးပညာပဲဖြစ်ဖြစ်၊ အင်ဂျင်နီယာပညာပဲဖြစ်ဖြစ်၊ စာရင်းကိုင်ပညာပဲဖြစ်ဖြစ် ပညာရပ်တိုင်းမှာ အတတ်ကို ဦးစားပေးတယ်။ တစ်နည်းပြောရင် အမာကို ဇောင်းပေးတယ်။ ပညာရပ်နဲ့ပတ်သက်ပြီး ပြီးပြည့်စုံအောင် တတ်ဖို့လိုကြောင်း ဆုံးမတယ်။ ဒါကြောင့်လည်း တက္ကသိုလ်၊ ကောလိပ်ကျောင်းတွေမှာ အမာတွေကို ဖိသင်တယ်။

အမာဟာ အရေးကြီးတယ်။ ဒါကိုတော့ ငြင်းလို့မရပါဘူး။ ခွဲစိတ်ပညာမတတ်ဘဲနဲ့ ခွဲစိတ်ဆရာဝန် မဖြစ်နိုင်ဘူး။ ဗိသုကာပညာ မကျွမ်းကျင်ဘဲ အင်ဂျင်နီယာမဖြစ်နိုင်ဘူး။ ဥပဒေပညာမကျွမ်းကျင်ဘဲ ရှေ့နေတရားသူကြီးမဖြစ်နိုင်ဘူး။ ဒါပေမယ့် ဆေးပညာ ထူးချွန်ပေမယ့် ဆက်ဆံရေးအားနည်းရင် လူနာတွေရှိမှာ မဟုတ်ဘူး။ ဥပဒေပညာ ကျွမ်းကျင်ပေမယ့် အမှုသည်တွေနဲ့ အဆင်ပြေအောင် မဆက်ဆံနိုင်ရင် အမှုသည်ရမှာမဟုတ်ဘူး။ ခက်တာက အပျော့ပညာကို ဘယ်တက္ကသိုလ်၊ ဘယ်ကောလိပ်မှ မသင်ပေးဘူး။ သင်ပေးဖို့လိုအပ်ကြောင်းကို လက်မခံဘူး။ သိတောင်မသိဘူး။ ဒါကြောင့်လည်း ပညာမှာ ထူးချွန်ပေမယ့် အလုပ်မှာ မအောင်မြင်တဲ့သူတွေ အများကြီးရှိနေတာ တွေ့ရတယ်။ ကျွန်တော်ကတော့ တစ်ဖက်က အမာတွေ သင်သလို တစ်ဖက်က အပျော့တွေ သင်စေချင်တယ်။

### အပျော့ကို ပျော့ညံ့မှုလို့ထင်ကြ

ဒါပေမယ့် အပျော့လို့ပြောရင် လူတွေက အထင်သေးတယ်။ ပျော့ညံ့မှုနဲ့ ယှဉ်တွဲတယ်။ ငယ်ငယ်ကတည်းက ကလေးတွေကို မာဖို့သင်တယ်။ စိတ်ဓာတ်ခိုင်မာရမယ်။ ပျော့ညံ့တာဟာ မကောင်းဘူးဆိုပြီး ရိုက်သွင်းခဲ့တယ်။ အမှန်တော့ အမာတွေက သင်ရတာလွယ်ပြီး အပျော့က သင်ရတာခက်တယ်။ ကျွန်တော်က စီးပွားရေးလုပ်ငန်းရှင်များကို အပျော့ပညာသင်ပေးတယ်။ အရေးကြီးဆုံး အပျော့ပညာက EQ လို့ခေါ်တယ်။ ခံစားမှုနဲ့ပတ်သက်ပြီး ဉာဏ်ရည်ထက်မြက်ဖို့ဖြစ်တယ်။ ကလေးတစ်ယောက်ကို တော်တယ်လို့ပြောရင် ဉာဏ်ရည်ထက်မြက်မှုကို ရည်ညွှန်းတာ။ တစ်နည်းပြောရင် IQ မြင့်သူလို့ ပြောတာ။ ဒါပေမယ့် စာတော်တိုင်း ဘဝမှာ မအောင်မြင်ကြဘူး။ ဒါကြောင့် လူတစ်ယောက်မှာ IQ ဟာ အရေးပါသလို EQ ဟာ အရေးကြီးကြောင်း အသိအမှတ်ပြုလာကြတယ်။ EQ ရဲ့အခြေခံက ကိုယ့်အကြောင်း သိခြင်းဖြစ်တယ်။ လူတွေက ကိုယ့်အကြောင်းကို သိတယ်လို့ထင်ပေမယ့် အမှန်တော့ အပြည့်အဝမသိနိုင်ပါဘူး။ အခုလို ကိုယ့်အကြောင်းကိုသိတဲ့ အခြေခံကတစ်ဆင့် ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်စွမ်းရှိရမယ်။ တစ်ဖက်က ကိုယ့်အကြောင်းကိုသိအောင် ကြိုးစားသလို သူများအကြောင်း သိနိုင်အောင်လည်း အားထုတ်ရမယ်။ ဒါမှ ဆက်သွယ်ဆက်ဆံရေးပြေလည်နိုင်မှာသာဖြစ်တယ်။

> **"အပျော့ပညာက EQ လို့ ခေါ်တယ်။ ခံစားမှုနဲ့ပတ်သက်ပြီး ဉာဏ်ရည်ထက်မြက်ဖို့ဖြစ်တယ်။ ကလေးတစ်ယောက်ကို တော်တယ်လို့ပြောရင် ဉာဏ်ရည်ထက်မြက်မှုကို ရည်ညွှန်းတာ။ တစ်နည်းပြောရင် IQ မြင့်သူလို့ ပြောတာ။ ဒါပေမယ့် စာတော်တိုင်း ဘဝမှာမအောင်မြင်ကြဘူး။ ဒါကြောင့် လူတစ်ယောက်မှာ IQ ဟာ အရေးပါသလို EQ ဟာ အရေးကြီး"**

### သူ့နေရာမှာနေကြည့်နိုင်တဲ့ သတ္တိရှိဖို့လို

ကိုယ်ချင်းစာတရားဟာ EQ ရဲ့ အနှစ်သာရပဲ။ လူတွေဟာ အတ္တသမားတွေ ဖြစ်ကြတယ်။ ဒါပေမယ့် တစ်ဖက်သားအတွက်လည်း စဉ်းစားရမယ်။ ကိုယ်ချင်းစာတရား ရှိရမယ်။ သူ့နေရာမှာနေကြည့်နိုင်တဲ့ သတ္တိရှိရမယ်။ ကျွန်တော် စိတ်မကောင်းဖြစ်မိတာက အခုချိန်မှာ ကိုယ်ချင်းစာစိတ်တွေ ခေါင်းပါးနေတာ တွေ့ရတယ်။ တစ်ဖက်သတ် အစွန်းတရားကို လက်ခံနေကြတယ်။ အမုန်းတရားတွေနဲ့ အရာရာကို ဖြေရှင်းချင်ကြတယ်။ ကိုယ့်ဘက်က မှန်သလို သူ့ဘက်ကလည်း မမှားဘူးဆိုတာကို လက်ခံနိုင်ရမယ်။ အခုတော့ သုညကြွင်းတဲ့ ကစားပွဲကို ကစားနေကြတယ်။ "ငါနိုင်ဖို့ မင်းရှုံးရမယ်" ဆိုတဲ့ အယူအဆက လွှမ်းမိုးနေတာ။ "ငါလည်း နိုင်တယ်၊ မင်းလည်း မရှုံးဘူး" ဆိုတာမျိုး စဉ်းစားဖို့လိုတယ်။

EQ နဲ့ ပတ်သက်ရင် ပညာရှင်အချို့က အပိုင်းနှစ်ပိုင်းနဲ့ ဖော်ပြကြတယ်။ ပထမပိုင်းကတော့ ကိုယ့်အကြောင်းကို သိခြင်းဖြစ်တယ်။ စောစောက ပြောခဲ့တဲ့အတိုင်း ဒုတိယအပိုင်းက ကိုယ့်ကိုယ်ကိုယ် ရွေးချယ်ခြင်းဖြစ်တယ်။ အရာရာကို မိမိဆန္ဒအရ ရွေးချယ်မှုဖြစ်သင့်တယ်။ သူများနဲ့ မဆိုင်ဘူး။ အောင်မြင်မှုမရှိရင် ကိုယ့်ကြောင့်ပဲ။ မိမိရဲ့ရွေးချယ်မှု မှားယွင်းလို့ဖြစ်တယ်ဆိုတာကို လက်ခံရမယ်။ လက်ရှိဖြစ်နေတဲ့ အခြေအနေဟာ ကိုယ့်ရဲ့ရွေးချယ်မှုကြောင့်ဖြစ်တယ်ဆိုတာ ဝန်ခံရဲရမယ်။ နောက်ဆုံးကတော့ ပေးဆပ်ခြင်းဖြစ်တယ်။ ဘဝဟာ ရယူခြင်းမဟုတ်ဘဲ ပေးဆပ်ခြင်းဖြစ်တယ်။ ဒါကြောင့် အလုပ်လျှောက်တဲ့လူငယ်တွေကို ကျွန်တော်က အမြဲအားပေးတယ်။ ဒီအလုပ်ရရင် လခဘယ်လောက်ရမလဲ၊ ဘာအခွင့်အရေးတွေ ရမလဲဆိုတာ မမေးဘဲ၊ မစဉ်းစားဘဲ ကိုယ်က ဘာပေးဆပ်ရမလဲ၊ ဘာလုပ်ပေးရမလဲဆိုတာကို အာရုံပြုရမယ်။

### အရေးကြီးတာက နားထောင်ဖို့

လူတွေဟာ တစ်ယောက်တည်း နေလို့မရပါဘူး။ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်တွေ၊ မိသားစုတွေနဲ့ ထိတွေ့ဆက်ဆံရတယ်။ အခုလို ဆက်ဆံတဲ့အခါမှာ အရေးကြီးဆုံးက အပြောအဆိုနဲ့ နားထောင်မှုပဲဖြစ်တယ်။ ဆက်သွယ်ရေးအားနည်းမှုကြောင့် နားလည်မှုပျက်ပြားတယ်။ နားလည်မှုလို့ပြောရင် တူညီတဲ့နားလည်မှုကို ဆိုလိုတာ။ နားလည်မှု အားနည်းနေတာကြောင့် မိသားစု၊ အဖွဲ့အစည်း၊ နိုင်ငံမှာ မလိုအပ်တဲ့ပြဿနာတွေ ပေါ်နေတယ်။

နားလည်မှုမြင့်မားဖို့ အရေးကြီးတာက နားထောင်ဖို့ဖြစ်တယ်။ အမှန်တော့ နားထောင်တာဟာ မလွယ်ကူလှဘူး။ သူများပြောနေတာကို နားထောင်နေပေမယ့် စိတ်က တခြား၊ ပြောတာကို တစ်ဝက်လောက်ပဲကြားတာ။ နားထောင်တာ မဟုတ်ဘဲ ကိုယ့်အလှည့်ကျရင် ဘာပြောရမလဲဆိုတာကို စာစီနေကြတယ်။ ဒါကြောင့်လည်း နားလည်မှုတွေ အားနည်းနေတာ။

တချို့က နားထောင်တဲ့ အင်အားသိပ်နည်းတယ်။ ကိုယ်ကပဲ ပြောချင်တာ။ သူများပြောတာကို နားထောင်ရမှာ စိတ်မရှည်ဘူး။ အားလုံးသိနေတယ်လို့ ထင်တယ်။ ဒါကြောင့် ကျွန်တော်က အစည်းအဝေးတွေမှာ ၈၀ ရာခိုင်နှုန်း နားထောင်ပြီး ၂၀ ရာခိုင်နှုန်းပြောဖို့ သတိပေးခဲ့တာ။ အစည်းအဝေး တစ်နာရီကြာရင် ၄၈ မိနစ် နားထောင်ပြီး ကျန်တဲ့ ၁၂ မိနစ်လောက်သာ ပြောစေချင်တယ်။ အခုတော့ ပြောင်းပြန်ဖြစ်နေတာ။ တစ်နာရီမှာ မိနစ် ၆၀ လောက် ပြောချင်တာ။ ကျန်တဲ့သူပြောတာကို နားထောင်စွမ်းမရှိဘူး။ ဒါကြောင့်လည်း နားလည်မှုတွေ လျော့ပါးနေတာ။ ကျွန်တော်ပြောတဲ့ ပုံသေနည်းကိုသုံးရင် အခြေအနေတွေ ချက်ချင်းပြောင်းနိုင်တယ်။ ဆက်သွယ်မှုဟာ အရေးကြီးသလို ပူးပေါင်းဆောင်ရွက်မှုဟာလည်း အရေးကြီးတယ်။ အားလုံးကို ကိုယ်တစ်ဦးတည်း တစ်ယောက်တည်းလုပ်လို့ မဖြစ်နိုင်ဘူး။ ကိုယ်နဲ့အတူ ဝိုင်းဝန်းဆောင်ရွက်မယ့်သူတွေနဲ့ ပူးပေါင်းရမယ်။ တစ်ကိုယ်တော်လုပ်တာဟာ ပင်ပန်းတယ်။

### နှိမ့်ချမှုဟာ အရေးပါတဲ့အပျော့ပညာ

ပူးပေါင်းဆောင်ရွက်ဖို့ အပေးအယူရှိရမယ်။ တစ်ဦးချင်းမှာရှိတဲ့ အရည်အချင်းတွေကို အသုံးချနိုင်ဖို့ လိုတယ်။ ကိုယ့်ထက်တော်တဲ့သူတွေ၊ ကိုယ့်ထက်တတ်တဲ့သူတွေ အနားမှာရှိဖို့ အရေးကြီးတယ်။ ကိုယ့်နေရာကို အချိန်မရွေး အစားထိုးနိုင်သူတွေကို ရွေးချယ်ထားဖို့ လိုအပ်တယ်။ နှိမ့်ချမှုဟာလည်း အရေးပါလှတဲ့ အပျော့ပညာဖြစ်တယ်။ ကိုယ်မသိသေးတာ၊ မတတ်သေးတာကို လက်ခံနိုင်ရမယ်။ ကိုယ့်ထက်တတ်တဲ့သူတွေ၊ သိတဲ့သူတွေရှိတာကို အသိအမှတ်ပြုရမယ်။ နှိမ့်ချလို့ နိမ့်ကျတာ မရှိပါဘူး။

ကျွန်တော်က လူငယ်တွေရဲ့သင်ယူခံယူမှု အမြဲအားပေးတယ်။ မသေမချင်း လေ့လာကြပါ၊ သင်ယူကြပါလို့ တိုက်တွန်းတယ်။ ဘဝမှာ သိစရာ၊ တတ်စရာ၊ သင်စရာတွေ အပြည့်။ မကုန်နိုင်ဘူး။ ဒါကြောင့် မရပ်စေချင်ဘူး။ ပညာလောဘရှိစေချင်တယ်။ ဒါပေမယ့် အခုလို ပညာများများ တတ်လေလေ အများအတွက် ဘယ်လိုအလုပ်အကျွေးပြုရမလဲဆိုတာကို အမြဲစဉ်းစားစေချင်တယ်။ အမှန်တော့ လူတစ်ယောက်ရဲ့ တန်ဖိုးဟာ အများအတွက် ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ ပေတံနဲ့တိုင်းစေချင်လှတယ်။ ။

# သထုံ၌ တိုင်းရင်းဆေးရုံ သံဃာဆေးကုသဆောင်သစ် ဖွင့်ပွဲ ကျင်းပ



တိုင်းရင်းဆေးရုံ သံဃာဆေးကုသဆောင်သစ်ဖွင့်ပွဲ ကျင်းပစဉ်။

**သထုံ မတ် ၁၀**

မွန်ပြည်နယ် သထုံခရိုင် တိုင်းရင်းဆေးရုံတွင် သံဃာဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်က သထုံမြို့ လိပ်အင်းရပ်ကွက် အ-ထ-က(၁)ကျောင်းအနီးရှိ ခရိုင်တိုင်းရင်းဆေးရုံဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးကျော်ဌေးဦးက တည်ဆောက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင်နှင့် မိသားစုတို့က သံဃာဆောင်နှင့် ပတ်သက်သည့် အထောက်အထားတို့ကို ပေးအပ်ရာ ခရိုင်တိုင်းရင်းဆေးရုံအုပ် ဒေါ်မာမာချိုက လက်ခံယူသည်။

ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး၊ ခရိုင်တိုင်းရင်းဆေးရုံအုပ်နှင့် အလှူရှင်တို့က သံဃာဆေးကုသဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တက်ရောက်လာသူတို့က သံဃာဆောင်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

ကျေးရွာသစ်တော၊ ထင်းမှော်အိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့

# အမျိုးသမီးများ အကြမ်းဖက်မှုမခံရရေး ဟောပြောပွဲကျင်းပ

**ပျော်ဘွယ် မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့မြင်းဘက်ရပ် အမေထိန်းခန်းမ၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မတ်လပထမပတ်က ဟောပြောပွဲ ကျင်းပရာ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ မြို့နယ်မှူး ဦးမင်းမင်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးမြင့်လွင်နှင့် တာဝန်ရှိသူများက ဟောပြောကြရာ ခရိုင်၊ မြို့နယ်နှင့် ရပ်/ ကျေးများမှ အမျိုးသမီးအဖွဲ့ဝင်အင်အား ၁၅၀ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် အမျိုးသမီးများ အကြမ်းဖက်မှုမခံရရေး၊ အမျိုးသမီးများနှင့် သက်ဆိုင်သော မူခင်းများ၊ လူထုဗဟိုပြု စီမံကိန်းများတွင် ကျား/မ ပါဝင်မှု ဆောင်ရွက်ချက်များ ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**



အမျိုးသမီးများ အကြမ်းဖက်မှုမခံရရေး ဟောပြောပွဲ ကျင်းပစဉ်။

# မဝေးတော့တဲ့အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်စာသင်ကြားသင်ယူမှု မြှင့်တင်ရေးလုပ်ငန်းကြီး အောင်မြင်ပေါက်ရောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်

ဒေါက်တာ လွင်လွင်စိုး

## အင်္ဂလိပ်စာသင်ကြားသင်ယူမှု မြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**အင်္ဂလိပ်စာ သင်ကြားသင်ယူမှုမြှင့်တင်ရေး စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ အဖွဲ့ဝင် ဒေါက်တာလွင်လွင်စိုး၊ ရန်ကုန်တက္ကသိုလ်မှ ကျွမ်းကျင်သူ ဒေါက်တာနော်ဂျူးဖော၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ပိုးပိုးနှင့် မန္တလေးတက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာသန္တာစိုးတို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**




**အစီအစဉ်မှူး။** ။**အင်္ဂလိပ်စာသင်ကြား သင်ယူမှုမြှင့်တင်ရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတာတွေ သိပါရစေ။**

**ဒေါက်တာလွင်လွင်စိုး။** ။အားလုံးသိကြတဲ့အတိုင်း အခုအခါမှာ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကို ပညာရေးဆိုင်ရာ တာဝန်ရှိသူတွေ၊ ပညာရှင်တွေ၊ ပညာရေးမိသားစုတွေက အားကြိုးမာန်တက် ဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရာမှာ အင်္ဂလိပ်စာသင်ကြားသင်ယူမှု မြှင့်တင်ရေးဟာလည်း အဓိကကျတဲ့ အခန်းကဏ္ဍမှာ ပါတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ဒါ့ကြောင့် အခြေခံပညာရေး ကဏ္ဍမှာရော၊ အဆင့်မြင့်ပညာရေးကဏ္ဍမှာရော အင်္ဂလိပ်စာမြှင့်တင်ရေးကို အထူးအလေးထားပြီး ဆောင်ရွက်နေကြပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရာမှာ အခြေခံကစပြီး ခိုင်မာအောင်ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အခြေခံခိုင်မှ အဆင့်မြင့်ပညာကဏ္ဍအထိ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အခြေခံပညာကဏ္ဍမှာ ၂၀၁၆ ခုနှစ်ကစပြီး KG+12 စနစ်ကို စတင်ပြီးတော့ ကျင့်သုံးနေပြီဖြစ်ပါတယ်။ အဲဒါကြောင့် အခြားဘာသာရပ်များနည်းတူပဲ အင်္ဂလိပ်စာဘာသာရပ် သင်ရိုးညွှန်းတမ်းတွေကိုလည်း ပြုပြင်ပြောင်းလဲရေးဆွဲကြရပါတယ်။ အဲဒီလိုပြောင်းလဲရာမှာ အလွယ်တကူပြောင်းလဲလို့ မရပါဘူး။ အတန်းလိုက် အင်္ဂလိပ်ဘာသာရပ် သင်ကြားရတဲ့ ရည်ရွယ်ချက်အသေးစိတ်တွေ ချမှတ်ပြီး သင်ရိုးညွှန်းတမ်းမူဘောင် Curriculum Framework တစ်ခုကိုအရင် ပြုပြင်ရေးဆွဲရပါတယ်။ ပြီးတော့ အတန်းလိုက် Scope and Sequence တွေ ချမှတ်ကြရပါတယ်။ ဒါမှသာ အတန်းတစ်တန်းနဲ့တစ်တန်း အချိတ်အဆက်မိမိ အကူးအပြောင်းလုပ်နိုင်ပြီး သိသင့်သိထိုက်တဲ့ သင်ခန်းစာတွေကို level အလိုက် သင်ကြားနိုင်မှာဖြစ်ပါတယ်။ အရေးအကြီးဆုံးကတော့ မိမိတို့ရဲ့ မူဘောင်ဟာ နိုင်ငံတကာက မူဘောင်တွေနဲ့ ကိုက်ညီမှုရှိမရှိ၊ နိုင်ငံတကာရဲ့ အဆင့်ဘယ်လောက်ရှိမလဲ စတာတွေကို သေသေချာချာ ချိန်ဆကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သင်ရိုးညွှန်းတမ်းအသစ်မှာပါရှိတဲ့ ပြဋ္ဌာန်းစာအုပ်တွေကို Curriculum Development Team (CDT) အဖွဲ့ဝင်များက ချမှတ်ထားတဲ့ Scope နဲ့ Sequence အလိုက် စတင်ပြီးရေးကြရပါတယ်။ ဆက်လက်ပြီးတော့ SWC လို့ခေါ်တဲ့ Subjectwise Committee အဖွဲ့က ရေးသားထားတဲ့ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမီ၊ မမီ၊ အရေးအသားအသုံး အနှုန်းတွေ မှန်ကန်မှု ရှိ၊ မရှိကို သေသေချာချာ အထပ်ထပ်အခါခါ စိစစ်တည်းဖြတ်ကြပါတယ်။ နောက်ဆုံးအနေနဲ့ သင်ခန်းစာတွေရဲ့အရည်အသွေး၊ နိုင်ငံတော်မူဝါဒနဲ့ ကိုက်ညီမှုရှိ၊ မရှိဆိုတာကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ National Curriculum Committee (NCC) ကနေပြီး စစ်ဆေးအတည်ပြု ပေးတာဖြစ်ပါတယ်။ ဒီလိုအဆင့်ဆင့် အကြိမ်ကြိမ်အခါခါ စစ်ဆေးတည်းဖြတ်ပြီးတော့မှ ပြဋ္ဌာန်းစာအုပ်အသစ်တွေကို ထုတ်ဝေနိုင်အောင် ပြုစုဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ အခု အသစ်ပြဋ္ဌာန်းတဲ့ မူလတန်းနဲ့ အလယ်တန်း အခြေခံပညာ အတန်းများရဲ့အင်္ဂလိပ်စာပြဋ္ဌာန်းစာအုပ်တွေမှာ အခြေခံကနေ စပြီးတော့ အမှန်တကယ် ပြောဆိုဆက်သွယ်နိုင်အောင် ရည်ရွယ်ပြီး အရေး၊ အဖတ်၊ အကြား၊ အပြောစွမ်းရည်တွေကို လေ့ကျင့်ပေးတဲ့ လေ့ကျင့်ခန်းတွေ၊ သင်ခန်းစာတွေကို ထည့်သွင်းပြီးတော့ အတန်းအလိုက် အချိတ်အဆက်မိမိနဲ့ ပြုစုရေးသားထားပါတယ်။ အခုဆိုရင် Grade 1 နဲ့ Grade 2 ကို စတင်အသုံးပြုနေပြီး Grade 3 နဲ့ Grade 6 ကိုတော့ ၂၀၁၉ ခုနှစ် ပညာသင်နှစ်မှာ အသုံးပြုတော့မှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**သင်ရိုးအသစ်တွေ ပြဋ္ဌာန်းလိုက်တော့ ပြဋ္ဌာန်းစာအုပ်အသစ်တွေကို သင်ကြားမယ့် ဆရာ ဆရာမတွေရဲ့သင်ကြားမှုနဲ့ ပတ်သက်ပြီး အထောက်အပံ့ပေးတာတွေရှိပါသလား။**

**ဒေါက်တာလွင်လွင်စိုး။** ။ရှိပါတယ်။ သင်ခန်းစာတွေကို ထိထိရောက်ရောက် သင်ကြားဖို့အတွက် စတင်ပြုစုတဲ့ ပြဋ္ဌာန်းစာအုပ်တွေနဲ့အတူတူ ဆရာ ဆရာမတွေအတွက် Teacher’s Guide ဆရာကိုင်စာအုပ်ကိုပါ ပြုစုရေးသားပေးလိုက်ပါတယ်။ အဲဒီထဲမှာတော့ အသေးစိတ် Lesson Plan တွေ၊ Teaching Method တွေ၊ Approach တွေအပြင် လေ့ကျင့်ခန်းပေးပုံတွေ၊ Activity တွေ ဆောင်ရွက်ပုံတွေကို လုပ်ငန်းအဆင့်ဆင့်အလိုက် Step by Step ညွှန်ကြားပြသပေးထားပါတယ်။ ဒါကြောင့် ဆရာတွေအနေနဲ့ လမ်းညွှန်ကို သေသေချာချာဖတ်ပြီး ညွှန်ကြားထားတဲ့အတိုင်း စနစ်တကျ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မယ်ဆိုရင် ထိရောက်အောင်မြင်တဲ့ သင်ကြားသင်ယူမှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်မတို့ ကွင်းဆင်းလေ့လာခဲ့တဲ့ အတွေ့အကြုံအရ ဆရာ ဆရာမတွေဟာ လမ်းညွှန်ကိုသေသေချာချာဖတ်ရှုပြီးတော့ အဆင့်အလိုက် ဆောင်ရွက်သွားတဲ့အခါ သင်ကြားသင်ယူမှုလုပ်ငန်းကို အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ ဆောင်ရွက်နိုင်ကြတယ်လို့ ဆရာမလေးတချို့က ပြောကြားကြတာကို ကြားခဲ့တွေ့ခဲ့ရပါတယ်။

**အစီအစဉ်မှူး။** ။**ဆရာ ဆရာမတွေအတွက် သင်ပြနည်းသင်တန်းတွေကို ပေးတာရှိပါသလား။**

**ဒေါက်တာနော်ဂျူးဖော။** ။ရှိပါတယ်။ ပြဋ္ဌာန်းစာအုပ် အသစ်တစ်ခုကို ပြဋ္ဌာန်းတိုင်းမှာ ဆရာ ဆရာမတွေအတွက် သင်ကြားနည်း သင်တန်းတွေကို ပို့ချပေးရပါတယ်။ အထူးသဖြင့် အခုပြဋ္ဌာန်းလိုက်တဲ့ ပြဋ္ဌာန်းစာအုပ်အသစ်တွေဟာ အင်္ဂလိပ်စာစွမ်းရည် လေးမျိုးစလုံးကို ဖွံ့ဖြိုးအောင်သင်ကြားတဲ့ ပြဋ္ဌာန်းစာအုပ်အသစ်တွေဖြစ်တဲ့အတွက်ကြောင့် ဆရာ ဆရာမတွေအတွက် မလွဲမသွေ သင်တန်းပို့ချဖို့လိုပါတယ်။ အခု Grade 1 နဲ့ Grade 2 ဖတ်စာအုပ်အသစ်ကိုစပြီး အသုံးပြုပြီဖြစ်တဲ့အတွက်ကြောင့် ဖတ်စာအုပ်တွေကို အသုံးမပြုခင်ကတည်းက ဆရာ ဆရာမတွေအတွက် သင်တန်းကို ပို့ချခဲ့ပါတယ်။ အခုလာမယ့် ၂၀၁၉ ခုနှစ်မှာ Grade 3 နဲ့ Grade 6 ပြဋ္ဌာန်းစာအုပ်အသစ်ကို စပြီးသုံးမှာ ဖြစ်တာကြောင့် သင်ကြားမယ့် ဆရာ ဆရာမတွေကိုလည်း သင်တန်းပို့ချပေးရမှာဖြစ်ပါတယ်။ ဒီစာအုပ်အသစ်တွေဟာ စွမ်းရည်လေးမျိုးစလုံးကို ဖွံ့ဖြိုးတိုးတက်အောင် သင်ကြားပေးရမှာဖြစ်တာကြောင့် အရင်တုန်းကလို ကျောင်းသား ကျောင်းသူတွေ အလွတ်ကျက်မှတ်တာ မဟုတ်တော့ဘဲ တွေ့ကြုံရတဲ့ အကြောင်းအရာ အခြေအနေတွေအပေါ်မှာ အဆင်ပြေပြေ ချောချောမွေ့မွေ့နဲ့ ဆင်ခြင်ပြီး ပြောဆိုရေးသားနိုင်ဖို့ သင်ကြားပေးရတော့မှာဖြစ်တာကြောင့် ကျောင်းသားဗဟိုပြု သင်ကြားနည်းနဲ့ မရင်းနှီးတဲ့ ဆရာ ဆရာမတွေအတွက်ပိုပြီး အချိန်ယူသင်တန်းပို့ချပေးဖို့ လိုပါတယ်။ ဆရာ ဆရာမတွေကလည်း သင်တန်းတက်ပြီးရုံနဲ့ မပြီးပါဘူး။ ဖတ်စာအုပ်တွေနဲ့အတူပေးလိုက်တဲ့ Audio material တွေရှိပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေကလည်း ကျောင်းသားတွေကို အရည်အသွေးမီမီ စာသင်ကြားနိုင်ဖို့အတွက် ပေးလိုက်တဲ့ အသံထွက်တွေကို သူတို့ကိုယ်တိုင်က အသံထွက်မှန်ကန်အောင် လေ့ကျင့်ရပါမယ်။ သင်ခန်းစာတစ်ခုစီရဲ့အဆင့်တိုင်းမှာ ဘယ်လိုသင်ကြားရမလဲဆိုတာကိုလည်းပဲ သေသေချာချာ ကြိုတင်လေ့လာပြီးမှပဲ စာသင်ကြားမှုသာ ကျွန်မတို့ ချမှတ်ထားတဲ့ ရည်ရွယ်ချက်တွေ ပေါက်မြောက်အောင်မြင်မှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင် ကျောင်းသူ ကျောင်းသားတွေဟာ အရင်လိုပဲ အလွတ်ကျက်မှတ်ပြီး ဖြေဆိုကြရမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေဘက်က သင်ခန်းစာတွေကို အောင်အောင်မြင်မြင် သင်နိုင်ဖို့အတွက် ဝီရိယအများကြီး စိုက်ထုတ်ရမယ်ဆိုတာ ပြောချင်ပါတယ်။

**အစီအစဉ်မှူး။** ။**သင်ရိုးညွှန်းတမ်းတွေ၊ ပြဋ္ဌာန်းစာအုပ်တွေ၊ သင်ကြားနည်းပုံစံတွေ ပြောင်းတော့ ပြီးမြောက်အောင်မြင်မှုကို ဆန်းစစ်တဲ့ နည်းလမ်းတွေကလည်း လိုက်ပါပြောင်းလဲမှာလားဆိုတာ ပြောပြပေးပါဦးရှင့်။**

**ဒေါက်တာပိုးပိုး။** ။ သင်ရိုးတွေ၊ ပြဋ္ဌာန်းစာအုပ်တွေ၊ သင်ကြားနည်းတွေရော ပြောင်းတဲ့အတွက် ဆန်းစစ်နည်းကလည်း မလွဲမသွေ ပြောင်းလဲပေးရမယ့် အချက်ပါပဲ။ အခြေခံပညာက သင်ရိုးပြောင်းလဲတာနဲ့ ဆက်ပြီးတော့ ဆန်းစစ်မှုတွေကိုလည်း ပြောင်းလဲမှာဖြစ်ပါတယ်။ ဒါပေမယ့် Grade 1, Grade 2, Grade 3 အတန်း ၃ တန်းမှာတော့ Formal Assessment လို့ခေါ်တဲ့ စစ်ဆေးနည်းနဲ့ စာမေးပွဲကြီး စစ်ဆေးမှာမဟုတ်ပါဘူး။ သူတို့ရဲ့ အတန်းတွင်းမှာ လုပ်ဆောင်ချက်တွေကို မှတ်ပြီးမှ သူတို့ရဲ့ စွမ်းဆောင်ရည်ကို စစ်ဆေးပြီးတဲ့ အချိန်ကျတော့ ဆုံးဖြတ်မှာဖြစ်ပါတယ်။ Grade 4 နဲ့ အထက်ကိုရောက်ရင် ကျောင်းသူ ကျောင်းသားတွေရဲ့ အင်္ဂလိပ်စာ အမှန်တကယ် တတ်မြောက်မှုကို စစ်ဆေးတဲ့ နည်းလမ်းတွေနဲ့ ပြောင်းလဲပြီးတော့ ကျင့်သုံးသွားမှာဖြစ်ပါတယ်။ အခုလာမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာဆိုရင် အင်္ဂလိပ်စာမေးခွန်းပုံစံတွေက ခေတ်နဲ့လျော်ညီတဲ့ သူတို့ရဲ့စွမ်းရည်ကို စစ်ဆေးတဲ့မေးခွန်းတွေ ဖြစ်အောင်လို့ ကြိုးစားပြီးတော့ ပြောင်းလဲနေပြီဖြစ်ပါတယ်။ ဒါကိုလည်း မေးခွန်းကို ကြည့်ရင် တွေ့ရှိရမှာဖြစ်ပါတယ်။ လက်ရှိမှာ အင်္ဂလိပ်စာကို ဘာသာရပ်တစ်ခုအနေနဲ့ Knowledge တွေကိုပဲ သင်ပေးတဲ့အခါကျတော့ ကလေးတွေကလည်း ဒါကို အလွတ်ကျက်မှတ်ပြီးတော့ စာမေးပွဲဖြေနေကြတဲ့အတွက်ကြောင့် ကလေးတွေရဲ့ ပြောဆိုရေးသားဆက်သွယ်နိုင်မှု စွမ်းရည်တွေဟာ အနည်းငယ် အားနည်းနေတာကို တွေ့ရပါတယ်။ ဒါကို ပြုပြင်ပြောင်းလဲတဲ့အနေနဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ အင်္ဂလိပ်စာကို တကယ်ရေးသားဖြေဆို၊ ဖတ်နိုင်တဲ့စွမ်းရည်တွေ တိုးတက်လာအောင် အမှန်တကယ် စစ်ဆေးတဲ့ မေးခွန်းတွေဖြစ်အောင်လို့ စစ်ဆေးတဲ့အခါမှာ သူတို့ရဲ့ Language Skill တွေ စစ်ဆေးတာမျိုး၊ Functional Language တွေပါလာအောင်လို့ စစ်ဆေးတာမျိုးကို ကျွန်မတို့က ပြုပြင်ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။**ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာ စွမ်းရည်မြင့်မားဖို့အတွက် အခြေခံပညာအဆင့်မှာ ဆောင်ရွက်နေတဲ့ အပိုင်းတွေရှိရင် သိချင်ပါတယ်ရှင့်။**

**ဒေါက်တာသန္တာစိုး။** ။ အခြေခံပညာကဏ္ဍမှာ ၂၀၀၇ ခုနှစ်က စပြီးတော့ မူလတန်းနဲ့ အလယ်တန်း ကျောင်းသား ကျောင်းသူတွေအတွက် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွေ ကျင်းပပေးပါတယ်။ ဒီအင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲမှာ စာစီစာကုံးပြိုင်ပွဲနဲ့ ကျပန်းစကားပြောပြိုင်ပွဲဆိုပြီး ပြိုင်ပွဲနှစ်မျိုး ပါဝင်ပါတယ်။ ဒီပြိုင်ပွဲတွေ ကျင်းပရာမှာ ခေါင်းစဉ်တွေကို ကြိုတင်ပြီးတော့ ကျောင်းသူ ကျောင်းသားတွေကို ပေးထားတဲ့အတွက် ကျောင်းသူ ကျောင်းသားတွေက ကြိုတင်ပြင်ဆင်တယ်။ အလွတ်ကျက်မှတ်တယ်။ ပြီးတော့မှ ခေါင်းစဉ်ကို မဲနှိုက်ပြီးတော့ ယှဉ်ပြိုင်ဖြေဆိုတာကို တွေ့ရပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်ကနေစတင်ပြီး ယှဉ်ပြိုင်ရမယ့် ခေါင်းစဉ်တွေကို မပေးတော့ဘဲနဲ့ Theme လေးပဲ ပေးထားပြီးတော့ ကျရာခေါင်းစဉ်ကို မဲနှိုက်ပြီး ယှဉ်ပြိုင်ဖြေဆိုစေတာဖြစ်ပါတယ်။ နောင်ဆိုရင် Theme လည်း မပေးတော့ဘဲနဲ့၊ ခေါင်းစဉ်တွေ မပေးတော့ဘဲနဲ့ ကျရာခေါင်းစဉ်ကို မဲနှိုက်ပြီးတော့ ဖြေဆိုရမယ့် တကယ့် ကျပန်းစကားပြောပြိုင်ပွဲစစ်စစ်တွေ၊ စာစီစာကုံးပြိုင်ပွဲတွေကို ကျင်းပပေးဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါမှသာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်လို ရဲရဲဝံ့ဝံ့နဲ့ ပြောဆို ရေးသားနိုင်မှုတွေကို တွန်းအားပေးလေ့ကျင့်ပေးရာရောက်ပါမယ်။ တစ်ပြိုင်နက်တည်းမှာပဲ ကျောင်းသား ကျောင်းသူတွေရဲ့ ဖန်တီးနိုင်မှု စွမ်းရည်တွေ၊ စဉ်းစားဆင်ခြင်နိုင်မှု စွမ်းရည်တွေ၊ တွေးခေါ်နိုင်မှု စွမ်းရည်တွေကို တိုးမြှင့်လေ့ကျင့်ပေးရာ ရောက်ပါမယ်။

**အစီအစဉ်မှူး။** ။**အဆင့်မြင့် ပညာအဆင့်မှာရော ဘယ်လိုမျိုးတွေ လုပ်ဆောင်နေသလဲဆိုတာကိုလည်း ပြောပြပေးပါဦးရှင့်။**

**ဒေါက်တာနော်ဂျူးဖော။** ။ အဆင့်မြင့်ပညာကဏ္ဍမှာ တက္ကသိုလ် ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာစွမ်းရည်၊ သင်ကြားရေးစွမ်းရည်နဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ တတ်မြောက်မှုကို စစ်ဆေးတဲ့ နည်းစနစ်တွေ တိုးတက်ဖို့ဆိုရင် အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနဖြစ်တဲ့ National Centre for English Language က Teacher Training Programme တွေ၊ workshop တွေ၊ conference တွေကို စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိပါတယ်။ ဆရာ ဆရာမတွေကို လေ့ကျင့်သင်ကြားပေးတာနဲ့ ပတ်သက်ပြီးတော့ အထူးသဖြင့် အသစ်ခန့်အပ်တဲ့ ဆရာ ဆရာမတွေကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ အင်္ဂလိပ်စာဌာနမှာ ခန့်အပ်တဲ့ နည်းပြတွေအတွက် Upskilling Programme for Freshly -Appointed Tutors of English (UPFATE) Programme ကို အခုထိ ရှစ်ကြိမ်တိုင်တိုင်ပို့ချပြီး အရေအတွက်အားဖြင့် ၇၂၇ ဦး သင်တန်းပို့ချပေးပြီး ဖြစ်ပါတယ်။ အတွေ့အကြုံရှိပြီးဖြစ်တဲ့ Lecturer တွေကိုလည်း သူတို့ရဲ့ အင်္ဂလိပ်စာစွမ်းရည်၊ သင်ကြားရေးစွမ်းရည်ကို မြှင့်တင်ပေးနိုင်ဖို့အတွက် Methodology သင်တန်း၊ Literature သင်ကြားနည်းသင်တန်းတွေကို ပို့ချပေးပါတယ်။ ကျန်တဲ့ အင်္ဂလိပ်စာဌာနက ဆရာ ဆရာမအားလုံးအတွက်လည်း Methodology သင်တန်း၊ Assessment သင်တန်း၊ Translation and Interpretation သင်တန်း၊ Intercultural Communication သင်တန်း၊ Critical Thinking Skills သင်တန်း အစရှိတဲ့သင်တန်းတွေကိုလည်း အဆက်မပြတ် နှစ်စဉ်ပို့ချပေးလျက်ရှိပါတယ်။ နောက်အခြားဌာနက ဆရာ ဆရာမများ အင်္ဂလိပ်ဘာသာစကားနဲ့ သူတို့ရဲ့ ဘာသာရပ်တွေကို သင်ကြားမယ့် ဆရာ ဆရာမအသစ်တွေကို သင်တန်းတစ်ခု ပို့ချပေးလျက်ရှိပါတယ်။ အဲဒီသင်တန်းကတော့ English Language Course for Higher Education Teachers (ELCHET) သင်တန်းပဲ ဖြစ်ပါတယ်။ နောက်တစ်ခါ ကျန်တဲ့ ဆရာ ဆရာမတွေအတွက်လည်း သုတေသနပြုလုပ်ရာမှာသော်လည်းကောင်း၊ မိမိတို့ပြုလုပ်ထားတဲ့ သုတေသနရလဒ်တွေကို တင်ပြရာမှာသော်လည်းကောင်း၊ အောင်အောင်မြင်မြင်နဲ့ အဆင်ပြေချောချောမွေ့မွေ့တင်ပြနိုင်ဖို့အတွက် Academic Writing Skills သင်တန်း၊ Presentation Skill သင်တန်း ၊ Research Paper Writing သင်တန်းတွေကို ဆက်လက်ပို့ချဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

*စာမျက်နှာ ၂၀ သို့*

*စာမျက်နှာ ၁၉ မှ*

**အစီအစဉ်မှူး။ ။ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာ စွမ်းရည်မြင့်မားဖို့အတွက် ဖြည့်စွက်ပြောကြားပေးပါဦးရှင်။**

**ဒေါက်တာသန္တာစိုး။** ။အခြေခံပညာကဏ္ဍမှာလိုပဲ အဆင့်မြင့်ပညာကဏ္ဍမှာလည်း ကျောင်းသူ ကျောင်းသားတွေရဲ့ အင်္ဂလိပ်စာစွမ်းရည်အပြင် ၂၁ ရာစုအတွက် လိုအပ်တဲ့စွမ်းရည်ဖြစ်တဲ့ Critical thinking skills, Analytical thinking skills, Decision making skills, Problem solving skills, Creative thinking skill တွေ တိုးတက်လာဖို့အတွက် ကျပန်းစကားပြောပြိုင်ပွဲတွေ၊ စကားဝိုင်းဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲတွေ ပါဝင်တဲ့ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွေကို ကျင်းပပေးနေပါတယ်။ အရင်က ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွေ၊ ပညာရေးတက္ကသိုလ်၊ စီးပွားရေး တက္ကသိုလ်က ကျောင်းသူ ကျောင်းသားတွေ ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ ဒီနှစ်ကစပြီး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၊ ပညာရေး တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်တွေက ကျောင်းသား ကျောင်းသူတွေတင်မကဘဲ နည်းပညာတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေ၊ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်တွေက ကျောင်းသား ကျောင်းသူတွေလည်း ပါဝင်ယှဉ်ပြိုင်ခဲ့တာ တွေ့ရပါတယ်။ ဒီနှစ်ထဲမှာ ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်မှာ ကျင်းပခဲ့တဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ကျပန်းစကားပြော ပြိုင်ပွဲတွေ ကျင်းပခဲ့ပါတယ်။ ဒီပြိုင်ပွဲတွေမှာ စိတ်ဝင်စားတဲ့ မည်သည့်လူငယ်မဆို ဝင်ရောက်ယှဉ်ပြိုင်လို့ရပါတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးခြင်းဟာ ကျောင်းသား ကျောင်းသူတွေ လွတ်လပ်စွာ စဉ်းစားတွေးခေါ်နိုင်အောင်၊ ဆင်ခြင်နိုင်အောင်၊ မိမိအတွေးအခေါ်တွေကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပြောဆိုရဲအောင်၊ မိမိကိုယ်ကို ယုံကြည်ချက်တွေလည်း မြင့်မားလာအောင် လေ့ကျင့်ပေးနေတာပဲဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အင်္ဂလိပ်စာစွမ်းရည် မြင့်မားလာအောင် ဆောင်ရွက်ရမယ့် အပိုင်းတွေ၊ ဆောင်ရွက်နေတာတွေနဲ့ ပတ်သက်ပြီး လုပ်ဆောင်ချက်တွေကို သိရှိခဲ့ရပါတယ်။ ထပ်မံပြီး အစိုးရဝန်ထမ်းတွေ၊ ကုမ္ပဏီဝန်ထမ်းတွေအပြင် ပြည်သူလူထုအတွက်ကို အင်္ဂလိပ်စာစွမ်းရည်မြင့်မားဖို့ ပို့ချပေးနေတဲ့ သင်တန်းတွေရှိရင်လည်း ပြောပြပေးပါဦးရှင့်။**

**ဒေါက်တာပိုးပိုး။** ။ပြည်သူလူထုနဲ့ ဝန်ထမ်းတွေအတွက် ပို့ချပေးတဲ့သင်တန်းတွေရှိပါတယ်။ အထူးသဖြင့် တက္ကသိုလ်တွေမှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်တွေ၊ အင်္ဂလိပ်စာ စွမ်းရည်မြှင့်တင်ရေး သင်တန်းတွေ အများကြီးကို ဖွင့်လှစ်ပို့ချနေပါတယ်။ ဥပမာ ရန်ကုန်တက္ကသိုလ်မှာ Global English Course သင်တန်းကို ပို့ချပေးနေပါတယ်။ Diploma သင်တန်းတစ်ခုဖြစ်ပါတယ်။ SEAMEO CHAT ကနေပြီး Communicative Skills သင်တန်းတွေကို ပို့ချပေးနေပါတယ်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှာလည်း English Language Proficiency Course တွေကို အချိန်ပိုင်းသင်တန်းတွေအနေနဲ့ ပို့ချပေးနေပါတယ်။ အဲဒီလိုပဲ မန္တလေးတက္ကသိုလ်မှာလည်း ဒီဇင်ဘာလမှာ English Proficiency သင်တန်းကို လူ့စွမ်းအားဖွံ့ဖြိုးမှုအစီအစဉ်နဲ့ သင်ကြားပေးဖို့ စီစဉ်လျက်ရှိပါတယ်။ လက်ရှိနေပြည်တော်မှာ ပညာရေးဝန်ကြီးဌာနက အရာရှိတွေနဲ့ ဝန်ထမ်းတွေအတွက် English Language Proficiency Upgrading Course တွေကို စနေ၊ တနင်္ဂနွေတွေမှာ သင်ကြားပို့ချပေးနေတာတွေရှိပါတယ်။ ဒီလိုသင်တန်းတွေ ပို့ချရာမှာ မြို့ကြီးတွေမှာရှိတဲ့ ကျောင်းတွေ၊ ရုံးဌာနတွေတင် မဟုတ်ပါဘူး။ အခြားသော နယ်မြို့တွေမှာရှိတဲ့ တက္ကသိုလ်တွေမှာလည်း ဒီလိုအစီအစဉ်တွေ၊ ပို့ချနေတဲ့ သင်တန်းတွေ အများကြီးရှိပါတယ်။ အဲဒီလိုသင်တန်းတွေပို့ချရာမှာ ဝန်ထမ်းတွေနဲ့ ပြည်သူလူထုရဲ့ အင်္ဂလိပ်စာလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့၊ လက်တွေ့ဘဝမှာ အသုံးပြုလို့ရမယ့် အင်္ဂလိပ်စာကို သင်ကြားပို့ချနေတယ်။ အဲဒါကြောင့် ဒီသင်တန်းတွေမှာ formal letter ရေးနည်းတွေ၊ e-mail writing တွေ၊ presentation တွေ လုပ်တတ်အောင်လို့ presentation skills တွေကို သင်ကြားပို့ချပေးနေပါတယ်။ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ဖို့ ကြိုးပမ်းရာမှာ အဓိကကျတာက သင်ကြားပေးတဲ့ အင်္ဂလိပ်စာက လက်တွေ့ဘဝမှာ အသုံးပြုနိုင်မယ့် ဝေါဟာရတွေ၊ အသုံးအနှုန်းတွေဖြစ်ဖို့လိုပါတယ်။ ဒါတွေကို သင်ကြားပို့ချတဲ့အခါမှာလည်းပဲ သူတို့ပြန်လည်ပြီး အသုံးချတတ်ဖို့၊ ချနိုင်ဖို့ ကျွန်မတို့က အခွင့်အလမ်းတွေ ဖန်တီးပေးဖို့လိုပါတယ်။ အဲဒီလို ဖန်တီးပေးနိုင်ဖို့ Classroom ထဲမှာ သူတို့ကို Exposure များများရအောင် သင်ပြနည်းတွေကို ပြောင်းလဲပြီး ဆန်းစစ်နည်းတွေ ပြောင်းလဲဖို့လိုပါတယ်။ ဒီလိုပြောင်းလဲမယ်ဆိုရင် ပြည်သူလူထုရဲ့ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ဖို့ ကြိုးပမ်းတဲ့အခါမှာ အောင်မြင်နိုင်မယ်လို့ ထင်ပါတယ်။

**အစီအစဉ်မှူး။ ။ အင်္ဂလိပ်စာစွမ်းရည်မြှင့်တင်ဖို့ ဆောင်ရွက်တဲ့အခါ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေရှိရင် သိချင်ပါတယ်။**

**ဒေါက်တာလွင်လွင်စိုး။** ။အင်္ဂလိပ်စာ သင်ကြား၊ သင်ယူမှုမြှင့်တင်ရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ စိန်ခေါ်မှုတွေကတော့ အများကြီးရှိပါတယ်။ မိခင်ဘာသာစကားမဟုတ်တဲ့ နိုင်ငံခြားဘာသာစကားတစ်ခုကို ကျွမ်းကျင်အောင်လို့ သင်ကြားတဲ့အခါမှာ အခုကြုံတွေ့နေရတဲ့ အဓိကစိန်ခေါ်မှုကတော့ ဆရာ ကျောင်းသား အချိုးမညီမျှမှုပါပဲ။ အခြေခံပညာကဏ္ဍမှာရော၊ အဆင့်မြင့်ပညာကဏ္ဍမှာရော ခေတ်အဆက်ဆက် အတန်းတော်တော်များများမှာ ဆရာနဲ့ ကျောင်းသားအချိုးမညီမျှပါဘူး။ ကျောင်းသား ရာချီရှိတဲ့အတန်း၊ ၈၀၊ ၉၀ ရှိတဲ့အတန်း မပြောပါနဲ့ ၆၀၊ ၇၀ ရှိတဲ့ အတန်းမှာတောင် ဘာသာစကားကို ကျွမ်းကျင်အောင်လို့၊ အမှန်တကယ်ရရှိအောင်လို့ သင်ကြားပေးဖို့ ထိရောက်မှု မရှိနိုင်ပါဘူး။ အဲဒါကြောင့် ဘာသာစကား အမှန်တကယ် ကျွမ်းကျင်မှုရရှိဖို့ဆိုရင် မှတ်ဉာဏ်ကို အခြေပြုပြီး ကျက်မှတ်ပြီးတော့ စာမေးပွဲဖြေဆိုရုံတင် မကပါဘူး။ တကယ်လက်တွေ့အသုံးပြု ပြောဆို၊ ရေးသား၊ ဆက်ဆံနိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေအားလုံး လက်တွေ့ပါဝင်ပြောဆို ရေးသားနိုင်အောင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့၊ အုပ်စုလိုက် လှုပ်ရှားမှုအပြင် တစ်ဦးချင်းအတွက်လည်း အချိန်ပေးရပါတယ်။ အဲဒီစိန်ခေါ်မှုကို ဖြေရှင်းနိုင်ဖို့ဆိုရင် ဆရာတွေ တိုးမြှင့်ပြီး ခန့်ထားဖို့ပဲဖြစ်ပါတယ်။ ဒီလိုဆရာတွေ တိုးမြှင့်ခန့်ထားရာမှာ အရည်အချင်းရှိတဲ့ ဆရာများ စုဆောင်းရရှိဖို့ လိုအပ်ပါတယ်။ဆရာအရေအတွက်သာမကပဲ သင်ကြားမှုစွမ်းရည် အရည်အသွေးတက်လာဖို့လည်း ဆောင်ရွက်ကြရပါမယ်။ ဆရာတွေရဲ့ လုပ်ငန်းခွင်အရည်အသွေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ လုပ်ငန်းခွင် အရည်အသွေးကို အစဉ်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်လို့ Continuous Professional Development ရရှိအောင်လို့လည်း ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ နောက်ထပ်စိန်ခေါ်မှုတွေ အကြောင်းကိုလည်း ရှင်းပြပေးပါဦးရှင်။**

**ဒေါက်တာသန္တာစိုး။** ။အင်္ဂလိပ်စာ သင်ကြားတဲ့ ဆရာတွေ ဆရာမတွေဟာ သင်ကြားရေး တာဝန်တွေအပြင် အခြားသောတာဝန်လုပ်ငန်းတွေနဲ့ မအားမလပ်ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဥပမာ ကျောင်းသား ကျောင်းသူတွေကို သင်ကြားရေးအပြင် နေ့ကျောင်းသား ကျောင်းသူတွေရဲ့အဖြေလွှာတွေကို စစ်ဆေးခြင်းလုပ်ငန်းတွေ၊ အဝေးသင်တက္ကသိုလ်က ကျောင်းသားကျောင်းသူတွေရဲ့စာစဉ်တွေ၊ အဖြေလွှာတွေ စစ်ဆေးခြင်းလုပ်ငန်းတွေ၊ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာတွေ စစ်ဆေးခြင်းလုပ်ငန်းတွေ၊ နောက်ပြီး နိုင်ငံခြားပညာသင် စာမေးပွဲတွေရဲ့ရေးဖြေ၊ နှုတ်ဖြေစစ်ဆေးခြင်းလုပ်ငန်းတွေ၊ ဘာသာပြန်လုပ်ငန်းတွေ ဒီတာဝန်တွေနဲ့ မအားမလပ်ဖြစ်နေတဲ့ အခါကျတော့ Continuous Professional Development လုပ်ငန်းခွင် အရည်အသွေးမြှင့်တင်ဖို့အတွက် အချိန်တွေရှားပါးနေတာ တွေ့ရပါတယ်။ အချိန်ရှားပါးမှု အခက်အခဲပေ့ါနော်။ အဲဒါတွေရဲ့ အကျိုးဆက်ဖြစ်တဲ့ အခက်အခဲတစ်ခုကတော့ လုပ်ငန်းခွင်အရည်အသွေးမြှင့်တင်ဖို့ ဆောင်ရွက်ဖို့ အချိန်ရှားပါးတဲ့အခါမှာ အချို့သော ဆရာ ဆရာမတွေဟာ အင်္ဂလိပ်စာ အရည်အသွေးရော၊ သင်ကြားမှုနည်းစနစ်တွေရော လိုအပ်ချက်တွေ ရှိနေတာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာဌာနတွေက ရံဖန်ရံခါဆိုသလို သင်တန်းတွေပို့ချပါတယ်။ ဒီလိုသင်တန်းတွေ ပို့ချတဲ့အတွက်ကြောင့် ဆရာ ဆရာမတွေရဲ့စွမ်းရည်မြှင့်တင်ပေးရာ ရောက်တယ်လို့လည်း ပြောလို့ရပါတယ်။ ဒါပေမယ့် အဲဒီလို သင်တန်းတွေ ပို့ချလိုက်တဲ့အခါ သက်ဆိုင်ရာ ဆရာ ဆရာမတွေက ပြန်လည်ပြီး ဆင့်ပွားသင်တန်းတွေ ပို့ချဖို့လိုအပ်သလို သက်ဆိုင်ရာ ဆရာ ဆရာမတွေကိုယ်တိုင်ကလည်း ကိုယ့်ရဲ့တိုးတက်မှုအတွက် ကိုယ့်ဟာကိုယ် တာဝန်ယူမှုရှိဖို့ လိုအပ်ပါတယ်။ နောက်တစ်ချက်က ဆရာ ဆရာမတွေရဲ့ လူနေမှုဘဝကို မြှင့်တင်ပေးဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေဟာ ကိုယ့်ရဲ့လုပ်ငန်းခွင် အရည်အသွေးတိုးတက်အောင်၊ ကြိုးစားချင်စိတ်တွေရှိအောင်၊ အခြေအနေတွေ၊ အခွင့်အရေးတွေ ဖန်တီးပေးဖို့လည်း လိုအပ်မယ်လို့ ယူဆပါတယ်။ ဒီလိုမျိုး ဖန်တီးပေးမှသာ ဆရာ ဆရာမတွေ ရင်ဆိုင်ရမယ့်၊ ကြုံတွေ့လာမယ့် အခက်အခဲတွေကို ကျော်လွှားနိုင်မယ်လို့ ယူဆပါတယ်။

**အစီအစဉ်မှူး။ ။ အင်္ဂလိပ်စာ အဆင့်မြှင့်တင်ရေး၊ အဆင့်မြင့်မားရေးအတွက် ဆောင်ရွက်ရာမှာ ဖြည့်စွက်ပြောကြားချင်တာရှိရင် ပြောပြပေးပါဦး။**

**ဒေါက်တာပိုးပိုး။** ။ အခြေခံမှာပဲဖြစ်ဖြစ် အဆင့်မြင့်မှာပဲဖြစ်ဖြစ် သင်ကြားသင်ယူနေတဲ့ ကျောင်းသူ ကျောင်းသားများရဲ့ အရည်အသွေးမြှင့်တင်ပေးဖို့အတွက် လက်တွေ့ကျကျနဲ့ အင်္ဂလိပ်စာ သင်ကြားသင်ယူမှု မြှင့်တင်ဖို့ဆိုရင် အဓိက အရေးကြီးတာက ဆရာ ဆရာမ အရည်အချင်းမြှင့်တင်ဖို့ပေ့ါနော်။ ဆရာ ဆရာမတွေရဲ့ အရည်အချင်းမြှင့်တင်ဖို့ဆိုရင်သူတို့ရဲ့ Professional Development ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဆရာ ဆရာမရဲ့ အရည်အသွေးမြင့်တက်မှု၊ သူတို့ရဲ့ အရည်အချင်းရှိမှုဟာ ကျောင်းသူ ကျောင်းသားရဲ့ အောင်မြင်မှုပါပဲ။ ကျောင်းသူကျောင်းသား အောင်မြင်မှုဟာ ဆရာ ဆရာမပေါ်မှာ အများကြီးမူတည်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဆရာ ဆရာမတွေကို ပြည်တွင်းမှာ သင်တန်းတွေ ပို့ချနေတဲ့အပြင် ပြည်ပမှာ သွားရောက်သင်ယူနိုင်တဲ့ အခွင့်အလမ်းတွေလည်း ကြိုးစားပြီး ဖန်တီးပေးနေပါတယ်။ အထူးသဖြင့် အင်္ဂလိပ်စာ ဘာသာရပ်အတွက် စင်ကာပူနိုင်ငံမှာရှိတဲ့ SEAMEO Regional Language Centre ကနှစ်စဉ် Scholarship တွေကို ထောက်ပံ့ပေးနေပါတယ်။ အဲဒီလို ထောက်ပံ့ပေးနေတဲ့အတွက်ကြောင့် နှစ်စဉ်နှစ်တိုင်း ဆရာ ဆရာမ ၁၀ မှ ၂၀ လောက်အထိ ပညာသင်စေလွှတ်ပြီး သူတို့ရဲ့ အရည်အချင်းတွေ တိုးတက်လာအောင်၊ ခေတ်မီပြီး မိမိနိုင်ငံမှာ ပြန်လည်အသုံးချလို့ရနိုင်မယ့် သင်ပြနည်းတွေကို လေ့လာလို့ရအောင် စေလွှတ်နေတာရှိပါတယ်။ Certificate Course ရက်တိုသင်တန်းတွေလည်း ရှိတယ်။ Diploma Course တွေလည်း ရှိတယ်။ Master Degree Course တွေပါပို့ချပြီး ပေးနေတာ တွေ့ရပါတယ်။ သူတို့နှစ်စဉ် သင်တန်းတွေတက်ရောက်ပြီး ကိုယ့်နိုင်ငံမှာ ပြန်လည်ပြီး အသုံးချနေတာလည်း တွေ့ရပါတယ်။ အဲဒီအပြင် အခြေခံကဏ္ဍမှာဆိုရင်လည်း ပြဋ္ဌာန်းစာအုပ်တွေ ပြောင်းလိုက်တဲ့အခါမှာ Communication Skills ကို ထည့်လာပြီ။ ဒါ့ကြောင့် ဆရာ ဆရာမတွေကလည်း သူတို့ရဲ့ အပြော စွမ်းရည်တွေ တိုးတက်လာဖို့လိုပါတယ်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ အခြေခံဆရာ ဆရာမတွေအတွက် Oracy Skills ဆိုပြီး SEAMEO RELC က ဆရာမတွေ လာရောက်ပို့ချသွားပါတယ်။ အဲဒီလို ပို့ချတဲ့အပြင် ပညာရေးကောလိပ်တွေနဲ့ ပညာရေးတက္ကသိုလ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ အရည်အသွေးမြင့်တက်လာအောင် ပညာရေးဝန်ကြီးဌာနနဲ့ British Council က Teacher Trainer တွေပူးပေါင်းပြီး ဌာနတွေမှာ သင်တန်းတွေပို့ချနေတာရှိပါတယ်။ Native Speaker Teacher Trainer ၅၀ က သက်ဆိုင်ရာ ပညာရေးတက္ကသိုလ်နဲ့ ပညာရေးကောလိပ်တွေမှာ သင်တန်းတွေ ပို့ချခဲ့တယ်။ ၂၀၁၄ ခုနှစ် စက်တင်ဘာကနေ ၂၀၁၆ ခုနှစ် ဩဂုတ်လအထိ တစ်ကြိမ်ပို့ချခဲ့တယ်။ Course ရဲ့အမည်က English for Education College Trainers(EfECT) Project လို့ခေါ်ပါတယ်။ ၂၀၁၆ ခုနှစ် စက်တင်ဘာလကနေပြီး ၂၀၁၇ ခုနှစ် ဇူလိုင်လအထိ ပညာရေးကောလိပ်တွေမှာရှိတဲ့ အင်္ဂလိပ်စာ စာပေနဲ့ သင်ပြနည်းဌာနက ဆရာ ဆရာမတွေကို Master trainer အနေနဲ့ သင်တန်းပို့ချပြီး ဒီဆရာ ဆရာမတွေက ဆရာ ဆရာမလောင်းတွေကို ပြန်လည်ပြီး ပို့ချပေးနေတယ်။ ပညာရေးကောလိပ်မှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာစွမ်းရည်နဲ့ သင်ပြနည်းစွမ်းရည်တွေကလည်း အတိုင်းအတာတစ်ခုအထိ တိုးတက်လာပြီလို့ ယူဆပါတယ်။ အခြေခံပညာကစပြီးတော့ ပြဋ္ဌာန်းစာအုပ်တွေ ပြောင်းလဲတဲ့အခါမှာ ဆရာ ဆရာမတွေကို နှစ်စဉ် သင်ပြနည်းသင်တန်းတွေလည်း ပေးနေတယ်။ အဲဒီအတွက်ကြောင့်လည်း မကြာတော့တဲ့အချိန်အတွင်းမှာ အခြေခံပညာမှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာ စွမ်းရည်တွေကလည်း တိုးတက်လာမယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ဒီလို အခြေခံမှာ ဆောင်ရွက်နေတဲ့နည်းတူ အဆင့်မြင့်မှာလည်း ဆောင်ရွက်ချက်တွေရှိပါတယ်။ အထူးသဖြင့် ကျွန်မတို့ တက္ကသိုလ်တွေမှာ အင်္ဂလိပ်စာကို Medium of Instruction အနေနဲ့ ပြဋ္ဌာန်းထားပါတယ်။ ဆိုလိုတာကတော့ တက္ကသိုလ်မှာရှိတဲ့ ဘာသာရပ်တွေကို အင်္ဂလိပ်စာကို အသုံးပြုပြီးတော့ သက်ဆိုင်ရာ ဘာသာရပ်တွေကို သင်ကြားရပါတယ်။ ဒါပေမယ့် လက်ရှိအခြေအနေမှာ ဆရာ ဆရာမတွေက ဘာသာရပ်တွေကို အင်္ဂလိပ်လိုချည်းပဲပြောဆိုပြီး ထိထိရောက်ရောက် သင်ကြားနိုင်မှုက အားနည်းနေပါသေးတယ်။ အဲဒါကြောင့် တက္ကသိုလ်မှာရှိတဲ့ ဆရာ ဆရာမတွေရဲ့ အင်္ဂလိပ်စာစွမ်းရည်နဲ့ သူတို့ရဲ့ ဘာသာရပ်ကို အင်္ဂလိပ်လို ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပို့ချနိုင်အောင်လို့ Enhancing English Medium Instruction (EMI)Project ဆိုပြီး စတင်ဆောင်ရွက်ဖို့ ကြိုးပမ်းနေပါတယ်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်တွေမှာ ဒီ Project ကို စတင်ပြီး ဆရာ ဆရာမတွေ အင်္ဂလိပ်စာစွမ်းရည် ဖွံ့ဖြိုးတိုးတက်လာအောင် ကျွန်မတို့ ပထမဆုံး စတင်ဆောင်ရွက်ဖို့ ကြိုးပမ်းနေပါတယ်။ ဒီလိုဆောင်ရွက်လို့ အောင်မြင်တဲ့အချိန်မှာတော့ တခြားသော နယ်တက္ကသိုလ်တွေမှာရှိတဲ့ ဆရာ ဆရာမတွေအတွက်လည်း ဒီလို Project တွေကို Model အနေနဲ့ထားပြီးတော့ Project တွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဟုတ်ကဲ့ပါ ဆရာမကြီးရှင့်။ အခု ဆရာမကြီးဆွေးနွေးရှင်းပြပေးခဲ့တဲ့ အကြောင်းအရာဟာ အင်္ဂလိပ်စာသင်ကြားမှု အဆင့်မြှင့်တင်မှုအပိုင်းတွေနဲ့ ပတ်သက်ပြီးတော့ ဖြည့်စွက်ပြောကြားပေးခဲ့တာ၊ သုံးသပ်ချက်တွေပေးခဲ့တာဖြစ်ပါတယ်။ ဆရာမကြီးရဲ့ သုံးသပ်ချက်ကို ထပ်မံပြီးတော့ ဖြည့်စွက်ပြောကြားချင်တာများ ရှိပါလားရှင်။**

**ဒေါက်တာလွင်လွင်စိုး။** ။ဟုတ်ကဲ့ပါ။ ပြုပြင်ပြောင်းလဲမှုလုပ်ရာမှာ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ ဥပမာအားဖြင့် ပညာရေးမိသားစုတစ်ခုတည်းက လုပ်လို့မရပါဘူး။ ဒီပညာရေးပြုပြင်ပြောင်းလဲမှုမျိုးကို အဲဒီမှာပါဝင်တဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ၊ မိဘပြည်သူတွေအပြင် တစ်တိုင်းတစ်ပြည်လုံးက ပူးပေါင်းပြီးတဲ့နောက်မှာ စိတ်ရောကိုယ်ပါ အမြင်ကြည်လင်စွာနဲ့ တစ်စုတစ်စည်းတည်း ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲလို အခြေခံပညာကဏ္ဍမှာရော အဆင့်မြင့်ကဏ္ဍမှာပါ ပြုပြင်ပြောင်းလဲမှုတွေကို တညီတညွတ်တည်း အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် မဝေးတော့တဲ့ အနာဂတ်မှာ မြန်မာနိုင်ငံရဲ့ အင်္ဂလိပ်စာ သင်ကြားသင်ယူမှုမြှင့်တင်ရေးလုပ်ငန်းကြီးဟာလည်း အောင်မြင်ပေါက်မြောက်လိမ့်မယ်လို့ ယုံကြည်ပါတယ်ရှင်။

**အစီအစဉ်မှူး။ ။ ကျေးဇူးတင်ပါတယ် ဆရာမကြီးရှင့်။**

**သတင်းအဖွဲ့**

**“ဘာသာစကား အမှန်တကယ်ကျွမ်းကျင်မှုရရှိဖို့ဆိုရင် မှတ်ဉာဏ်ကို အခြေပြုပြီး ကျက်မှတ်ပြီးတော့ စာမေးပွဲဖြေဆိုရုံတင် မကပါဘူး။ တကယ်လက်တွေ့အသုံးပြု ပြောဆို၊ ရေးသား၊ ဆက်ဆံနိုင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားတွေအားလုံး လက်တွေ့ပါဝင်ပြောဆိုရေးသားနိုင်အောင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့၊ အုပ်စုလိုက် လှုပ်ရှားမှုအပြင် တစ်ဦးချင်းအတွက်လည်း အချိန်ပေးရပါတယ်။ အဲဒီစိန်ခေါ်မှုကို ဖြေရှင်းနိုင်ဖို့ဆိုရင် ဆရာတွေ တိုးမြှင့်ပြီး ခန့်ထားဖို့ပဲဖြစ်ပါတယ်။ ဒီလိုဆရာတွေ တိုးမြှင့်ခန့်ထားရာမှာ အရည်အချင်းရှိတဲ့ ဆရာများ စုဆောင်းရရှိဖို့ လိုအပ်ပါတယ်။ ဆရာအရေအတွက်သာမကပဲ သင်ကြားမှုစွမ်းရည် အရည်အသွေးတက်လာဖို့လည်း ဆောင်ရွက်ကြရပါမယ်။ ဆရာတွေရဲ့ လုပ်ငန်းခွင်အရည်အသွေး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်”**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## သုံးလတစ်ကြိမ် ဝင်ငွေခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

- တည်ဆဲဝင်ငွေခွန်ဥပဒေပုဒ်မ၁၆-ကအရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့်စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပြီး သုံးလပြည့်မြောက်သည့်ရက်မှ ၁၀ရက်အတွင်း သတ်မှတ်သည့်နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။
- ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့်အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက် လျော့နည်းလျှင် ယင်းပေးသွင်းရန်ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သုံးလတစ်ကြိမ် ပေးသွင်းရမည့်ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက် အချိန်မီ ပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။
- မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့အား ရှာဖွေ၊ သိမ်းဆည်း အရေးယူမည်ဖြစ်ကြောင်း အသိပေးခြင်း

- အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်နှင့် ဝိုင်အမျိုးမျိုးတို့အား သတ်မှတ်ထားသောအခွန် အမှတ်တံဆိပ်ကပ်နှိပ်ပြီးမှရောင်းချရန် သတ်မှတ်ထားပါသည်။
- သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသော ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စိစစ်တွေ့ရှိရပါက တွေ့ရှိရသည့် အထူးကုန်စည်များကို အထူးကုန်စည်ခွန် ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည့်အပြင် သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည်များသည် ပြည်တွင်း၌ ထုတ်လုပ်သော အထူးကုန်စည်ဖြစ်ပါက ယင်းကုန်စည်ကို ထုတ်လုပ်သူကလည်း ယင်းအထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသော ပြည်ပနိုင်ငံထုတ် ဘီယာအမျိုးမျိုးတို့ကို ရှာဖွေဖော်ထုတ်သိမ်းဆည်းရန် ဈေးကွက်အတွင်း ရောင်တခင်ဝင်ရောက်စစ်ဆေးခြင်းအား အထူးကုန်စည်ခွန်ဥပဒေတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချခြင်း မပြုလုပ်ကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။
- မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) ရုံးအမှတ်၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅လမ်း၊ ၂၂×၂၃လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂တို့သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**Air-Con**
အဟောင်း/အပျက်များ
ဈေးကောင်းပေးဝယ်သည်။
**ကိုမောင်မောင်တင်**
ဖုန်း-၀၉-၇၃၀၉၅၉၅၀၊
၀၉-၇၆၅၀၈၅၈၅၀

---

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 3N/6848 HOWO, TRACTOR HEAD ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၃၃၃၊ မြေကွက်တည်နေရာအမှတ်(၃၃၃)၊ ပုဂံလမ်း၊ (၁၄/ရွှေပေါက်ကံ)၊ ဦးမြအောင် ၁၂/မဂဒ(နိုင်)၀၂၀၂၇၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် (ဖခင်/ယောက္ခထီး)ဦးမြအောင်သည် ၂-၅-၂၀၀၈ရက်တွင်လည်းကောင်း၊ (မိခင်၊ ယောက္ခမ) ဒေါ်မြသိန်းသည် ၁၁-၁၁-၁၉၉၈ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဦးမောင်မောင် ၁၂/အစန(နိုင်)၁၁၈၀၄၇၊ ဦးခင်မောင်ညို ၁၃/တကန(နိုင်)၀၅၈၃၄၆၊ ဦးစိုးစိုး ၁၂/မဂဒ(နိုင်)၀၂၀၂၇၉၊ ဦးဝင်းမိုလ် ၁၃/မဖန(နိုင်)၀၀၆၀၁၂ တို့မှ သား/သမက်တော်စပ်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ် ၁၀/၅၉၄၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ဦးခင်မောင်ညို G.P No. (၂၄၆/၁၈)ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဝင်းမိုလ် ၁၃/မဖန(နိုင်)၀၀၆၀၁၂နှင့် ဦးမောင်မောင်၊ ဦးစိုးစိုးတို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် နှစ်ထပ်နံကပ်၊ အဆောက်အအုံတွင် လူနေထိုင်ခြင်းမရှိသည့်အတွက် ပြဿနာတစ်စုံတစ်ရာမရှိ တာဝန်ယူကြောင်း ဝန်ခံကတိပြုတင်ပြထားပါသဖြင့် အဆိုပါပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်ရုံးချုပ်ရှိ လက်ရှိအဆောက်အဦတွင် နိုင်ငံတကာအရည်အသွေးသတ်မှတ်ချက် ANSI TIA -942 Tier 3 အဆင့်မီ Disaster Recovery (DR) Site ၏ Facilities တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၁၁-၃-၂၀၁၉ ရက်မှ ၁၅-၃-၂၀၁၉ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ်(စက်မှု)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၄-၂၀၁၉ရက် နောက်ဆုံးထား၍ ၀၉:၃၀ နာရီမှ ၁၆:၀၀နာရီအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ်(၅၅)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)
၄။ အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူသည် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။
၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ဖုန်း-၀၁-၅၄၃၇၇၀၊ ၀၆၇-၃၄၁၈၅၁၂၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ဖုန်း-၀၆၇-၃၄၁၈၁၇၁တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## Geotechnical Investigation (Bore Test) ပြုလုပ်ရန်အတွက် စိတ်ဝင်စားသူ လုပ်ငန်းရှင်/ကုမ္ပဏီများအား ဖိတ်ခေါ်ခြင်း (Expression of Interest)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပထမအသုတ်မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ(၂၀၁၇)ဖြင့် အကောင်အထည်ဖော်လျက်ရှိသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ဝမ်ပုံကျေးရွာအနီးရှိ မဲခေါင်မြစ်ကမ်းဘေး ဝမ်ပုံဆိပ်ကမ်းဧရိယာအတွင်း Geotechnical Investigation (Bore Test) လုပ်ဆောင်သွားရန်ရှိပါသည်။

စိတ်ဝင်စားသည့်လုပ်ငန်းရှင်/ကုမ္ပဏီများသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ (Expression of Interest-EOI)အား ayethidahtun.civil@gmail.com သို့လိပ်မူ၍ ၂၀၁၉ ခုနှစ် မတ် ၂၁ ရက် ညနေ ၁၆:၀၀ နာရီ (မြန်မာစံတော်ချိန်)အရောက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

လျှောက်ထားရာတွင် ပါဝင်ရမည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- လုပ်ငန်းရှင်/ကုမ္ပဏီ၏ Profile+အခွန်ကင်းရှင်းကြောင်း ထောက်ခံချက်
- Method of Statement
- Summary of Cost Estimation
- Schedule

**Project Management Unit (PMU)**
**ဝမ်ပုံဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးဖြစ်မြောက်နိုင်စွမ်းလေ့လာမှုစီမံကိန်း**

---

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ် -၉၆

| | | |
|---|---|---|
| ဒေါ်မူမူဝင်း | နှင့် | ၁။ ဒေါ်ခင်ဝင်း |
| | | ၂။ ကိုမိုးမင်းထွန်း |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

အောင်မြေသာစံမြို့နယ် တရားရုံးတော်မှ တရားမကြီးမှုအမှတ် ၈/၂၀၁၇၏ ၂၀၁၈ခုနှစ် နိုဝင်ဘာ ၅ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် ၁။ ဒေါ်ခင်ဝင်း(ဘ)ဦးတင်မောင်၊ ၂။ ကိုမိုးမင်းထွန်း (ဘ)ဦးလှမြင့်၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ကျောက်တော်ကြီးဘုရားဈေးတန်း၊ (ခ/၄၁၆) အခန်းအမှတ် (၄၁/၄၂)နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် အောင်မြေသာစံမြို့နယ် တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို အယူခံတရားလို ဒေါ်မူမူဝင်းက အယူခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၁၉ခုနှစ် မတ် ၁၉ ရက် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၁၄ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၉ ခုနှစ် မတ် ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်လှမြင့်)
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

---

## ရန်ကုန်တိုင်းဒေသကြီး
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်တွင် နှစ်ခန်းတွဲ လေးထပ်၊ ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်၊ အစိုးရအဖွဲ့ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၁-၃-၂၀၁၉ရက်
**တင်ဒါဖွင့်ဖောက်မည့် ရက်/အချိန်** - ၁-၄-၂၀၁၉ရက်၊ ၁၃:၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၈၃၀၂၅၆၃၊ ၀၁-၈၃၀၂၅၆၄**

---

**ထက်ဝက်ဈေးဖြင့်ရောင်းမည်**
လှည်းတန်းစံရိပ်ငြိမ်မှတ်တိုင်၊ ၁၂½ပေ×၅၀ပေ။ မြေညီထပ်၊ ထပ်ခိုးပါ။ HALL ။ ကမာရွတ် နီလာလမ်း၊ အောင်မြေသာစည်အိမ်ရာကပ်လျက်။ ဗဟိုလမ်းမှဝင်လျှင် ဒုတိယလမ်း။
သိန်း ၆၂၀ 0943081013

---

## ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## မြောင်းမြခရိုင်တရားရုံး
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၃၄ နှင့်ဆက်နွှယ်သည့် ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၃

| | | |
|---|---|---|
| ဒေါ်ရှု့ကြည် | နှင့် | ၁။ ဦးဇော်မင်းထွန်း |
| | | ၂။ ဒေါ်ရီတာချစ် |
| **တရားနိုင်** | | **တရားရှုံးများ** |

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာတွင် နေထိုင်သူ (၁)တရားရှုံး ဦးဇော်မင်းထွန်းနှင့် (၂)တရားရှုံးနော်ရီတာချစ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၃၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ရှု့ကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၉ခုနှစ် မတ် ၂၁ရက် (၁၃၈၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၁၉ ခုနှစ် မတ်လ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်စိုး)
**ခရိုင်တရားသူကြီး၊ မြောင်းမြခရိုင်တရားရုံး**

---

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ တိုက်အမှတ်(၈၅၉)၊ အခန်းအမှတ်-၂၀၂ တွင်နေထိုင်သူ ဦးမြင့်ဆွေ၏သား ဦးအောင်ဆွေဝင်း ၁၂/သဃက(နိုင်)၁၄၄၈၃၂၏မိခင် ဒေါ်ဝင်းကြည် ၁၂/သဃက (နိုင်)၀၁၉၁၈၄ သည် ငွေကြေးအရှုပ်အရှင်းများ ပြုလုပ်၍ နေအိမ်ပေါ်မှ ထွက်ခွာသွားပါသောကြောင့် မိခင်၏ငွေကြေးကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် မလျော်ဩဇာသုံး၍ ခြိမ်းခြောက်၊ အနိုင်အထက်ပြုတောင်းခံသွားမည်ဆိုပါက တရားတစ်ထုံးစွဲဆိုသွားမည်ဖြစ်ပါကြောင်း။

**ဦးမြင့်အောင် LL.B**
**အမှတ်(၁၃၉၉)၊ ချင်းတွင်းလမ်း၊**
**၁၀၅ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊**
**ဖုန်း-၀၉-၇၉၃၉၆၃၆၈**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂)၊ မြေကွက်အမှတ် ၆၉၄၊ ပေ (၄၀×၆၀)၊ ဦးဘစိန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသောယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မာဃ(၄)လမ်း၊ အမှတ် ၆၉၄ က (ခြေရင်းခြမ်း) အကျယ်အဝန်း ပေ (၂၀×၆၀)ရှိ မြေနှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်ကြသော ဦးကျော်ဝင်း ၁၂/ဥကတ(နိုင်)၀၂၅၂၈၉၊ ဦးအေးကျော်စံ ၁၂/ဥကတ(နိုင်)၁၁၆၂၈၂၊ ဒေါ်အောင်သူ ၁၂/ဥကတ(နိုင်)၀၀၅၃၀၆၊ ဒေါ်ပန်းမြရီ ၁၂/ရကန(နိုင်) ၀၀၇၂၁၉၊ ဦးကျော်ဝင်းအောင် ၁၂/ပဇတ(နိုင်)၀၁၁၄၂၆၊ ဦးတင်ဖေ ၁၂/ဥကတ(နိုင်)၀၂၇၄၉၇၊ ဒေါ်သိန်းထွေး ၁၂/ဥကတ(နိုင်)၀၀၈၄၁၇တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီဝင့် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၄၀၀၉)**
**အမှတ် N 38 နောင်ရိုးလမ်း၊ (၂)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊**
**ဖုန်း-၀၉-၃၁၀၆၆၉၅၁၊ ၀၉-၇၇၈၉၉၇၆၆၁**

---

**မြေငှားစာချုပ်သစ်လျှောက်ထားမှုအား ကန့်ကွက်လိုက ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။**

| | လျှောက်ထားသည့် | | | | | | လျှောက်ထားသူ | |
|---|---|---|---|---|---|---|---|---|
| စဉ် | မြေကွက်အမှတ် | မြေအမည်ပေါက် | မြေတိုင်းရပ်ကွက် | လူနေရပ်ကွက် | မြို့နယ် | တည်နေရာ | အမည် | မှတ်ပုံတင်အမှတ် |
| ၁ | ပ-၄၄၄၀ | ဒေါ်လုံး | ၄/ရွာမရပ် | မင်္ဂလာဒီပရပ်ကွက် | ပုဗ္ဗသီရိ | အမှတ်(ပ-၄၄၄၀)၊ ပုဗ္ဗသီရိမြို့ မင်္ဂလာဒီပရပ်ကွက် | ဦးတင်ထွန်းအေး | ၁၄/ပသန(နိုင်)၀၁၀၃၃၉ |
| ၂ | ပ-၄၄၄၂ | ဦးမြင့်အောင် | ၄/ရွာမရပ် | မင်္ဂလာဒီပရပ်ကွက် | ပုဗ္ဗသီရိ | အမှတ်(ပ-၄၄၄၂)၊ ပုဗ္ဗသီရိမြို့ မင်္ဂလာဒီပရပ်ကွက် | ဦးတင်ထွန်းအေး | ၁၄/ပလန(နိုင်)၀၁၀၃၃၉ |
| ၃ | ပ-၄၄၄၄ | ဒေါ်ခင်မာအေး | ၄/ရွာမရပ် | မင်္ဂလာဒီပရပ်ကွက် | ပုဗ္ဗသီရိ | အမှတ်(ပ-၄၄၄၄)၊ ပုဗ္ဗသီရိမြို့ မင်္ဂလာဒီပရပ်ကွက် | ဦးတင်ထွန်းအေး | ၁၄/ပသန(နိုင်)၀၁၀၃၃၉ |

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံပိုင်သတင်းစာများ ဈေးနှုန်းပြောင်းလဲရောင်းချသွားမည်

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းထုတ်ဝေလျက်ရှိသော The Global New Light of Myanmar သတင်းစာ၏ ပင်ရင်းဈေးနှုန်းများကို တစ်စောင်လျှင် ငွေကျပ် (၅၀)နှုန်းဖြင့် ရောင်းချလျက်ရှိရာမှ ၂၀၁၉ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်၍ ငွေကျပ် (၁၀၀) နှုန်းဖြင့် ပြောင်းလဲရောင်းချသွားမည်ဖြစ်ပါသည်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို စာမျက်နှာ(၃၂)ဖြင့် ပုံမှန်ထုတ်ဝေမှုအပြင် အချို့ရက်များတွင် ကဏ္ဍမျိုးစုံတိုးချဲ့၍ စာမျက်နှာ(၄၀)နှင့် (၄၈)မျက်နှာအထိ အချပ်ပိုများဖြင့် ထုတ်ဝေဖြန့်ချိခြင်း၊ The Global New Light of Myanmar သတင်းစာကို တနင်္ဂနွေနေ့တိုင်း အချပ်ပို ၈ မျက်နှာတိုးမြှင့်ပြီး (၂၄)မျက်နှာဖြင့် ထုတ်ဝေဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ သတင်းစာထုတ်လုပ်မှုစရိတ် မြင့်မားလာမှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှုမရှိစေရန်အတွက် ဈေးနှုန်းပြောင်းလဲရောင်းချမှုကို မလွှဲမရှောင်သာ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း စာဖတ်ပရိသတ်များအား အသိပေးကြေညာအပ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
## ဟောပြောပွဲကျင်းပမည်

| | | |
|---|---|---|
| ဟောပြောပွဲခေါင်းစဉ် | - | ပြည်သူ့အတွက်အာမခံ |
| ဟောပြောဆွေးနွေးမည့်သူများ | - | ဒေါက်တာစန္ဒာဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊မြန်မာ့အာမခံလုပ်ငန်း) |
| ကျင်းပမည့်ရက်နှင့်အချိန် | - | ၂၀၁၉ ခုနှစ် မတ် ၁၇ရက် (တနင်္ဂနွေနေ့)<br>နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီ |
| ကျင်းပမည့်နေရာ | - | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်းခန်းမ၊<br>၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ဆက်သွယ်ရမည့်သူများ | - | ဦးကျော်စွာဝင်း (CGA အသင်းရုံးခန်း)<br>(၀၉-၉၇၈၄၂၃၇၈၄၊ ၀၁-၈၆၁၀၃၆၂)<br>MICPA ရုံးခန်း၊ (ဖုန်း-၀၉-၃၁၇၁၈၁၄၉၊ ၀၁-၂၃၁၄၆၅၃)<br>(ရုံးချိန်အတွင်း) |
| မှတ်ချက် | - | စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ မတ် ၁၅ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ်စာရင်းသွင်းပါရန်။ |

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၈-၃-၂၀၁၉ရက်မှ ၁၄-၃-၂၀၁၉ရက်ထိ နေ့စဉ်နံနက်၉း၃၀နာရီမှ ညနေ ၄ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၄-၃-၂၀၁၉ရက် ညနေ ၄ နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈ ထံသို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

### GWH M & E Engineering Co.,Ltd

**တွင် တာဝန်ထမ်းဆောင်ရန် ရေ/မီး ကျွမ်းကျင်ဝန်ထမ်းများအလိုရှိပါသည်။**

အမှတ် (၃၂၈)၊ ဇလွန်မြင့်လမ်း(၂)၊ (၉၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့သစ်တွင် အပတ်စဉ် (ဗုဒ္ဓဟူးနေ့)နှင့် (စနေနေ့)တိုင်း နံနက် ၉ နာရီမှ ညနေ ၅း၃၀နာရီ အတွင်း ကိုယ်ရေးအချက်အလက်အပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။ Ph: 09-797 389 191

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်မေတ္တာ(က)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၆၅၄၊ မြင်းကင်း)၊ ဦးပိုင်အမှတ်(ပီ-၁၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်ကို ဦးတင်အောင် ၈/မကန(နိုင်)၀၃၄၁၇၉ အမည်ဖြင့် အမှုတွဲအမှတ်(၉၂/၂၀၁၈-၂၀၁၉)အရ နှစ်(၃၀)မြေငှားဂရန်ရရှိထားသော မြေကွက်ကို ဦးခင်မောင်တင့်(ဘ)ဦးဘအေး ၈/မကန(နိုင်)၀၃၃၉၃၆ မှ ဝယ်ယူပြီး ၎င်းအမည်ဖြင့် မြေဂရန်အမည်ပြောင်း ဤရုံးသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်း အထောက်အထားများဖြင့် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ ဒီဇယ်ဆီ (HSD) (4504800-Gals) အား အောက်ပါနေရာများ အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါအမှတ် - ၁၅၉ /မမ/ပတ/ ဒီဇယ်ဆီ(CME) 2018-2019

| စဉ် | ပေးပို့ရမည့်နေရာ | အရေအတွက် (ဂါလံ) |
|---|---|---|
| ၁ | မန္တလေး | 4233700 - Gals |
| ၂ | ဟသ်ာတ | 128000 - Gals |
| ၃ | ပခုက္ကူ | 76000 - Gals |
| ၄ | ကလေး | 27500 - Gals |
| ၅ | စစ်တွေ | 28700 - Gals |
| ၆ | ကျောက်တော် | 8000 - Gals |
| ၇ | ဥဿျှစ်ပင် | 2900 – Gals |
| | စုစုပေါင်း | 4504800- Gals |

တင်ဒါပိတ်မည့် နေ့/အချိန် - ( ၂ . ၄ .၂၀၁၉ ) (အင်္ဂါနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၁.၃.၂၀၁၉) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင် ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352,291988, 291994

# ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သောကုမ္ပဏီများ
# မှတ်ပုံတင်စာရင်း ပြန်လည်ထိန်းသိမ်းနိုင်ရန် ကြေညာချက်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ ပုဒ်မ ၄၂၁(ဃ)အရ အီလက်ထရွန်နစ်ကုမ္ပဏီမှတ်ပုံတင်စနစ်တွင် ကုမ္ပဏီများပြန်လည်မှတ်ပုံတင်ခြင်းအား ၂၀၁၈ခုနှစ် ဩဂုတ် ၁ရက်မှစ၍ ၂၀၁၉ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ ခြောက်လကာလအတွင်း ဆောင်ရွက်ကြပါရန် ကြေညာချက်များ ထုတ်ပြန်ကြေညာပေး၍ ပြန်လည်မှတ်ပုံတင်ခြင်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်သော ကုမ္ပဏီများအားမှတ်ပုံတင်စာရင်းမှ မကြာမီပယ်ဖျက်မည်ဖြစ်ပါသည်။

သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့သောကုမ္ပဏီ သို့မဟုတ်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဆိုင်ရာ စည်းမျဉ်းများအပိုဒ်၄(ဃ)နှင့်အညီ သတ်မှတ်အခကြေးငွေပေးဆောင်၍ ပြန်လည်မှတ်ပုံတင်ခြင်းကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်ရုံးချုပ်)တွင် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ပြန်လည် မှတ်ပုံတင်ရန်ကျန်ရှိသော ကုမ္ပဏီများအနေဖြင့် ၂၀၁၉ခုနှစ် မတ် ၃၀ရက် နောက်ဆုံးထားပြီး ပြန်လည်မှတ်ပုံတင်ခြင်းအား ကိုယ်တိုင်လာရောက်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ယင်းသို့လာရောက်ဆောင်ရွက်ရာတွင် အမိန့်ကြော်ငြာစာ(၆၄/၂၀၁၈)ပါအတိုင်းမှတ်ပုံတင်စာရင်းတွင် ပြန်လည်ထိန်းသိမ်းခြင်းအတွက် သတ်မှတ်အခကြေးငွေပေးဆောင်ရမည်ဖြစ်ကြောင်းနှင့် ၂၀၁၉ခုနှစ် မတ် ၃၀ရက် နောက်ပိုင်းတင်ပြလာသော ပြန်လည်မှတ်ပုံတင်ခြင်းကိစ္စများအား လုံးဝ(လုံးဝ) လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ကုမ္ပဏီများမှတ်ပုံတင်အရာရှိ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

# Times City

မကြာမီဖွင့်လှစ်တော့မည့် Times City Complex ကြီးတွင် နိုင်ငံခြားနီးမြှုပ်နှံမှုဘဏ်ကြီးများ တစ်စုတစ်ဝေးထဲ ဖွင့်လှစ်သွားမည့် Financial Center ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအဖွဲ့ အစည်းများ စုစည်းဖွင့်လှစ်မည့် International Commerce of Chambers Organization Center ၊ ဥပဒေဆိုင်ရာ အကြံပေး အဖွဲ့ အစည်းများအတွက် Law Firm တို့ ကို Times City Office Tower ၌ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ရုံးခန်းဖွင့်လှစ်ရန် ငှားရမ်းလိုသော အဖွဲ့ အစည်းများအတွက် အထူးနှုန်း၊ အထူးခံစားခွင့်များဖြင့် ဝန်ဆောင်မှုများ ပေးနေပါသောကြောင့်ဟံသာဝတီလမ်း နှင့် ကျွန်းတောလမ်းကြားရှိ Times City Information Center သို့လာရောက် လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။



စီးပွားရေးလုပ်ငန်းရှင်များ၏ ဆုံမှတ်၊ ရင်းနှီးမြှုပ်နှံသူများအတွက် အကြီးမားဆုံးအခွင့်အရေး၊ တစ်နေရာထဲတွင် ပြီးပြည့်စုံသည့်ဝန်ဆောင်မှုများဖြင့် ဈေးဝယ်သူများ၏ နံပါတ်တစ်ရွေးချယ်မှု ဖြစ်လာမည့် TimesCity Complex ကြီးရှိ ရုံးခန်း၊ ဆိုင်ခန်းများကို အထူးဈေးနှုန်းများဖြင့် ငှားရမ်းနိုင်ရန် Information Center အား နေ့စဉ် နံနက် (၉း၀၀) နာရီ မှ ညနေ (၅း၀၀) အထိ ဖွင့်လှစ် ထားပါကြောင်း အထူးသတင်း ကောင်းပါးအပ်ပါသည်။

လိပ်စာ - Times City ၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်းနံပါတ် - 09-765800800 , 09-764800800 , 09-5045777

- Website - http://www.timescity.com.mm
- Facebook - Times City Yangon - Myanmar
- Email - timescityproject@gmail.com


## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/7795 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4G/5426 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲ)**

## အမှားပြင်ဆင်ချက်

၂-၃-၂၀၁၉ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာကြော်ငြာ(၂၇) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် တရားရှူံးတို့၏ကိုယ်စား ဘိလစ်ဒေါ်နန့် ဆန်းသိန်း၁၂/ဥကတ(နိုင်) ၀၄၇၆၁၆ အစား ဘိလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

## ကုမ္ပဏီအမှတ်တံဆိပ်အမည်အမှတ်အသားအသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရတနာအနောက်ရပ်ကွက်၊ ၃၆လမ်း၊ ၈၃×၈၄ကြားနေ ဦးသွန်းထက်ဝင်းဆွေ ၉/မဟမ(နိုင်)၀၂၉၃၈၈၏ လွှဲအပ်ညွှန်ကြားချက်အရ Choice Mart အမည်ရှိ အောက်ဖော်ပြပါ ကုမ္ပဏီအမည်အမှတ်တံဆိပ်အမှတ်အသားကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၄၀၉၉/၂၀၁၉)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ Choice Mart အမည်အမှတ်တံဆိပ် အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံး၌ လိုအပ်သလို ဝန်ဆောင်မှုလုပ်ငန်းများ၊ လူသုံးကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဖြန့်ဖြူးရေးလုပ်ငန်းများ အစရှိသည့် လုပ်ငန်းရပ်အသီးသီးတွင် အသုံးပြု၍ လုပ်ငန်းခွဲများ ထပ်မံဖွင့်လှစ်တိုးချဲ့လုပ်ကိုင်ရာတွင် အသုံးပြုသွားရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ Choice Mart အမည်ရှိ ဝန်ဆောင်မှုလုပ်ငန်းများအား မန္တလေးမြို့တွင် လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းမူပိုင်ဖြစ်သော Choice Mart ဟူသော ကုမ္ပဏီအမှတ်တံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အဆိုပါ Choice Mart ဟူသော အမှတ်အသား၏ အရှေ့မှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ အနောက်မှလည်းကောင်း တစ်စုံတစ်ရာစာတမ်းများ ဖြည့်စွက်၍ တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်ခြင်းမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ ကုမ္ပဏီ၏အမှတ်တံဆိပ်အား တုပသုံးစွဲဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးသွန်းထက်ဝင်းဆွေ**
**၉/မဟမ(နိုင်)၀၂၉၃၈၈**
**(Managing Director)**
**Choice Mart Co.,Ltd.**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြတ်သူ**
**LL.B, Dip.in Business Law**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်(၁၁၆၄၁/၁၆)**
**၄၂လမ်း၊ ၆၅×၆၆လမ်းကြား၊ မေတ္တာလမ်းသွယ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့**

## ပျောက်ဆုံးကြောင်း

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် လုပ်သက်စာအုပ်အမှတ် ရန် ၆၀၈၀/၁၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးအောင်မျိုးဦး ဖုန်း-၀၉-၅၄၀၉၃၆၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် ၁၃/၂၊ ဦးပိုင်အမှတ်၃၄/(ခ)၊ ဧရိယာ ၀ဒသမ၁၀၉ဧကရှိ မြေကွက်အား ဒေါ်ဂျာဆိုင်း ၁/မကန(နိုင်)၀၆၅၆၆အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး သမီး ဒေါ်ခေါန်လွမ်(ခ)တင်တင်မေနှင့် မြေး ဦးကေဆိုင်းအောင်လှိုင်(ခ)ဆိုင်းအောင်လှိုင်တို့အား စာချုပ်စာတမ်းဖြင့် ၁၀-၄-၂၀၀၂ ရက်စွဲပါ အိမ်ခြံမြေ လွှဲပြောင်းပေးအပ်ခြင်းကတိဝန်ခံချက်စာချုပ်ချုပ်ဆို၍ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးဌာန၏ ၂-၈-၂၀၁၈ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၂၅၅/၂၀၁၈ဖြင့် စာချုပ်ချုပ်ဆို၍ ဒေါ်ခေါန်လွမ်(ခ)တင်တင်မေ ၁/မကန(နိုင်)၀၆၅၅၈၁၊ ဦးကေဆိုင်းအောင်လှိုင်(ခ)ဆိုင်းအောင်လှိုင် ၉/ဝတန(နိုင်)၁၃၄၇၃၈တို့(၂)ဦးအမည်ဖြင့် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ မြေငှားဂရန်(အသစ်) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(အသစ်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာအုပ်စု၊ ညောင်ရွာကျေးရွာနေ ဦးကျော်အေး ၁၂/တတန(နိုင်)၀၁၉၂၇၆နှင့် ဦးဝင်းထွန်းနိုင် ၁၂/တတန(နိုင်)၁၄၀၈၆၈၊ ဒေါ်သက်သက်ကျော် ၁၂/တတန(နိုင်)၁၆၁၉၈၈ ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ခတ္တိယကျေးရွာအုပ်စု၊ ညောင်ရွာကျေးရွာနေ ဦးကျော်အေးပိုင်ဆိုင်သည့် အိမ်ခြံမြေ လယ်ယာမြေများအားလုံးနှင့် ပတ်သက်၍ ဦးဝင်းထွန်းနိုင် ၁၂/တတန(နိုင်)၁၄၀၈၆၈နှင့် ဒေါ်သက်သက်ကျော် ၁၂/တတန(နိုင်)၁၆၁၉၈၈ ကိုင်ဆောင်သူတို့အား အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ထားပြီး ဦးကျော်အေး၊ ဦးဝင်းထွန်းနိုင်နှင့် ဒေါ်သက်သက်ကျော်တို့သာ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းနှင့် ၎င်းတို့မှလွဲ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းများ ပြုလုပ်၍မရကြောင်းနှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲလင်းနိုင် LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၃၆၄၁၉/၁၁)**
**အမှတ်(၇၃၉)၊ သန္တာ(၁၇)လမ်း၊**
**(င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၄၈၀၁၃၇၉၆**

**ဒေါ်နှင်းနှင်းဦး LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၈၉၀၅/၁၇)**
**အမှတ်(၁၈၁)၊ သုနန္ဒာ(၁၅)လမ်း၊**
**(ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၂၉၀၈၆၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/39051 ယာဉ်လက်ဝယ်ရှိသူ ဦးမြညွှန့် ၁၂/လကန(နိုင်) ၀၂၂၂၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ လိပ်ဆင်းတောင်ကျေးရွာနေ ဒေါ်ဆန်ရှိ ၅/ကလန(နိုင်)၀၂၄၆၀၁၏သမီး မခင်နေဝင်း ၅/ကလန(နိုင်)၀၄၅၉၆၂ သည် မိခင်နှင့် ညီအစ်ကိုမောင်နှမများကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ဆိုဆုံးမမှုကိုမနာခံဘဲ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)** **ဒေါ်ဆန်ရှိ**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ တိုက်အမှတ်(B3)၊အခန်းအမှတ်(၆၂၂)၊ Type(B+)ဟု ခေါ်တွင်သောတိုက်ခန်းနှင့် တိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလ ၇ရက်တွင် ပြုလုပ်ချုပ်ဆိုသည့် ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် Thanlyin Estate Development Ltd. (၁၁၅၈/၂၀၁၀-၂၀၁၁)ထံမှ ဦးအောင်ဇော်မိုး ၁၁/တကန(နိုင်)၀၀၀၂၁၂ နှင့် ဒေါ်စန်းစန်းကြွယ် ၁၁/တကန(နိုင်)၀၆၀၂၈၃တို့မှ တရားဝင်ဝယ်ယူပြီး လက်ဝယ်ရရှိပိုင်ဆိုင်ထားသည့် တိုက်ခန်းဖြစ်ပါသည်။ ၎င်းတို့ထံမှ ဒေါ်ချယ်ရီအေးနွယ် (Passport-541222862)နှင့် ဒေါ်ဆွေဆွေ ၁၃/တကန(နိုင်)၀၂၅၁၉၂တို့မှ တရားဝင်ဝယ်ယူပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အမည်ပြောင်းလျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကန့်ကွက်လိုပါက ယနေ့မှစ၍ ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးအေးရီ LL.B** — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

**ဒေါ်လှလှခိုင် LL.B** — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၂၀၁A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**၂-၂-၂၀၁၉ ရက်စွဲနှင့် ၆-၂-၂၀၁၉ ရက်စွဲပါ**
**မြန်မာ့အလင်းသတင်းစာတွင်**
**မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊**
**ပျော်ခင်းသာကျေးရွာနေ**
**ဦးသန်းအောင် ၉/မခန(နိုင်)၁၃၀၇၃၅ နှင့်**
**အများသိစေရန် ကြေညာချက်အား**

## ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ နယ်မြေ(၁)၊ အိမ်အမှတ်(၄၄)နေ ဒေါ်ဝင်းကြည်(ဘ)ဦးပြေ ၉/မခန(နိုင်)၀၀၈၇၅၄ နှင့် မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၊ နယ်မြေ(၉)၊ အိမ်အမှတ်(၄၅၇-င)နေ ဒေါ်ခင်စန်း(ဘ)ဦးပြေ ၉/မခန(နိုင်)၀၀၈၈၄၅တို့မှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်မတို့ ညီအစ်မနှစ်ဦးသည် ၂-၂-၂၀၁၉ ရက်နှင့် ၆-၂-၂၀၁၉ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ပျော်ခင်းသာကျေးရွာနေ ဦးသန်းအောင် ၉/မခန(နိုင်)၁၃၀၇၃၅နှင့် အများသိစေရန် ကြေညာချက်အား ထည့်သွင်းကြေညာခဲ့ပါသည်။

ထိုကြေညာချက်တွင် ပါရှိသည့် ယာမြေများ၏ ပုံစံ(၇)မှာ ဦးသန်းအောင်အနေဖြင့် တရားဝင်ရရှိထားသော ပုံစံ(၇)ဖြစ်ပါကြောင်းနှင့် အဆိုပါကြေညာချက်များနှင့်ပတ်သက်ပြီး ဦးသန်းအောင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ထင်ယောင်ထင်မှားဖြစ်စေရန် ကြေညာချက်အား ထည့်သွင်းမိပါသဖြင့် ပြန်လည်ရုပ်သိမ်းတောင်းပန်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည်၊ ဒေါ်ခင်စန်း**

## ဦးကြည်မိုးလှိုင်
**ဧည့်လမ်းညွှန်(အီတာလျံ)**
**MOE INTERNATIONAL ENGLISH SCHOOL**
**အသက်(၄၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နေ (ဦးဂျိုးဇက်-ဒေါ်ရွှေနှံ)၊(ဦးသောင်း-ဒေါ်အေးရင်)တို့၏မြေး၊ (ဦးလှရွှေ-ဒေါ်ထားရွှေ)တို့၏သား၊ (ဦးကျော်ဇော-ဒေါ်ရင်နု)တို့၏သားသမက်၊ ဦးကိုကိုခိုင်(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်စန်းစန်းမော်(ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)၊ ဒေါ်ကြည်ကြည်မော်(ဧည့်လမ်းညွှန် အီတာလျံ)၊ ဒေါ်ခိုင်ခိုင်မော်(MRTV)၊ (ဦးတင်ရွှေ)-ဒေါ်သိန်းဝေ၊ ဒေါ်မြသီ၊ ဦးစိုးဝင်း-ဒေါ်သန်းသန်းအေး တို့၏ညီ/မောင်၊ မောင်ရဲထက်သူ၊ မမြတ်သီရိဝင်းတို့၏ဖခင်၊ ဒေါ်သီတာဝင်း၏ခင်ပွန်းသည် ၉-၃-၂၀၁၉ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ဒလမြို့၊ ဗိုလ်ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာ ၁လမ်း၊ အမှတ် ၁၁၇၁ နေအိမ်မှ ဓနိတောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၃-၂၀၁၉ရက်(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ကိုကြည်မိုးလှိုင် (ဧည့်လမ်းညွှန်-အီတာလျံ) ၉-၃-၂၀၁၉ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒလ၊ အထက(၁)ကျောင်းသားဟောင်းများအဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသာခင်(ခ)ဦးခင်ဇော်
**အသက်(၇၃)နှစ်**

ဆေးတက္ကသိုလ်၊ မကွေး ဥပဒေရေးရာ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဇော်ဦး၏ဖခင် ဦးသာခင်(ခ)ဦးခင်ဇော်သည် ၉-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဥပဒေရေးရာ ဆေးပညာဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသာခင်(ခ)ဦးခင်ဇော်
**အသက်(၇၃)နှစ်**

ဆေးတက္ကသိုလ်၊ မကွေး ဥပဒေရေးရာ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဇော်ဦး၏ဖခင် ဦးသာခင်(ခ)ဦးခင်ဇော်သည် ၉-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဥပဒေရေးရာ ဆေးပညာဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသာခင်(ခ)ဦးခင်ဇော်
**အသက်(၇၃)နှစ်**

ဆေးတက္ကသိုလ်၊ မကွေး ဥပဒေရေးရာ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဇော်ဇော်ဦး၏ဖခင် ဦးသာခင်(ခ)ဦးခင်ဇော်သည် ၉-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်၊ မန္တလေး ဥပဒေရေးရာ ဆေးပညာဌာနမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာခင်ထားရီ
**ပါမောက္ခဌာနမှူး(ငြိမ်း)**
**သားဖွားမီးယပ်ပညာဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**
**အသက်(၆၃)နှစ်**

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန် သားဖွားမီးယပ်ပညာဌာန၊ ပါမောက္ခဌာနမှူး(ငြိမ်း)၊ ပါမောက္ခ ဒေါက်တာခင်ထားရီသည် ၉-၃-၂၀၁၉ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ် ပညာဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာခင်ထားရီ
**ပါမောက္ခဌာနမှူး(ငြိမ်း)**
**သားဖွားမီးယပ်ပညာဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**
**အသက်(၆၃)နှစ်**

ဆေးတက္ကသိုလ်(၂)၊ ရန်ကုန် သားဖွားမီးယပ်ပညာဌာန၊ ပါမောက္ခဌာနမှူး(ငြိမ်း)၊ ပါမောက္ခ ဒေါက်တာခင်ထားရီသည် ၉-၃-၂၀၁၉ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သားဖွားမီးယပ်ပညာဌာန**
**ဆေးတက္ကသိုလ်၊ မန္တလေး**

သင့်သွေးဖြင့်
အသက်ကယ်ပါ

## ဒေါ်ခင်စိန်ဦး (လဝက၊ ငြိမ်း)
**အသက်(၉၄)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးကျော်ကြီး-ဒေါ်မသာ)တို့၏သမီး၊ (ဦးကျော်ဖုံဖြူ)၏ ဇနီး၊ (ဦးခင်ဇော်မင်း)-ဒေါ်မသိန်းနု၊ (ဦးခင်ဇော်ဝင်း)-ဒေါ်စန်းသော်တာ၊ ဦးခင်ဇော်လင်း-ဒေါ်မခင်ဦး၊ ဦးဇော်ဇော်(ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်မာဖြူ၊ (ဦးထွန်းဇော်-ဒေါ်လှရီ)တို့၏ ချစ်လှစွာသောမိခင်၊ မနုမင်းသန္တာ၊ မနွယ်နီ၊ မမြင့်စန္ဒီဇော်၊ မောင်ဝေယံဇော်ဦး၊ မောင်ထူးအောင်ဇော်၊ မောင်ဇော်ဟိန်းလတ်၊ မောင်ညီနိုင်၊ မောင်ဟန်ဇော်ထွန်းတို့၏အဘောင်ရှင်၊ မြစ်ငါးယောက်တို့၏အဖီးရှင်သည် ၉-၃-၂၀၁၉ ရက် (စနေနေ့) ည ၉း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ရာဒါကောင်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းရှိန်(ခ)ဒေါ်သံချောင်း
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် နေ(ဦးကြူဝိန်-ဒေါ်ဖွားခင်)တို့၏သမီး၊ (ဦးစံကြွယ်)၏ ဇနီး၊ (ဦးမြတင်)၊ ဦးဘငွေ-ဒေါ်ကျင်ရီ၊ ဒေါ်ညွန့်ရီ၊ ဦးတင့်ရွှေ-ဒေါ်မြစိန်၊ (ဦးပါကြီး)-ဒေါ်တင်နွယ်တို့၏ညီမ၊ [ဦးဖိုးလုံး(ခ)ဦးမျိုးသန့်)-ဒေါ်အေး(ခ)ဒေါ်စန်းကြည်၊ ဦးခင်ဇော်-ဒေါ်အေးအေးသိန်း၊ ဦးမျိုးမင်းဇော်-ဒေါ်ခင်အေးရီ၊ (ဦးအေးကို-ဒေါ်မြရီ)၊ ဦးကျော်ဝင်း-ဒေါ်ချိုချိုစိုးတို့၏အစ်မ၊ (ဦးခင်မောင်ဝင်း)-ဒေါ်ဝင့်ဝင့်ကြွယ်၊ ဦးစိုးဇေယျာ-ဒေါ်သူဇာမျိုး၊ ဦးကျော်ဇေယျ-ဒေါ်မင်းမင်းမျိုးတို့၏မိခင်သည် ၉-၃-၂၀၁၉ရက် (စနေနေ့)ည ၁၁း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ရက် (တနင်္လာနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆ နာရီတွင် မော်လမြိုင်မြို့၊ ဈေးကြီးဒေါင်းဇရပ်၊ ကင်ပွန်းခြံလမ်း၊ အမှတ်(၄)သို့ ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာ ခင်ထားရီ
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)သားဖွားမီးယပ်ပညာဌာန**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**
**အသက်(၆၃)နှစ်**

ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ သားဖွားမီးယပ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး(ငြိမ်း) ဒေါက်တာ ခင်ထားရီ သည် ၉-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ/ဌာနမှူးနှင့်**
**သားဖွားမီးယပ်ဆရာဝန်များ**
**သားဖွားမီးယပ်ပညာဌာန**
**ဆေးတက္ကသိုလ်၊ တောင်ကြီး**
**အမျိုးသမီးနှင့် ကလေးဆေးရုံကြီး**
**တောင်ကြီးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ပါမောက္ခ ဒေါက်တာ ခင်ထားရီ
**ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ သားဖွားမီးယပ်ပညာဌာန၊**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**
**အသက်(၆၃)နှစ်**

လေးစားခင်မင်ရပါသော ဆရာမကြီး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ထားရီသည် ၉-၃-၂၀၁၉ ရက်(စနေနေ့)နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ပင်လုံဆေးရုံများအုပ်စု**

**ရွှေဂုံတိုင်ဆေးရုံ၊ ပင်လုံဆေးရုံ**
**SSC Women's Centre မိသားစု**

## ဦးခင်မောင်ချစ် (လ/ထ အကောက်ခွန်မှူး)
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၆၉၊ အခန်း(၂၀၂)နေ (ဦးအုန်းတင်-ဒေါ်ခင်ခင်အေး)တို့၏သား၊ (ဦးပီတာ-ဒေါ်ချယ်ရီ)တို့၏သားသမက်၊ ဦးခင်မောင်တင့်-Edith စိန်မင်း(U.S.A)၊ ဒုတိယဗိုလ် မှူးကြီးခင်မောင်မြင့်(ငြိမ်း)-ဒေါ်ဝင်းဝင်းမြ၊ဒေါ်မြစန္ဒာ၊ ဦးခင်မောင်သစ်(Ex. C/O)-ဒေါ်သင်းသင်းဦး(MIU)၊ ဗိုလ်မှူးကြီးခင်မောင်ဆင့်(ငြိမ်း)(ကျောင်းအုပ်ကြီး၊ လေကြောင်းပညာသိပ္ပံ)-ဒေါ်သန္တာအောင်တို့၏ညီ/အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ ဦးလေး၊ မြေးခြောက်ယောက်တို့၏ အဘိုးလေးသည် ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးခင်မောင်ချစ် (လ/ထ အကောက်ခွန်မှူး)
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၆၉၊ အခန်း(၂၀၂)နေ (ဦးအုန်းတင်-ဒေါ်ခင်ခင်အေး) တို့၏သား၊ (ဦးပီတာ-ဒေါ်ချယ်ရီ)တို့၏သားသမက်၊ ဒေါ်အက်စတာ၏ချစ်လှစွာသောခင်ပွန်း၊ မအေးအေးစု၊ မသံစဉ်ချစ်(Prestige Int'l Language)၊ မောင်ဘုန်းသက်နိုင်(ခ) ဒိုးဒီ(ပထမနှစ်၊ ဘူမိဗေဒ)တို့၏ဖခင်၊ ဦးညီညီ၊ ဒေါ်စာရားတို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေး၊ မြေးခြောက်ယောက်တို့၏အဘိုးလေးသည် ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပို့လွှတ်တော်မူခြင်း
## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့၊ တိပိဋက ဥဘတောဝိဘင်္ဂဓရဘွဲ့၊ နိကာယဒွေတက ဥဘတောဝိဘင်္ဂဓရဘွဲ့၊ နိကာယဝိဒူ သမိတိ ဥဘတောဝိဘင်္ဂဓရဘွဲ့၊ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့၊ ဘွဲ့တံဆိပ်တော်(၆)ခုရရှိတော်မူသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တသောဏ M.A(Buddhism) သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ဝမ်းသာရွာနေ ခမည်းတော် ဦးအောင်ရင်-မယ်တော် ဒေါ်ဝိုင်းစိန်တို့၏သားရတနာ ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ စက်မှု(၁) တောင်ဇီလာ(ဘိလပ်မြေစက်ရုံ)အနီး စက်ရုံဦးကျောင်းတိုက်၊ ဘွဲ့တံဆိပ်တော်(၆)ခုရရှိတော်မူသော ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသောဏ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်သည် (၁၃၈၀ပြည့်နှစ် တပေါင်းလဆန်း ၃ရက်) ၈-၃-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဘဝနတ်ထံပို့လွှတ်တော်မူသွားပါသဖြင့် (၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၈ရက်) ၁၃-၃-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် အန္တိမအဂ္ဂိစျာပန ပူဇာသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ဒါယိကာမတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများ

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်သန်းရှု (မြိတ်)
**အသင်းဝင်အမှတ်(၆၈၀)**
**အသက်(၁၀၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက် ၃ လမ်း၊ ကမ္ဘာ အေးအိမ်ရာ၊ တိုက် ၁၇၊ အခန်း ၀၀၂နေ (ဦးလွန်းတင်)၏ ဇနီးသည် ၇-၃-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

(မြိတ်အသင်းမှ ကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

## ဦးကျော်ဝင်း
**(ရွှေမြင်တင်ဆေးတိုက်)**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ကျောက်မြောင်း အရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ် ၁၄နေ (ဦးညို-ဒေါ်သန်းရီ) တို့၏သား၊ (ဦးတူး-ဒေါ်နု) တို့၏ သားသမက်၊ ဒေါ်ချိုချိုအေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိန်မြင့်-ဒေါ်သန်းသန်းအေး၊ (ဦးသက်တင်)-ဒေါ်အေးအေးခိုင်၊ (ဦးမိုးမြင့်)-နော်အဲဆဲတို့၏အစ်ကို၊ ကိုဇော်မင်း၊ ကိုအောင်ကျော်ကျော်၊ မဝင့်ဝင့်ကျော်၊ မဆုဝေထွန်းတို့၏ဖခင်၊ မြေး ငါးယောက်၊ တူ၊ တူမ ရှစ်ယောက်တို့၏ ဘကြီးသည် ၁၀-၃-၂၀၁၉ရက်မွန်းလွဲ၂ နာရီတွင် ကွယ်လွန်သွားပါသည်။

(သင်္ဂြိုဟ်မည့်ရက်ကိုထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုးပိုင်(ခ)
## အီစွပ်ဘိုင်
**ဒုရဲအုပ်(ငြိမ်း)**
**အသက်(၇၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်မင်္ဂလာ ၃လမ်းသွယ်၊ အမှတ် ၃၅နေ ဦးစိုးပိုင်သည် ၉-၃-၂၀၁၉ရက်(စနေနေ့) နံနက် ၁း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ပဲခူး ဦးမြသောင်း (မြန်မာမှု)
**အသက်(၇၈)နှစ်**

ပဲခူးမြို့၊ ကြည်တော်ကုန်းနေ ဦးပါ-ဒေါ်အေးမြင့်တို့၏သား၊ ပဲခူးမြို့နေ ဦးစံမြင့်-ဒေါ်ခင်အေးစန်းတို့၏အစ်ကို၊ ရန်ကုန်မြို့နေ ပဲခူးဦးမောင်ကို(မြန်မာမှု)-ဒေါ်မြင့်မြင့်စန်းတို့၏ဦးလေး၊ ဦးကြည်သိန်း-(ဒေါ်မြမြမိုး)၊ ဒေါ်တင်တင်မိုး၊ ဦးသောင်းထိုက်(မြန်မာမှု)-ဒေါ်ခင်မမငွေး၊ ဦးနေအောင်မျိုး-ဒေါ်ဝေဝေဟန်၊ ဒုရဲအုပ်ဦးအောင်မြင့်မော်-ဒေါ်ဇင်ဇင်တို့၏ဖခင်၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၂၇နေ ဒေါ်အေးသန်း၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၁၉ရက်(စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၃-၂၀၁၉ရက် (သောကြာနေ့)နံနက်တွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ (၈)ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် ၂၇နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးခင်မောင်ဂျက်ကို
**B.Sc,B.P.M.S(First Batch)**
**Cytology (Melbourne)**
**ကင်ဆာရှာဖွေရေး-ဗဟိုအမျိုးသမီးဆေးရုံ(ငြိမ်း)**
**အသက်(၇၇)နှစ်**

ပြည်မြို့နေ (ဆရာဦးကို-ဒေါ်ရွှေ)တို့၏သား၊ ဒေါ်ချိုချိုအောင်၏ခင်ပွန်း၊ ဦးအောင်နိုင်ကို-ဒေါ်ဝါဝါဆင့်၊ ဦးအောင်သူကို-မလင်းကြည်ဖြူသန့်၊ မခင်ထိုက်ထိုက်ကို-(ဦးကျော်ကျော်စိုး)တို့၏ဖခင်၊ မအေမီကို(ဒဂုံတက္ကသိုလ်)၊ မဖူးပြည့်စုံ၊ မအက်စတာမောင်၊ မဖြူပုရစ်ဖူး(Total School)၊ မောင်ဘုန်းမြတ်သူ(Total School)၊ မမြနှင်းလေပြေ(Total School)၊ Raim Daewar(ILBC School)၊ Demmis Naywar (ILBC School)တို့၏အဘိုးသည်၁၀-၃-၂၀၁၉(တနင်္ဂနွေနေ့) နံနက် ၅း၅၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၂-၃-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးခင်မောင်ဂျက်ကို B.Sc,B.P.M.S (First Batch)
**Cytology (Melbourne)**
**ကင်ဆာရှာဖွေရေး-ဗဟိုအမျိုးသမီးဆေးရုံ(ငြိမ်း)**
**အသက်(၇၇)နှစ်**

ပြည်မြို့နေ (ဆရာဦးကို-ဒေါ်ခင်ရွှေ)တို့၏သား၊ (ဒေါ်ခင် သန်းရီကို-ဦးဗဆွေ)၊ (ဦးခင်မောင်ကို)-ဒေါ်ချစ်ယဉ်နု၊ (ဒေါ်ခင်သန်းတီကို-ဦးစောဝင်း)၊ (ဒေါ်ခင်သန်းနီကို-ဗိုလ်မှူးစိန်လှိုင်တင်)၊ ဦးခင်မောင်ဖုဏ်းကို-Daw Pit Eng (စင်ကာပူ)၊ (ဒေါ်ခင်သန်းစီကို-ဦးမောင်ကြိုင်)တို့၏ညီ/မောင်သည် ၁၀-၃-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၅၁ နာရီတွင် ဝိတိုရိယဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွား ပါသဖြင့် ၁၂-၃-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုဆုတောင်းပြီး မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား တရားဝင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရန် စီစဉ်လျက်ရှိ

**ချင်းမိုင် မတ် ၁၀**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်နိုင်ရန်၊ အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တရားဝင်တွေ့ဆုံဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရန်အတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူး ဦးခင်ဇော်ဦး ဦးဆောင်သည့်အဖွဲ့သည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် ကရင် အမျိုးသားအစည်းအရုံး(KNU)၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၀) ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST)တို့နှင့် အလွတ်သဘောတွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး NCA စာချုပ်လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့်လည်း အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူးနှင့်အဖွဲ့သည် မတ် ၈ ရက် ညနေပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး(KNU) ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ မတ် ၉ ရက် နံနက်ပိုင်းတွင် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၀) ဖွဲ့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) နှင့်လည်းကောင်း၊ မတ် ၁၀ ရက် နံနက်ပိုင်းတွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

KNU၊ PPST၊ KNPP တို့နှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရာတွင် အစိုးရကိုယ်စားလှယ်များအဖြစ် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးခင်ဇော်ဦး၊ အဖွဲ့ဝင် ဦးအောင်စိုး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ နည်းပညာအထောက်အကူပြုအဖြစ် ဦးကျော်လင်းဦးတို့ ပါဝင်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❐



ငြိမ်းချမ်းရေးကော်မရှင် (PC) အတွင်းရေးမှူးနှင့်အဖွဲ့ ကရင်အမျိုးသားအစည်းအရုံး (KNU) ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မတ် ၈ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

# မြန်မာ ယူ-၂၂ အသင်းအတွက် အရေးပါသည့် အာရှ ယူ-၂၃ ခြေစစ်ပွဲ

**ရန်ကုန် မတ် ၁၀**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲကို ယခုလအတွင်း ကျင်းပတော့မည်ဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် လေ့ကျင့်မှုများပြင်းပြင်းထန်ထန် ပြုလုပ်လျက်ရှိသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှ ယူ-၂၃ ခြေစစ်ပွဲကို အုပ်စု ၁၁ ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (I) တွင် ဂျပန်၊ မကာအို၊ တီမောအသင်းတို့နှင့် ကျရောက်နေသည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် ထိပ်ဆုံးလေးသင်း၊ စုစုပေါင်း ၁၅ သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမဆုံးကျင်းပသည့် ၂၀၁၄ ပြိုင်ပွဲတစ်ကြိမ်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး နောက်ပိုင်းကျင်းပသည့် ၂၀၁၆၊ ၂၀၁၈ ပြိုင်ပွဲများတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေ။ မြန်မာအသင်းသည် ခြေစစ်ပွဲမအောင်သည့် *စာမျက်နှာ ၁၀ ကော်လံ ၄* ◆



မတ် ၉ ရက်က မြန်မာ ယူ-၂၂ အသင်းနှင့် နီဂါတာအသင်း ခြေစမ်းပွဲကစားနေစဉ်။ ဓာတ်ပုံ-စိုးညွှန့်




AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်မည့် ရန်ကုန်ယူနိုက်တက်အသင်း။ ဓာတ်ပုံ -YUFC

# ရန်ကုန်အသင်း AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ရန် ကမ္ဘောဒီးယားသို့ ထွက်ခွာ

**ရန်ကုန် မတ် ၁၀**

၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု ဒုတိယပွဲယှဉ်ပြိုင်ရန် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့ညနေပိုင်းက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင်မြို့သို့ ထွက်ခွာသွားသည်။

ရန်ကုန်အသင်းတွင် **အဖွဲ့ ခေါင်းဆောင်**-ဦးနိုင်ဇော်မင်း၊ **အုပ်ချုပ်သူ** - ဦးမြင့်သိန်း၊ **နည်းပြချုပ်** - ဦးမျိုးမင်းထွန်း၊ **နည်းစနစ် ဒါရိုက်တာ** - ဦးဉာဏ်ဝင်း၊ **ဂိုးနည်းပြ** - ဦးဝင်းနိုင်၊ **လက်ထောက်နည်းပြ** - ဦးသူရဆွေ၊ **ဂိုး** - ကျော်ဇင်ထက်၊ ဆန်းဆက်နိုင်၊ **နောက်တန်း** - မိုကာလူး၊ ပြည့်ဖြိုးဇော်၊ ထူးခန့်လွင်၊ သူရိန်စိုး၊ နန်းဝေမင်း၊ သီဟဇော်၊ မင်းကျော်ခန့်၊ *စာမျက်နှာ ၁၀ ကော်လံ ၄* ✻

## နိုင်ငံပိုင်သတင်းစာများ ဈေးနှုန်းပြောင်းလဲရောင်းချမည်

**နေပြည်တော် မတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းထုတ်ဝေလျက်ရှိသော The Global New Light of Myanmar သတင်းစာတို့၏ ပင်ရင်းဈေးနှုန်းများကို တစ်စောင်လျှင် ငွေကျပ် (၅၀) နှုန်းဖြင့် ရောင်းချလျက်ရှိရာမှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ငွေကျပ် (၁၀၀) နှုန်းဖြင့် ပြောင်းလဲရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

